www.free4readers.com

ပြည်မြန်မာ သတင်းဂျာနယ်

PYI MYANMAR NEWS JOURNAL

www.pyimyanmarnews.com အမှတ် (၁၇၇) 16-5-2019 ( ကြာသပတေးနေ့ )

တိုင်းရင်းသားကျေးရွာကို အဆင့်မြှင့်တင်မည့် Master Plan အတွက် တင်ဒါခေါ်မည်

စာ-၅

# ကိုရီးယားနှင့် ပူးပေါင်းဆောင်ရွက်သည့် စစ်တွေမြို့သစ် အခြေခံအဆောက်အအုံတည်ဆောက်မှု စတင်

ရခိုင်ပြည်နယ်အစိုးရနှင့် ကိုရီးယား ကုမ္ပဏီ BXT International Co., Ltd. တို့မှ အကျိုးတူပူးပေါင်းဖော်ဆောင်နေသော စစ်တွေမြို့သစ်စီမံကိန်း(မြေဖို့မြေယာစီမံကိန်း) ၏ မြေဖို့ခြင်းလုပ်ငန်းများ ၁၀၀ရာခိုင်နှုန်း ပြီးစီးကာ လမ်း၊ ရေနုတ်မြောင်းနှင့် ဓာတ်တိုင်များကို တည်ဆောက်နေပြီဖြစ်ကြောင်း သိရသည်။

၂၀၁၆ ခုနှစ် မတ်လတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ၏ ခွင့်ပြုချက်ရပြီးဖြစ်သည့် ယခုစီမံကိန်းသည် စစ်တွေမြို့လယ်ခေါင်နှင့် ဘေးချင်းကပ်တည်ရှိပြီး နောက်သုံးနှစ်အတွင်း စစ် တွေမြို့လယ်ဖြစ်လာမည်ဖြစ်ကြောင်း ထို့ပြင် စီမံကိန်းတွင် စင်ကာပူနိုင်ငံ၏ မြေဖို့ခြင်းနည်းပညာကို အသုံးပြုထားပြီး ကွန်ကရစ် ရေတားနံရံ (Retaining Wall) များ ထည့်သွင်းတည်ဆောက်ထားသဖြင့် မြေသားခိုင်မာမှုရှိကြောင်း သိရသည်။ ''ဒီစစ်တွေမြို့ မြေဖို့မြေယာစီမံကိန်းဟာ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုး တက်ရေးအတွက် အလွန်အရေးပါတဲ့ အခန်းကဏ္ဍတစ်ခုအဖြစ်ရှိမှာဖြစ်ပါ တယ်။ နိုင်ငံတကာ အဆင့်မီဟိုတယ်တွေ၊ စားသောက်ဆိုင်တွေ၊ ကွန်ဒိုအခန်းတွေ၊ စုပေါင်းအိမ်ရာတွေ၊ ကုန်သွယ်မှုစီးပွားရေးဇုန်တွေ ပေါ်ပေါက်လာနိုင်တာကြောင့် ရခိုင်ဒေသရဲ့ . . .

စာ-၆




Photo- iMyanmarHouse.com

နင်းနုဝေ

## မုံရွာဆိပ်ကမ်းကို ကုန်စည် စီးဆင်းမှုမြန်ဆန်စေရန် အကြီးစားအဆင့်မြှင့်တင်မှု ပြုလုပ်မည်

စာ-၃



ဓာတ်ပုံ-Hlaing Zaw Nyunt

ရှိန်းဝင်းထိုက်

## ရေငုပ်သင်္ဘောဝယ်ယူရန် စီစဉ်ထားပြီး ဖြစ်သည်ဟု ဗိုလ်မှူးချုပ် ဇော်မင်းထွန်း အတည်ပြု

စာ-၁၀

## ကမ်းနားလမ်းညဈေးတန်းကို အဆင့်မြှင့်တင်၍ Yangon Night Market အဖြစ် ဖွင့်လှစ်မည်

စာ-၁၄

## မြန်မာ-တရုတ် မီးရထားလမ်း ဥမင်ဖောက်လုပ်ခြင်းကို တရုတ်နိုင်ငံဘက်တွင် ဆောင်ရွက်နေ

စာ-၅

## ထန်းတပင် နည်းပညာစက်မှုဇုန် စီမံကိန်းတစ်ခုလုံး ၂၀၂၅ ခုနှစ်တွင် ပြီးစီးမည်

စာ-၁၀



www.free4readers.com



## ရုရှားနိုင်ငံတွင် ပူဇော်ထားရှိမည့် နိုင်ငံစုံ ဗုဒ္ဓရုပ်ပွားတော် ၂၂ ဆူကို ကြေးသွန်းလောင်းမှု ပြီးစီး



သီတဂူဆရာတော်ကြီး ညွှန်ကြားမှုဖြင့် ရုရှားနိုင်ငံ မော်စကိုမြို့တွင် ပူဇော်ထားရှိမည့် နိုင်ငံစုံ ဗုဒ္ဓရုပ်ပွားတော်၂၂ ဆူကို ကြေးသွန်းလောင်းမှု ပြီးစီးသွားပြီဖြစ်ကြောင်း မန္တလေးမြို့ ပြည့်ဝကြေးသွန်းလုပ်ငန်းမှ ကြေးသွန်းပညာရှင် ဦးအောင်အောင် ပြောကြားချက်အရ မေလ ၁၀ ရက်တွင်သိရသည်။

အဆိုပါ ရုပ်ပွားတော်များကို ရုရှားနိုင်ငံ ကမ္ဘာ့ယဉ်ကျေးမှုပေါင်းစုံပြတိုက်ပန်းခြံအတွင်း ရွှေစည်းခုံစေတီတော်ပုံတူ တည်ထားကိုးကွယ်မည့်နေရာတွင် ထားရှိမည်ဖြစ်ကာ ရုရှားနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓဘာသာ ထွန်းလင်းတောက်ပလာစေရန်နှင့် နိုင်ငံသူနိုင်ငံသားများ ဖူးမြော်နိုင်ရန်အတွက်ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်းသိရသည်။

''သီတဂူဆရာတော်ကြီးရဲ့ လမ်းညွှန်ချက်နဲ့ မနှစ်ကတည်းက သွန်းလောင်းနေတာ အခု အားလုံးပြီးသွားပါပြီ။ ဘယ်အချိန် လာပင့်မယ်ဆိုတာတော့ မသိသေးဘူး။ ဆင်းတုတော်တွေက ဓမ္မစက္က ဆင်းတုတော်ကြီးရဲ့ပုံခေတ်ဟန်ကို ဆရာဦးဝင်းမောင်က အချိုးအစားမှန်ကန်အောင်ပုံထုတ်ပေးပါတယ်'' ဟု ၄င်းကပြောသည်။

ဆင်းတုတော်များသည်ခြေချထိုင်တော်မူဟန် အပါအဝင် ဉာဏ်တော် ၂၇ လက်မရှိ နိုင်ငံစုံ ရုပ်ပွားတော်များဖြစ်ကာ မန္တလေးမြို့ ပြည့်ဝကြေးသွန်းလုပ်ငန်း၏ ကြေးသွန်းပညာရှင်များက စနစ်တကျ သွန်းလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သီတဂူဆရာတော်ကြီးအနေဖြင့် ဗုဒ္ဓဘာသာပြန့်ပွားရေးအတွက် အမေရိကန်နိုင်ငံတွင် ရွှေတိဂုံပုံတူစေတီကို တည်ထားကိုးကွယ်နိုင်ရန်ဆောင်ရွက်ခဲ့သည့်အပြင် ရုရှားနိုင်ငံ မော်စကိုမြို့တွင်လည်း ရွှေစည်းခုံစေတီတော်ပုံတူကိုတည်ထားကိုးကွယ်နိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ရှိန်းဝင်းထိုက်
(ဓာတ်ပုံ-သီတဂူစတား)

## မိုးဝင်နောက်ကျမည်ကို စိုးရိမ်သဖြင့် ရေလုံးဝပြတ်မသွားစေရန် လျှပ်စစ်မီးပေးဝေမှုကို မျှတနေရခြင်းဖြစ်ဟု ဆို

ပြည်သူလူထု၏ လျှပ်စစ်မီးသုံးစွဲမှု များပြားလာခြင်းနှင့် ယခုနှစ်နွေရာသီ ပူပြင်းမှုကြောင့် လျှပ်စစ်ထုတ်သည့် ရေလှောင်တမံများတွင် ရေလျော့နည်းလာသည့်အတွက် အကယ်၍ မိုးဝင်နောက်ကျလျှင် လျှပ်စစ်မီးမပေးနိုင်တော့မည့် အခြေအနေရောက်မည်ကို စိုးရိမ်သောကြောင့် ရေလုံးဝပြတ်မသွားစေရန် လျှပ်စစ်မီးပေးဝေမှုကို မျှတနေရခြင်းဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဒေါက်တာမောင်မောင်ကျော်က ပြည်မြန်မာသတင်းဂျာနယ်ကိုပြောသည်။

''ရေအားက ဓာတ်အားထုတ်ပေးတာတော့ ပုံမှန်ပါပဲ။ ဒီနှစ်ကျတော့ ဓာတ်အားလိုအပ်ချက်က အရင်နှစ်ထက်ပိုပြီး ပိုများတယ်၊ အရင်နှစ်တွေဆို ဘာပဲဖြစ်ဖြစ် မိုးဝင်ပြီလေ။ အခုလောက် အခြေအနေမကျပ်ဘူး။ အခုမိုးဝင်တာက နည်းနည်းနောက်ကျနေတော့ အခြေအနေက၊ နည်းနည်းထိသွားတာပေါ့၊ ကျွန်တော်တို့က မိုးကုန်တဲ့အထိ တမံတွေကို ရေအပြည့်နဲ့စုထားတာ မိုးတွင်းမှာလည်း ဓာတ်အားမောင်းတယ်။ ရေအားစက်ရုံတွေက မောင်းတယ်။ မိုးကုန်သွားတဲ့အထိ တမံတွေက ရေအပြည့်နဲ့ကျန်ခဲ့တာ။အဲဒီနောက်ပိုင်း ဒီနွေရာသီအစပိုင်းရောက်လာတဲ့အချိန်မှာ Gas တာဘိုင်တွေကို အဓိကမောင်းတယ်။ လိုတဲ့ လိုသလောက်လေးကိုပဲ ရေအားက လိုက်ဖြည့်မောင်းပေးတယ်။ ရေကို ချွေတာခဲ့တာပေါ့။ အဲဒီလိုလုပ်ပေမယ့် Gas တာဘိုင်မောင်းရုံနဲ့ မလုံလောက်ဘူး။ ရေအားက လိုက်ဖြည့်မောင်းပေးရပေမယ့် မနှစ်က ဖြည့်မောင်းရတဲ့ပမာဏနဲ့ ဒီနှစ်ဖြည့်မောင်းရတဲ့ပမာဏက ဒီနှစ်သုံးစွဲတဲ့ပမာဏက ပိုပြီးများလာတယ်။ အဲဒီတော့ ရေအားတွေက လိုက်မောင်းပေးရင်းနဲ့ ရေက စောစောကုန်လာတဲ့သဘောပေါ့။ အဲဒါကြောင့် ရေက တဖြည်းဖြည်း တမံမှာရေနည်းလာတယ်။ ရေက တမံမှာမရှိတော့တာ မဟုတ်ဘူး ရေကရှိသေးတယ်၊ တကယ်လို့သာ မိုးက ဒီထက်နောက်ကျလာရင် နောက်ရက်တွေ နောက်ရက်တွေမှာ မောင်းစရာရေလုံးဝမရှိတော့လို့ ရေကလုံးဝပြတ်သွားရင်မကောင်းဘူးလေ၊အဲဒီလိုမဖြစ်ရအောင် မျှမောင်းပြီး ထိန်းနေရတာပေါ့နော်''ဟု ယင်းကရှင်းပြသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ဧပြီလမှစ၍ လျှပ်စစ်မီးပြတ်တောက်မှုမကြာခဏဖြစ်ပေါ်သည့်အတွက် ပြည်သူလူထုက ဝေဖန်မှုများရှိနေသည်။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့်လည်း ရန်ကုန်မြို့အပါအဝင် မြန်မာတစ်နိုင်ငံလုံးလျှပ်စစ်အပြည့်အဝရရှိရေးအတွက် စီမံကိန်းများပြုလုပ်နေကြောင်းလည်း သိရသည်။

''မဂ္ဂါဝပ် ၃၀၀၀ လောက်ဆိုတဲ့ စီမံကိန်းတွေလုပ်နေတာရှိတယ်၊ ဒါပေမဲ့ ဒီနှစ်နွေတော့ မပြီးဘူး၊ နောက်နှစ်နွေလောက်မှပြီးမယ်၊ ရေအားလျှပ်စစ် စီမံကိန်းက ၆ နှစ် ၇ နှစ်လောက်အနည်းဆုံးကြာတယ်။ Solar, Gas စတဲ့ စီမံကိန်းတွေနဲ့လည်း လျှပ်စစ်ထုတ်လုပ်သွားမှာဖြစ်ပါတယ်''ဟု ဒေါက်တာမောင်မောင်ကျော်ကဆိုသည်။

ယခုအခါ ရန်ကုန်တိုင်းဒေသကြီးတွင် ခရိုင်လေးခရိုင် တစ်ပြေးညီဖြစ်စေရန် အများပြည်သူသုံး အုပ်စု၊ စက်မှုဇုန်အုပ်စု၊ ရှော့ပင်းမောလ်၊ ဟိုတယ်၊ မိုတယ်အုပ်စုဟူ၍ အုပ်စု ၃ စုခွဲကာ လျှပ်စစ်မီးပေးဝေနေကြောင်းလည်း ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေး ကော်ပိုရေးရှင်း (YESC)က သိရသည်။ သီရိ၊ ဝေဝေ

## ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ တရားဝင်ခွင့်ပြုချက်ရရှိထားသည့် အမေရိကန် သင်ရိုးညွှန်းတမ်းဖြင့်သင်ကြားမည့် Internationl School ဖွင့်လှစ်မည်



မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်အဖွဲ့ (MIC) ၏ မူလတန်းမှ အထက်တန်းအထိ အဆင့်မြင့်နိုင်ငံတကာပညာရေးဝန်ဆောင်မှုပေးနိုင်ရန် ခွင့်ပြုချက်ရရှိထားသော Yangon American International School (Yangon American) ကို ဩဂုတ်လတွင် စတင်ဖွင့်လှစ် သင်ကြားသွားမည်ဖြစ်ကြောင်း အဆိုပါကျောင်းမှ သိရသည်။

"ပညာရေးမှာ ရင်းနှီးမြှုပ်နှံတာက ဒီထက်ပိုအရေးကြီးတာ မရှိတော့ဘူး။ ပညာရေးက လူ့ဘဝမှာ အရေးကြီးတဲ့ အောက်ဆီဂျင်လိုပါပဲ၊ တစ်ဦးတစ်ယောက်ချင်းစီရဲ့ ဘဝတွေကို မြှင့်တင်ပံ့ပိုး ပေးနေတဲ့ အရာတစ်ခုလို့ယုံကြည်ပါတယ်။ ဒါကြောင့် ပညာရေးမှာ ရင်းနှီးမြှုပ်နှံရတာဖြစ်ပါတယ်။ ကျောင်းမှာ အမေရိကန်က နေပြီးတော့ သင်ကြားခွင့်လက်မှတ်တွေရရှိထားတဲ့ ဆရာဆရာမတွေ ကိုယ်တိုင်က သင်ကြားပေးသွားမှာဖြစ်ပါတယ်'' ဟု Yangon American ၏ ကျောင်းအုပ်ကြီး Robert Crutchfield က ပြောသည်။

နောက်ဆုံးပေါ် ခေတ်မီနည်းပညာများဖြင့် မွမ်းမံပြင်ဆင်ထားသည့် ၂၅၀၀၀ စတုရန်းပေ အကျယ်အဝန်းရှိ ကျောင်းဆောင်သစ်ကြီးသည် ရန်ကုန်-အင်းစိန်လမ်းမပေါ်တွင် တည်ရှိမည်ဖြစ်ပြီး အသက် နှစ် နှစ်မှ ရှစ်နှစ် အရွယ် မြန်မာနှင့် နိုင်ငံအရပ်ရပ်မှ ကျောင်းသား၊ ကျောင်းသူများကို စတင်သင်ကြားပေးသွားမည်ဖြစ်ပြီး မကြာမီနှစ်များတွင် အသက် ၂ နှစ်မှ ၅ နှစ်အထိ ၊ အသက် ၅ နှစ်မှ ၁၁ နှစ်အထိနှင့် အသက် ၁၁ နှစ်မှ ၁၈ နှစ်အထိတို့အတွက် အရည်အသွေးမြင့် သင်ရိုးညွှန်းတမ်းများ ဖြင့် သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

Yangon American ကျောင်းဆောင်သစ်ကြီးသည် ကလေးငယ်များအတွက် ကျောင်းပညာရေးမှသည် အားကစားနှင့် အနုပညာ ဖန်တီးမှုအထိ ဘက်စုံထူးချွန်သူများအဖြစ် ပြုစုပျိုးထောင်ပေးနိုင်ရန် ဖန်တီးတည်ဆောက်ထားပြီး ကျောင်း၏ ခေတ်မီသင်ရိုးညွှန်းတမ်းကို ထိရောက်မှု ရှိစေရန် စာသင်ခန်းတိုင်းတွင် သင်ကြားရေး အထောက်အကူပြု Smart Board နှင့် Tablet များထားရှိ ခြင်း၊ အားကစားလှုပ်ရှားမှု မျိုးစုံပြုလုပ်နိုင်သော အားကစားခန်းမ၊ အသက်အရွယ်အလိုက် သင့်လျော်မှုရှိသည့် ကစားကွင်းများ၊ ဘက်စုံသုံး ခန်းမကျယ်တစ်ခု၊ စာကြည့်တိုက်နှင့် သင်ကြားရေး အထောက်အကူပြုစင်တာတစ်ခုတို့ ထားရှိပံ့ပိုးပေးမည်ဖြစ်ကြောင်း သိရသည်။

ပြည့်ရည်ဖူး
(သတင်းဓာတ်ပုံ)

## မြန်မာ့နမ်းကို ဂျာမန်အဖွဲ့က အဆင့်မြင့် စိုက်ပျိုးထုတ်လုပ်ကာ ပြည်ပဈေးကွက် တင်ပို့မည်

ဂျာမနီနိုင်ငံမှ နိုင်ငံတကာ အထောက်အကူပေးရေးအဖွဲ့အနေဖြင့် မြန်မာ့နမ်းကို အဆင့်မြှင့်စိုက်ပျိုးထုတ်လုပ်ခြင်း၊ ကြိတ်ခွဲခြင်းများပြုလုပ်ကာ ပြည်ပဈေးကွက်တင်ပို့မည် ဖြစ်ကြောင်း မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ ဦးစီးအရာရှိ ဒေါ်သက်သက်နိုင်၏ ပြောကြားချက်အရ မေလ ၁၁ ရက်တွင်သိရသည်။

အဆိုပါအဖွဲ့ အနေဖြင့် နမ်းနှင့်ပတ်သက်သော ထုတ်လုပ်မှုဖွံ့ဖြိုးရေးလုပ်ငန်းများကို မြန်မာနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အဆိုပြုချက်အရ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

''ဂျာမနီနိုင်ငံကလုပ်ပေးမှာဆိုတော့ ဆီထွက်သီးနှံကဏ္ဍမှာ အရင်ကထက်ပိုကောင်းလာမယ့် အနေအထားရှိတယ်၊ အရင်ကလည်း မြေပဲနဲ့ပတ်သက်တဲ့ စီမံချက် တစ်ရပ်လုပ်ဆောင်ထားတာရှိပါတယ်၊ မြန်မာ့ နမ်းဈေးကွက်က ကမ္ဘာ့ဈေးကွက်မှာ ဝယ်လို အားကောင်းမွန်တဲ့ သီးနှံအမျိုးအစားပါ''ဟု ၄င်းကပြောသည်။

မြန်မာ့ နမ်းကို ဝယ်ယူမှုအများဆုံးမှာ တရုတ်နိုင်ငံ ဖြစ်သော်လည်း ဥရောပနိုင်ငံဈေးကွက်များသို့ တိုးချဲ့တင်ပို့ခဲ့ရာ အောင်မြင်မှုရှိခဲ့သောကြောင့် အလားအလာကောင်းမွန်သော ပို့ကုန်တစ်ခုအဖြစ် သတ်မှတ်ခံထားရကြောင်းနှင့် နိုင်ငံတကာ အဆင့်မီဖြစ်လာစေရန် ထုတ်လုပ်မှုအဆင့်အတန်းမြင့်မားရေး၊ ကြိတ်ခွဲခြင်း၊ ဈေးကွက်တင်ပို့ခြင်း အစရှိသည့် နည်းပညာအကူအညီများ ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် နမ်းစိုက်ပျိုးမှု ဒုတိယအများဆုံးနိုင်ငံဖြစ်ပြီး နမ်းစိုက်ပျိုးရာတွင် ဓာတုပစ္စည်းအသုံးပြုမှု အနည်းဆုံးဖြစ်သဖြင့် ဥရောပနိုင်ငံများသို့ တင်ပို့နိုင်ခြင်းဖြစ်ကြောင်း သိရသည်။

ရှိန်းဝင်းထိုက်

ပြည်မြန်မာ သတင်းဂျာနယ်
Swesone Media Group၊ Central Tower၊ ၁၀၀၁၀၀၊ အနော်ရထာလမ်း
(၃၉ လမ်းထောင့်)၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၃၇၅၂၉၃၊ ၀၃၉၂၇၃၉

www.free4readers.com

## မန္တလေးတောင်ပေါ်သို့ အလွယ်တကူတက်ရောက်နိုင်ရန် အတက်အဆင်းပါသော စက်လှေကားတပ်ဆင်မည်



မန္တလေးတောင်ခြေမှ ရင်ပြင်ပေါ်သို့ ပြည်တွင်းပြည်ပ ဘုရားဖူးခရီးသွားများ အလွယ်တကူ တက်ရောက်နိုင်ရန်အတွက် **အတက်အဆင်း စက်လှေကား အသစ် တပ်ဆင်မည်ဖြစ်ကြောင်း** မန္တလေးတောင် ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးလှမြင့်၏ ပြောကြားချက်အရ မေလ ၁၀ ရက်တွင် သိရသည်။

အဆိုပါ စက်လှေကားအသစ်ထပ်မံတပ်ဆင်ရန် လုပ်ဆောင်ခြင်းမှာ မန္တလေး တောင်ပေါ်သို့ ပြည်တွင်းပြည်ပ ခရီးသွားဝင်ရောက်မှုများပြားလာခြင်းနှင့် **လက်ရှိအသုံးပြုနေသော စက်လှေကားသည် နှစ်ပေါင်း ၂၀ ကျော် ကြာမြင့်ပြီ ဖြစ်သည့်အပြင် အတက်တစ်ခုတည်းအတွက်သာ တည်ဆောက်ထားခြင်းကြောင့် အတက်အဆင်းပါသော စက်လှေကားတည်ဆောက်ရန်လုပ်ဆောင်ခြင်းဖြစ်ကြောင်း** သိရသည်။

"စက်လှေကားအသစ်တပ်ဆင်ဖို့ ကွင်းဆင်းလေ့လာမှုတွေ လုပ်ထားပါတယ်။ လေ့လာချက်အရ စက်လှေကားတပ်ဖို့နေရာတွေထားတယ်။ ပေျင်ဒဏ်ခံနိုင်အောင် လိုအပ်တဲ့အချက်အလက်တွေ ထည့်သွင်းတည်ဆောက်မှာပါ" ဟု ၎င်းကပြောသည်။

စက်လှေကားတပ်ဆင်ရေးအတွက် ကွင်းဆင်းလေ့လာမှုကို မန္တလေးတောင် ဂေါပကအဖွဲ့၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် လျှပ်စစ်အင်ဂျင်နီယာပညာရှင်များ ပါဝင်ထားကာ လေ့လာတွေ့ရှိ ချက်များကို မကြာမီ ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးတောင်ထိပ်သည် **ပင်လယ်ပြင်မှအထက် ပေပေါင်း ၇၇၆ ပေအမြင့်တွင်တည်ရှိပြီး တောင်ပေါ်တွင် စေတီပုထိုးပေါင်း များစွာတည်ထားကြောင်းနှင့် တောင်ပေါ်မှနေ၍ နန်းမြို့ရိုး၊ ကျုံးနှင့် မန္တလေးမြို့၏ ရှုခင်းကို ကောင်းမွန်စွာမြင်တွေ့နိုင်ပြီး တောင်ပေါ်သို့ တောင်ဘက်၊ အရှေ့တောင်ဘက်၊ အနောက်ဘက်နှင့် မြောက်ဘက် လှေကားများမှ တက်ရောက်နိုင်ကြောင်း** သိရသည်။

ရှိန်းဝင်းထိုက် (ဓာတ်ပုံ - Saw Yan Naing)

## မုံရွာဆိပ်ကမ်းကို ကုန်စည် စီးဆင်းမှုမြန်ဆန်စေရန် အကြီးစားအဆင့်မြှင့်တင်မှု ပြုလုပ်မည်



စစ်ကိုင်းတိုင်းဒေသကြီးရှိ ချင်းတွင်း မြစ်ကြောင်းအတွင်း ကုန်စည်စီးဆင်းမှု မြန်ဆန်စေရန်အတွက် မုံရွာဆိပ်ကမ်းကို အကြီးစားအဆင့်မြှင့်တင်မှုပြုလုပ်မည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးသန့်ဇော်ဦး ပြောကြားချက်အရ မေလ ၁၀ ရက်တွင် သိရသည်။

အဆိုပါ မုံရွာဆိပ်ကမ်း အဆင့်မြှင့်တင်ပြီးစီးပါက **ချင်းတွင်းမြစ် အထက်ပိုင်း ဒေသများဖြစ်သည့် ကလေးဝ၊ မော်လိုက်၊ ဖောင်းပြင်၊ ဟုမ္မလင်းစသည့်ဒေသများတွင် ကုန်စည်စီးဆင်းမှုပိုမိုမြန်ဆန်လာမည်ဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းများလည်း တိုးတက်လာမည်ဖြစ်ကြောင်း** သိရသည်။

မုံရွာ ဆိပ်ကမ်းအဆင့်မြှင့်နိုင်ရန်အတွက် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် ကုမ္ပဏီဖြင့် စတင်ဆွေးနွေးခဲ့ခြင်းဖြစ်ကာ မတ်လတွင် ဆိပ်ကမ်းနှင့်ပတ်သက်၍ ကနဦး ကွင်းဆင်းလေ့လာမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ "ကုမ္ပဏီအနေနဲ့ကတော့ ကွင်းဆင်းလေ့လာမှုတော့ လုပ်ပြီးပါပြီ။ တွေ့ရှိချက်တွေကိုတော့ တင်ပြမလာသေးပါဘူး။ ရင်းနှီးမြှုပ်နှံမှုလုပ်မယ်မလုပ်ဘူးဆိုတာကို တိတိကျကျပြောလို့မရသေးဘူး။ ရင်းနှီးမြှုပ်နှံမှုပမာဏကြီးမားတဲ့အတွက် သေချာပြင်ဆင်နေတယ်ထင်ပါတယ်" ဟု ၎င်းကပြောသည်။

ထို့အပြင် **ဆိပ်ကမ်းစီမံကိန်းအတွင်း ဒေသထွက်ကုန် ပစ္စည်းများရောင်းချနိုင်မည့်ဈေးတစ်ခု ထည့်သွင်းတည်ဆောက်မည်ဖြစ်သောကြောင့်** ကုန်သည်များတိုက်ရိုက်လာရောက်ရောင်းချနိုင်မည်ဖြစ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးအတွက်အထောက်အကူဖြစ်လာနိုင်ကြောင်း သိရသည်။

ချင်းတွင်းမြစ်ကြောင်းတွင် **မုံရွာဆိပ်ကမ်းကို အခြေပြုကာ မုံရွာ-ဟုမ္မလင်း-ခန္တီးပြေးဆွဲနေသည့် ခရီးသည်တင် အမြန်ရေယာဉ်အသင်း ၇ သင်း၊ အမြန်ရေ ယာဉ် အစင်း ၁၀၀ ခန့်ရှိပြီး ကုန်တင်ရေယာဉ် အစင်း ၄၀၀ ခန့်ရှိကြောင်း** သိရသည်။

ရှိန်းဝင်းထိုက် (ဓာတ်ပုံ - Hlaing Zaw Nyunt)



www.free4readers.com



## Myanmar National Real Estate ဆုပေးပွဲအတွက် ယှဉ်ပြိုင်ခွင့် လျှောက်လွှာများ ယခုလ ၂၈ ရက်တွင် စတင်လျှောက်ထားနိုင်မည်



ပြည်တွင်းပြည်ပမှ ကျွမ်းကျင်ပညာရှင်များ ပါဝင်အကဲဖြတ်မည့် **Myanmar National Real Estate ဆုပေးပွဲအတွက်** ယှဉ်ပြိုင်ခွင့်လျှောက်လွှာများ ယခုလ ၂၈ ရက်တွင် စတင်လျှောက်ထားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်ကျင်းပမည့်** Myanmar National Real Estate ဆုပေးပွဲအတွက် ပွင့်လင်းမြင်သာမှုရှိစွာ ဆုံးဖြတ်နိုင်ရန် ဦးဆောင်မည့် Honorary Judge အဖြစ် ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်က ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

''ပထမအဆင့်အနေနဲ့ အခုလာမယ့် ၂၈ ရက် မှာ ဆောက်လုပ်ရေးအသိုင်းအဝိုင်းက ပုဂ္ဂိုလ်တွေကို ဖိတ်ကြားပြီး ဆုပေးပွဲ အသေးစိတ်အချက်အလက်တွေကို ကြေညာမှာပါ။ အဲ့ဒီနောက်မှာတော့ ယှဉ်ပြိုင်မှုအတွက် လျှောက်ထားမှုကို စတင်ဖွင့်လှစ်မှာဖြစ်ပါတယ်။ **အိမ်ခြံမြေလုပ်ငန်းရှင်တွေအနေနဲ့ မိမိကြိုက်နှစ်သက်တဲ့ကဏ္ဍ တစ်ခုချင်းစီကို နှစ်လအတွင်းပါဝင်ယှဉ်ပြိုင်ရမှာ** ဖြစ်ပါတယ်'' ဟု ဆုပေးပွဲဦးဆောင်ကျင်းပသည့် Shwe Property မှ မန်နေးဂျင်းဒါရိုက်တာ Kevin Goos က ပြောသည်။

ဆုပေးပွဲတွင် **ကဏ္ဍ ၂၃ ခုမှ ဆုပေါင်း ၅၃ဆု ချီးမြှင့်သွားမည်ဖြစ်ပြီး** ပါဝင်ယှဉ်ပြိုင်သူများထဲမှ အနိုင်ရရှိသူများအား အောက်တိုဘာလ ၄ ရက်တွင်ကြေညာသွားမည်ဖြစ်ပြီး ဆုပေးပွဲကို ထိုနေ့တွင်ပင် ရန်ကုန်မြို့၊ နိုဗိုတယ်ဟိုတယ်၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

HNW

(သတင်း၊ ဓာတ်ပုံ)

## ဆွမ်းဦးပုညရှင်စေတီ ရင်ပြင်တော်ကို မှန်သားခင်း တိုးချဲ့ကာ ခရီးသွားများ ရှုခင်းကြည့်နိုင်ရန် လုပ်ဆောင်မည်

တရုတ်နိုင်ငံပညာရှင်များဖြင့် စစ်ကိုင်းတောင်ရှိ ဆွမ်းဦးပုညရှင်စေတီတော် ရင်ပြင်ကို မှန်သားခင်းတိုးချဲ့မှုပြုလုပ်ကာ ခရီးသွားများ ရှုခင်းကြည့်နိုင်ရန် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ဆွမ်းဦးပုညရှင် ဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးဝင်း ပြောကြားချက်အရ မေလ၁၀ ရက်တွင် သိရသည်။



**ရင်ပြင်တော်ကို မှန်သားခင်းဖြင့် တိုးချဲ့ကာ View Point ပြုလုပ်နိုင်ရေးအတွက်** မေလ ဒုတိယပတ်က စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၊ စစ်ကိုင်းခရိုင် စီမံခန့်ခွဲမှုကော်မတီ၊ဘုရားဂေါပကအဖွဲ့ဝင်များသည် တရုတ်နိုင်ငံမှ ပညာရှင်များနှင့်အတူ ကွင်းဆင်းတိုင်းတာမှုများ ပြုလုပ်ထားကြောင်း သိရသည်။

''တရုတ်နိုင်ငံက ပညာရှင်အဖွဲ့နဲ့ အစိုးရအဖွဲ့ကတာဝန်ရှိသူတွေ လာရောက်လေ့လာပြီးနေရာရွေးထားတယ်။ **ဆွမ်းဦးပုညရှင် အရှေ့ဘက်နဲ့ အနောက်ဘက်ရင်ပြင်မှာလုပ်မှာပါ။ တစ်ဖက်ကို ပေ ၁၀၀ လောက် မှန်ပြင် ထုတ်မယ်လို့ ပြောသွားတယ်။** ဩဝါဒစရိယဆရာတော်ဘုရားကြီးတွေရဲ့ ခွင့်ပြုချက်ယူပြီးရင် ဆက်လက်ဆောင်ရွက်မှာပါ'' ဟု ၎င်းက ပြောသည်။

**ဆွမ်းဦးပုညရှင်စေတီ၏ အရှေ့ဘက် ရင်ပြင်တော်တိုးချဲ့ကာ မှန်သားခင်းဖြင့် View Point ပြုလုပ်ပါက မန္တလေးမြို့အလှ နှင့် ဧရာဝတီမြစ် ရှုခင်း၊ စစ်ကိုင်းတောင် မြောက်ဘက်ခြမ်း၊ အရှေ့ဘက်ခြမ်းတို့၏ ရှုခင်းများကို မြင်တွေ့ရမည်ဖြစ်ပြီး အနောက် ဘက်ရင်ပြင်တော်တိုးချဲ့၍ မှန်သားခင်း View Point ပြုလုပ်ပါက အင်းဝတံတား(စစ်ကိုင်း)၊ ဧရာဝတီတံတား (ရတနာပုံ)နှစ်စင်း၏ ရှုခင်း၊ စစ်ကိုင်းမြို့ရှုခင်း၊ ကောင်းမှုတော်နှင့် နေဝင်ဆည်းဆာအလှတို့ကို ကြည့်ရှုခံစားနိုင်မည်ဖြစ်ကြောင်း** သိရသည်။

''ဒီဇိုင်းပုံထွက်လာရင် ဩဝါဒစရိယဆရာတော်တွေထံ ဒီဇိုင်းပုံတင်ပြလျှောက်ထားမှာပါ။ **မှန်သားရင်ပြင်က ဖွဲ့ကပင်မှာပဲ ရှိသေးတယ်၊ လုပ်ခွင့်ရရင်တော့ အထက်မြန်မာပြည်မှာ ပထမဦးဆုံးဖြစ်လာမယ့် မှန်သားခင်း View Point ဖြစ်လာမှာပါ**'' ဟု ၎င်းကထပ်မံပြောသည်။

စစ်ကိုင်းတောင် ဆွမ်းဦးပုညရှင်စေတီတော်သို့ ဘုရားဖူးခရီးသွားရာသီတွင် **လာရောက်သူဦးရေ နေ့စဉ် ပြည်တွင်းခရီးသွား ၅၀၀၀ နှင့် ၁၀၀၀၀ ကြားရှိပြီး ပြည်ပခရီးသွားအနေဖြင့် နေ့စဉ် လူဦးရေ ၃၀၀ ကျော်လာရောက်မှုရှိသောကြောင့်** မှန်သားခင်း View Point များလုပ်ဆောင်ပါက ခရီးသွားပိုမိုဝင်ရောက်လာနိုင်ကြောင်း သိရသည်။

ရှိန်းဝင်းထိုက် (သတင်း၊ဓာတ်ပုံ)

## ဆုကြေးငွေ ကျပ် သိန်း ၁၅၀ အထိပေးသွားမည့် Road To SEA Games ပြိုင်ပွဲကျင်းပမည်

MESF အဖွဲ့မှ ကြီးမှူး၍ဆုကြေးငွေ ကျပ်သိန်း ၁၅၀ အထိပေးသွားမည့် Road To SEA Games Esports ပြိုင်ပွဲကို ကျင်းပမည်ဖြစ်ကြောင်း မေလ ၁၀ ရက်တွင် သတင်းရရှိသည်။

လာမည့် ၂၀၁၉ ဆီးဂိမ်းတွင် ပါဝင်လာသည့် Esports ဂိမ်းအမျိုးအစား ၆ ခုမှာ Mobile Games ၂ ခုဖြစ်သည့် MLBB နှင့် AOV PC Games ၂ ခုဖြစ်သည့် DOTA 2 နှင့် Starcraft II Console Games ၁ ခု ဖြစ်သည့် Tekken ၇ နှင့် အခြားတစ်ခုဖြစ်ကြသည်။ ထိုအထဲတွင် မြန်မာလူငယ်အများစုအလေးထားကစားကြသည့်Dota 2၊ MLBB နှင့် AOV ပါဝင်လာသည့်အတွက် ဆီးဂိမ်းတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံကိုယ်စားပြုကစားသမားများထွက်ပေါ်လာစေရန် ရည်ရွယ်သည်ဟု ဆိုသည်။ လက်ရှိအချိန်တွင် လူကြိုက်များပြီးဆော့ကစားသူများပြားနေ သည့် Dota 2၊ MLBB နှင့် AOV တို့ကို သက်ဆိုင်ရာမူပိုင်ကုမ္ပဏီများ၏ မူပိုင်ခွင့်သဘောတူညီချက်များရယူကာ MESL: Road to SEA Games 2019 ပြိုင်ပွဲကြီးအဖြစ်ကျင်းပမည်ဖြစ်ပြီး ကျန်ရှိနေသည့် အခြားဂိမ်းများကို မြန်မာနိုင်ငံတွင် ရှိသောကစားသမားအင်အားပေါ်မူတည်ပြီး သက်ဆိုင်ရာအဖွဲ့အစည်းများ၏ သဘောတူညီချက်နှင့် ညှိနှိုင်းမှုများအပြီးတွင် ဆက်လက်ကျင်းပသွားမည်ဟုသိရသည်။

MESL Road To SEA Games ပြိုင်ပွဲကိုပထမဆုံးအနေဖြင့် ပြိုင်ပွဲအတွက်ပါဝင်မည့် **ကစားသမားစာရင်းကောက်ခံခြင်း၊ အထက် မြန်မာပြည် - အောက်မြန်မာပြည် လက်ရည်စစ်ပွဲများကျင်းပခြင်း၊ ပုံမှန်ရာသီပွဲစဉ် များကျင်းပခြင်းနှင့် နောက်ဆုံးအဆင့်ဗိုလ်လုပွဲကြီးကျင်းပခြင်း**ဟူ၍ အပိုင်း ၄ ပိုင်းခွဲထားပြီး ၂၀၁၉ ဆီးဂိမ်းအတွက် မြန်မာနိုင်ငံကိုယ်စားပြုအားကစားသမားများဖြစ်စေရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အလွှာအသီးသီးမှ ကစားသူများအားလုံးသည် ပြိုင်ပွဲဝင်ကြေးပေးသွင်းရန် မလိုအပ်ဘဲအသက် ၁၈နှစ်ပြည့်ပြီး မြန်မာနိုင်ငံသားမှတ်ပုံတင် ကိုင်ဆောင်ထားသည့် မည်သူမဆို စာရင်းပေးသွင်းနိုင်ပြီး အသက် ၁၈ နှစ်အောက်ဆိုလျှင် မိဘအုပ်ထိန်းသူ၏ ထောက်ခံချက်လိုအပ်မည်ဖြစ်သည်။ စာရင်းပေးသွင်းခြင်းများကို မေလ ၁၅ရက်မှစတင်ပြုလုပ်နိုင်မည်ဖြစ်ပြီး စာရင်းသွင်းခြင်းအတွက် အွန်လိုင်း (Online) စနစ်ဖြင့် ကောက်ခံသွားမှာဖြစ်ကာ အထက်မြန်မာပြည်၊ အောက်မြန်မာပြည် လက်ရည်စစ်ပွဲများကိုအွန်လိုင်း (Online) လက်ရည် စစ်ပွဲကျင်းပမည်ဖြစ်ပြီး နောက်ဆုံးအဆင့်ဗိုလ်လုပွဲကို Offline စနစ်ဖြင့် ကျင်းပမည်ဟု သိရသည်။

လက်ရည်စစ်ပွဲများတွင် မျှမျှတတနည်းစနစ်တကျ ယှဉ်ပြိုင်နိုင်ရန် PHISGOC (ဖိလစ်ပိုင်နိုင်ငံဆီးဂိမ်းကျင်းပရေး ကော်မတီနှင့် AESF (အာရှ အီလက်ထရောနစ်အားကစားအဖွဲ့ချုပ်) မှ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းနှင့် အညီ ကစားနည်းဒိုင်လူကြီးများက ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ကောင်းမြတ်ရာ

## ဆီးဂိမ်းစ်တွင် ရွှေတံဆိပ်ဆုရရှိသူကို ကျပ်သိန်း ၃၀၀ ဆုချီးမြှင့်မည်ဖြစ်ပြီး အားကစားနည်း ၁၄ မျိုး၌ ရွှေတံဆိပ်ရရှိရန် မျှော်မှန်းထား

ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် **လက်ခံကျင်းပသွားမည့် ၂၀၁၉ ဆီးဂိမ်းစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိသူများကို ကျပ်သိန်း ၃၀၀ အထိ ဆုကြေးချီးမြှင့်သွားမည်ဖြစ်ပြီး** လက်ရှိအချိန်ထိ အားကစားအဖွဲ့ချုပ်များ၏ ပြင်ဆင်ထားမှုအခြေအနေများအရ လက်ရှိအချိန်တွင် အားကစားနည်း ၁၄ မျိုး၌ ရွှေဆုတံဆိပ်များရရှိနိုင်ရန် မျှော်မှန်းထားကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်ကပြောသည်။

၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်မှ ဒီဇင်ဘာလ ၁၁ ရက်အထိ ကျင်းပသွားမည့် အကြိမ် ၃၀ မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ(ဆီးဂိမ်းစ်)၌ အောင်မြင်မှုရရှိရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားအဖွဲ့ချုပ်များအား ယခင်ကထက် ပိုမိုထောက်ပံ့ပေးထားပြီး အားကစားသမားများ ကြိုးစားအားထုတ်မှုကောင်းစေရန်နှင့် ဘဝဖူလုံမှုရှိစေရန်အတွက်တို့လည်း ဆုကြေးများကို တိုးမြှင့်ချီးမြှင့်သွားမည်ဖြစ်သည်။

ဆုကြေးသတ်မှတ်ချက်များအနေဖြင့် **တစ်ဦးချင်းဆုများအတွက် ရွှေတံဆိပ်ဆုကို ကျပ်သိန်း ၃၀၀၊ ငွေတံဆိပ်ဆုကို ကျပ်သိန်း ၂၀၀၊ ကြေးတံဆိပ်ဆုကို ကျပ်သိန်း ၁၀၀ နှင့် အသင်းလိုက်ဆုများအတွက် တစ်ဦးလျှင် ကျပ် ရွှေတံဆိပ်ကို သိန်း ၁၀၀၊ ငွေတံဆိပ်ကို ကျပ်သိန်း ၇၀၊ ကြေးတံဆိပ်ကို ကျပ်သိန်း ၃၀ စီ** အသီးသီးချီးမြှင့်သွားမည်ဖြစ်သည်။ **ထို့ပြင် သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များကလည်း** ဆုရကစားသမားများအတွက် ထိုက်ထိုက်တန်တန်ဆုချီးမြှင့်သွားမည်ဖြစ်ပြီး **ပြေးခုန်ပစ်အားကစားအဖွဲ့ချုပ်မှ ဆီးဂိမ်းရွှေတံဆိပ်ဆုတစ်ခုအတွက် တိုက်ခန်းတစ်ခန်းနှင့် ကားတစ်စီး၊ သေနတ်ပစ်အဖွဲ့ချုပ်မှ ရွှေတံဆိပ်ဆုအတွက် ကျပ်သိန်း ၂၅၀ ချီးမြှင့်သွားမည်ဖြစ်ကြောင်း** ပြောဆိုထားသည်။

၂၀၁၉ ဖိလစ်ပိုင်ဆီးဂိမ်းပြိုင်ပွဲတွင် **အားကစားနည်း ၅၆ မျိုးထည့်သွင်း ကျင်းပသွားမည်ဖြစ်ပြီး မြန်မာအားကစားအဖွဲ့များက အားကစားနည်း ၃၆ မျိုးဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်**သည်။ မေလ ပထမအပတ်ကကျင်းပခဲ့သည့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ပြန်လည်ဖွဲ့စည်းရေး ညှိနှိုင်းအစည်းအဝေး၌ တက်ရောက်လာသည့် အားကစားအဖွဲ့ချုပ် ၄၂ ခုမှ လာမည့်ဆီးဂိမ်းပြိုင်ပွဲနှင့်ပတ်သက်၍ ဆုတံဆိပ်ရရှိနိုင်မှုအခြေအနေများကို ပြောဆိုတင်ပြခဲ့ရာ၌ **မြားပစ်၊ ဘိလိယက်၊ လှေလှော်၊ စစ်တုရင်၊ ဘောလုံး၊ ဂေါက်သီး၊ ဂျူဒို၊ ကရာတေးဒို၊ ပိုက်ကျော်ခြင်း၊ တိုက်ကွန်ဒို၊ ဘောလီဘော၊ အလေးမ၊ ဝူရှူး၊ ပိတန်း အစရှိသည့် အားကစားနည်း ၁၄ မျိုး၌ ရွှေတံဆိပ်ဆုများရရှိနိုင်သည့် အနေအထားများရှိကြောင်းသိရသည်၊** ထို့ပြင် **သေနတ်ပစ်၊ ရွက်လှေ၊ ပြေးခုန်ပစ်** အားကစားအဖွဲ့များအပါအဝင် အခြားအားကစားအဖွဲ့များကလည်း အကောင်းဆုံးပြင်ဆင်မှုများကို ပြုလုပ်လျက်ရှိနေသောကြောင့် လက်ရှိအချိန်တွင် ဆုတံဆိပ်မျှော်မှန်းနိုင်ရန်အတွက် ခက်ခဲသည့်အခြေအနေ၌ရှိနေသော်လည်း ပြိုင်ပွဲအနီးကပ်လာလျှင် ဆုတံဆိပ်ရရှိမှုအတွက် အလားအလာကောင်းများရှိလာနိုင်ကြောင်း သိရသည်။

မိုင်းစောလွင်

www.free4readers.com

# တိုင်းရင်းသားကျေးရွာ အဆင့်မြှင့်တင်မည့် Master Plan ဒီဇိုင်းကို အကောင်အထည်ဖော်ရန် တင်ဒါခေါ်မည်



တိုင်းရင်းသားကျေးရွာကို အဆင့်မြှင့်တင်မည့် Master Plan ဒီဇိုင်းကို တင်ဒါခေါ်ယူ ယှဉ်ပြိုင်ထားပြီးဖြစ်ကာ ရရှိထားသည့် ဒီဇိုင်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန် တင်ဒါထပ်မံခေါ်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ သိရသည်။

"ရန်ကုန်ကို ရောက်လာသူတွေက မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းရင်းသားအားလုံးကို နယ်ပယ်အသီးသီးကို အများကြီးသွားစရာမလိုပဲ ဖြစ်နိုင်တဲ့အခြေအနေတစ်ခုကို တိုင်းရင်းသားကျေးရွာမှ တည်ဆောက်ဖို့ဖြစ်ပါတယ်။ ရန်ကုန်မှာပဲ တိုင်းရင်းသားတွေရဲ့ ဓလေ့ထုံးတမ်းတွေကို မြင်ရမှာဖြစ်သလို အဲဒီနေရာမှာပဲ ရိုးရာယဉ်ကျေးမှုပစ္စည်းတွေကိုလည်း လွယ်လွယ်ကူကူဝယ်ယူနိုင်မယ်။ ရိုးရာအစားအသောက်တွေကို ဒီနေရာမှာ မြည်းစမ်းနိုင်မှာဖြစ်ပါတယ်။ **တိုင်းရင်းသားကျေးရွာကို အဆင့်မြှင့်တင်ရခြင်းက နိုင်ငံခြားသားတွေကို ဆွဲဆောင်ရာရောက်ပြီး** ရန်ကုန်တိုင်းခရီးသွားကဏ္ဍကိုပါ တိုးတက်လာနိုင်မှာဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ရန်ကုန်တိုင်းရင်းသားကျေးရွာကို ရန်ကုန်တိုင်းအစိုးရအဖွဲ့က ဦးဆောင်ကြီးကြပ်ပြီး အဆင့်မြှင့်တင်နေပါတယ်။ ဒါကြောင့် မကြာမီမှာ ရန်ကုန်တိုင်းအတွင်း New Destination (လည်ပတ်စရာနေရာသစ်) နောက်ထပ်တစ်ခုပေါ်ထွက်လာမှာဖြစ်ပါတယ်"ဟု ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

**တိုင်းရင်းသားကျေးရွာသို့ YBS ယာဉ်လိုင်းငါးလိုင်း ဖြတ်သန်းသွားလာနေသည့်အတွက် သွားလာရေးလွယ်ကူပြီး တိုင်းရင်းသားကျေးရွာအဆင့်မြှင့်တင်ရေးကို တိုင်းရင်းသားရေးရာဝန်ကြီးဌာနကို လွှဲပြောင်းပေးထားပြီး ရန်ကုန်တိုင်းအစိုးရအဖွဲ့က ကြီးကြပ်သွားမည်ဖြစ်ကြောင်း** သိရသည်။

ပြည့်ရည်ဖူး

# ရန်ကုန်ရင်းနှီးမြှုပ်နှံမှုဖိုရမ်တွင် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းပေါင်း ၁၉ ခုကို တစ်ပြိုင်တည်းလက်မှတ်ရေးထိုး



ဓာတ်ပုံ - မျိုးကျော်စိုး

ရန်ကုန်ရင်းနှီးမြှုပ်နှံမှုဖိုရမ် (Yangon Investment Forum 2019) တွင် **ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပုဂ္ဂလိက ကုမ္ပဏီတို့အကြား ရင်းနှီးမြှုပ်နှံမှု စီမံကိန်းအပါအဝင် ပြည်တွင်းနှင့်ပြည်ပ ပုဂ္ဂလိကကုမ္ပဏီများအချင်းချင်းချုပ်ဆိုသော စီမံကိန်းပေါင်း ၁၉ ခုကို တစ်ပြိုင်တည်း လက်မှတ်ရေးထိုးနိုင်ခဲ့သည်။**

"ဒီလက်မှတ်ရေးထိုးနိုင်မှုက မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူဖြစ်ပါတယ်။ မြန်မာနိုင်ငံအပေါ် နိုင်ငံတကာရဲ့ စိတ်ဝင်စားမှုကိုလည်း ပြသနိုင်ရာရောက်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းကပြောသည်။

အဆိုပါစီမံကိန်းများမှ **လုပ်သားအင်အား ၃၆၆၀၀၀ ကျော် အလုပ်အကိုင်အခွင့်အလမ်းရရှိမည်ဖြစ်ပြီး စီမံကိန်းများသည် ရန်ကုန်အပါအဝင် ပုဂံ၊ အင်းလေး၊ နေပြည်တော်၊ တောင်ငူ၊ ပဲခူး၊ မြိတ်၊ ဧရာဝတီတို့တွင်ဆောင်ရွက်မည့် စီမံကိန်းများဖြစ်ကြောင်း** သိရသည်။

ရန်ကုန်ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတို့က ကြီးမှူးပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှဦးဆောင်၍ MIDA ၏ အဓိက ပူးပေါင်းပံ့ပိုးမှု၊ PWC Singapore/Myanmar ၏ ပူးပေါင်းမှုတို့ဖြင့် ကျင်းပခြင်းဖြစ်ပြီး လူဦးရေ ၁၂၀၀ ကျော်တက်ရောက်ခဲ့သည်။ ဖိုရမ်တွင် ရန်ကုန်တိုင်းအတွင်း လက်ရှိလုပ်ကိုင်လျက်ရှိသော စီးပွားရေးလုပ်ငန်းများနှင့် စီမံကိန်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ကိုင်ရန်အတွက် အလားအလာရှိသည့်လုပ်ငန်းများ၊ စီးပွားရေးဆိုင်ရာမူဝါဒများ၊ ဆွေးနွေးပွဲများနှင့် စီးပွားရေးလုပ်ငန်းရှင်များအကြား ချိတ်ဆက်ဆွေးနွေးခြင်းတို့ကို လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

**"ရင်းနှီးမြှုပ်နှံမှုတွေ၊ နည်းပညာတွေလာစေချင်တယ်၊ အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါ်စေချင်တယ်၊ အကျိုးအမြတ်အပေါ်မှာ နိုင်ငံတော်က အခွန်အခရမယ်၊** ဒီရည်ရွယ်ချက်နဲ့ ရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်ဆောင်ရွက်ဖို့ ဒီဖိုရမ်ကို ကျင်းပတာဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆက်လက်ပြောသည်။

ပြည့်ရည်ဖူး

# ဥရောပနိုင်ငံအချို့ကို အောက်တိုဘာလမှစတင်ပြီး ဗီဇာကင်းလွတ်ခွင့်ပြုမည်

ဥရောပနိုင်ငံအချို့ကို အောက်တိုဘာလ ၁ ရက်မှစတင်ပြီး ဗီဇာကင်းလွတ်ခွင့်ပြုမည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်ကပြောသည်။

"**၂၀၁၈ ခုနှစ် အောက်တိုဘာလက စတင်ပြီးတော့မှ ဂျပန်နိုင်ငံ၊ ကိုရီးယား၊ ဟောင်ကောင်၊ မကာအိုတို့ကို ဗီဇာဖြေလျှော့မှုကို တစ်နှစ်စမ်းသပ်ကာလလုပ်ခဲ့ပါတယ်၊ တရုတ်နိုင်ငံသားတွေကို ဆိုက်ရောက်ဗီဇာပေးခဲ့ပါတယ်၊** လေယာဉ်နဲ့လာတဲ့ Package Tour တွေကို စမ်းသပ်ကာလ တစ်နှစ်ခွင့်ပြုခဲ့ပါတယ်။ အဲဒါအပြင် **ဒီဇင်ဘာလမှာ အိန္ဒိယကိုလည်း ဆိုက်ရောက်ဗီဇာပေးခဲ့ပါတယ်၊ ထပ်ပြီးတော့လည်း အရှေ့မျှော်မူဝါဒကို ကျင့်သုံးပြီးတော့မှ အောက်တိုဘာလ ၁ ရက်မှာ ဥရောပနိုင်ငံတချို့ကို မြန်မာဝင်ခွင့်ဗီဇာကင်းလွတ်ခွင့်ပေးအပ်သွားမယ်**"ဟု ယင်းကပြောသည်။

ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်းကို စနစ်တကျဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ ညီနောင်အသင်း ၁၁ သင်းတို့ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ခရီးသွားကဏ္ဍတိုးတက်လာသည်နှင့်အမျှ နိုင်ငံတကာက မြန်မာနိုင်ငံကို သိရှိလာမည်ဖြစ်ပြီး ခရီးသွားလုပ်ငန်းများအပေါ် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ မတ်လအထိ ပြည်ပခရီးသွားဝင်ရောက်မှုသည်** ၉၂၈၄၅၃ ရှိခဲ့ရာ ယခုနှစ်အလားတူကာလအတွင်း ပြည်ပခရီးသွားဝင်ရောက်မှုသည် ၁၁၃၆၆၁၅ ရှိသည့်အတွက် **၂၂ ရာနိုင်နှုန်းတိုးတက်လာကြောင်း** အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ ထုတ်ပြန်ချက်အရသိရသည်။ အဆိုပါနှစ်များအတွင်း အာရှနိုင်ငံသားများဖြစ်သည့် **တရုတ်၊ ထိုင်း၊ ကိုရီးယား၊ ဂျပန်၊ စင်ကာပူ၊ ဗီယက်နမ်၊ အိန္ဒိယ၊ မလေးရှား၊ ထိုင်ဝမ်၊ ဟောင်ကောင်၊ မကာအို၊ ဖိလစ်ပိုင်တို့က အများဆုံးဝင်ရောက်ခဲ့ကြောင်း** သိရသည်။

ပြည့်ရည်ဖူး

# မန္တလေးမြို့ ကျုံးပလက်ဖောင်းတစ်လျှောက်တွင် ကွမ်းသွေးထွေးသူများကို ဇွန်လမှစတင်ကာ အရေးယူမည်



မန္တလေးမြို့တွင် အဆင့်မြှင့်တင်မှုများပြုလုပ်ထားသော **ကျုံးပလက်ဖောင်းတစ်လျှောက်တွင် စည်းကမ်းမဲ့ ကွမ်းသွေးထွေးသူများကို ဇွန်လမှစတင်ကာ ဖမ်းဆီးအရေးယူမည်ဖြစ်ကြောင်း** မန္တလေးမြို့ စည်ပင်သာယာရေး ရဲတပ်ဖွဲ့မှ ရဲမှူးငြိမ်းချမ်းအောင်ပြောကြားချက်အရ မေလ ၁၁ ရက်တွင်သိရသည်။

**နိုင်ငံတကာ အဆင့်မီ ပလက်ဖောင်းဖြစ်စေရန် ကျုံးအရှေ့ဘက်တွင် အဆင့်မြှင့် တင်မှုများပြုလုပ်ထားသည့်အပြင် အများပြည်သူအပန်းဖြေနိုင်ရန်အတွက် အလှပန်းပင်များနှင့် ထိုင်ခုံများ ချပေးထားသည့်အတွက် ပျက်စီးမှုမရှိစေရန်** စည်းကမ်းမဲ့ ကွမ်းသွေးထွေးသူများကို အရေးယူရန် လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

"သင်္ကြန်မတိုင်ခင်က ဒီပလက်ဖောင်းတွေကို ဖွင့်ပေးထားတာပါ။ ပလက်ဖောင်းဖွင့်ပေးပြီး ရက်ပိုင်းမှာပဲအလှပန်းပင်တွေကြားမှာ စည်းကမ်းမဲ့ ကွမ်းသွေးထွေးတာတွေ တွေ့ရလို့ မန္တလေးမြို့ရဲ့ပုံရိပ်ကို ထိခိုက်နိုင်လို့ လုပ်ဆောင်တာပါ။ ဒါကြောင့် **ကွမ်းသွေးထွေးတာမလုပ်ဖို့ တန်းတွေပေါ်တက်ထိုင်တာတွေ မလုပ်ဘဲ စည်းကမ်းတကျ အပန်းဖြေဖို့** လိုပါတယ်"ဟု ၎င်းကပြောသည်။

ထို့ကြောင့် ပလက်ဖောင်းတစ်လျှောက်တွင် စည်းကမ်းမဲ့ ကွမ်းသွေးထွေးသူများကိုတွေ့ရှိပါက တိုင်ကြားနိုင်ကြောင်းနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စည်ပင်သာယာရေး ရဲတပ်ဖွဲ့နှင့် အခြားပူးပေါင်းအဖွဲ့များက ဖမ်းဆီးကာ တရားရုံးတွင် ဒဏ်ငွေ ကျပ် ၅၀၀၀၀ မှ ကျပ် ၂၀၀၀၀၀ အထိ ဒဏ်ရိုက်အရေးယူမည်ဖြစ်ကြောင်းသိရသည်။

ရှိန်းဝင်းထိုက် (ဓာတ်ပုံ - Ye Lwin)

# မြန်မာ-တရုတ် မီးရထားလမ်းအတွက် ဥမင်ဖောက်လုပ်ခြင်းလုပ်ငန်းကို တရုတ်နိုင်ငံဘက်တွင် ဆောင်ရွက်နေ

မြန်မာ - တရုတ် မီးရထားလမ်းအတွက် ဥမင်လိုဏ်ခေါင်းဖောက်လုပ်ခြင်းလုပ်ငန်းစဉ်ကို တရုတ်နိုင်ငံဘက်ခြမ်းတွင် ဆောင်ရွက်နေကြောင်း အဆိုပါနိုင်ငံအခြေစိုက်သတင်းမီဒီယာအချို့၏ ရေးသားချက်အရ မေလ ၁၁ ရက်တွင် သတင်းရရှိသည်။

**မြန်မာ-တရုတ် နိုင်ငံတကာမီးရထား လမ်းအတွက် ဥမင်လိုဏ်ခေါင်းကို ယူနန် ပြည်နယ်တွင် ဖောက်လုပ်နေခြင်းဖြစ်ကြောင်း** ဒေသဆိုင်ရာ မီးရထားအာဏာပိုင်အဖွဲ့၏ ပြောကြားချက်ကိုကိုးကား၍ China.org ၏ သတင်းတစ်ပုဒ်တွင် ထည့်သွင်းရေးသားထားသည်။ **The Dalin (Dali-Lincang) စီမံ ကိန်းအတွက် ဖောက်လုပ်နေခြင်းဖြစ်ပြီး** အမှတ် ၁၀ အင်ဂျင်နီယာအုပ်စုကုမ္ပဏီ၏အဆိုအရ **မီတာ ၃၇၀၀ ကျော် ဥမင်လိုဏ်ခေါင်းကို ဖောက်လုပ်ထားပြီးဖြစ်**ကြောင်း အဆိုပါသတင်းတွင် ထည့်သွင်း ရေးသားထားသည်။ **Dali-Lincang မီးရထားလမ်းသည် ၂၀၂ ကီလိုမီတာရှည်လျားပြီး တစ်နာရီ လျှင် ၁၆၀ ကီလိုမီတာနှုန်းဒီဇိုင်းဖြင့် တည်ဆောက်ထားခြင်းဖြစ်ကာ မြန်မာ-တရုတ် မီးရထားလမ်း၏ အဓိကအစိတ်အပိုင်းတစ်ခုလည်းဖြစ်ပြီး ၂၀၂၁ ခုနှစ်တွင် အပြည့်အဝဖွင့်လှစ်နိုင်ရန်** အစီအစဉ်ဆွဲထားခြင်းဖြစ်ကြောင်း အဆိုပါသတင်းတွင် ထည့်သွင်းရေးသားထားသည်။ Hongdoushan လိုဏ်ခေါင်းကို ၂၀၁၆ ခုနှစ် မေလတွင် စတင်ဖောက်လုပ် ခဲ့ခြင်းဖြစ်သော်လည်း ၂၀၁၇ ခုနှစ် မေလ တွင် အဆိပ်ဓာတ်ငွေ့များထွက်ပေါ်လာသည့်အတွက် လုပ်ငန်းစဉ်များကို ရပ်ဆိုင်းခဲ့ရသည်။ အဆိုပါ တူးဖော်ရေးလုပ်ငန်းစဉ်ကို ဆက်လက်လုပ်ကိုင်ရန်အတွက် တက္ကသိုလ်များ၊ အင်ဂျင်နီယာများနှင့် ပူးပေါင်း ဖြေရှင်းခဲ့ရပြီး လုပ်ငန်းခွင်သည် ဖြည်းဖြည်းချင်းစတင်နေပြီဖြစ်ကြောင်း အဆိုပါ သတင်းတွင် ထည့်သွင်းရေးသားထားသည်။

**ထက်အောင်ဖြိုး**

www.free4readers.com



# နှစ်နိုင်ငံစီးပွားရေးမြှင့်တင်ရန် ထိုင်း-မြန်မာ ကုန်သွယ်ရေးစင်တာကို ရန်ကုန်တွင် ဖွင့်လှစ်မည်



နှစ်နိုင်ငံစီးပွားရေးပိုမိုမြှင့်တင်နိုင်ရန်အတွက် **ထိုင်း-မြန်မာ ကုန်သွယ်ရေးစင်တာကို ရန်ကုန်မြို့တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း** ရန်ကုန်မြို့၊ ချက်ထရီယံပဟိုတယ်၌ မေလ ၉ရက်တွင် ပြုလုပ်သည့် ထိုင်း-မြန်မာစီးပွားရေးတွေ့ဆုံဆွေးနွေးပွဲမှ သိရသည်။

ထိုင်း-မြန်မာ ကုန်သွယ်ရေးစင်တာသည် **သဃ်န်းကျွန်းမြို့နယ်၊ ဇဝန၌တည်ရှိပြီး လက်ရှိတွင် ဆောက် လုပ်ပြီးစီးနေပြီဖြစ်ကာ တရားဝင်ဖွင့်လှစ်ရန် ထိုင်းအစိုးရ၏ ခွင့်ပြုချက်ကို စောင့်ဆိုင်းလျက်ရှိကြောင်း** သိရသည်။ ''ထိုင်းနိုင်ငံက မြန်မာနိုင်ငံနဲ့ ကုန်သွယ်မှုလုပ်ငန်းဆိုင်ရာ ဆက်ဆံရေးကို မြှင့်တင်ဖို့ စီစဉ်လျက် ရှိပါတယ်။ ဒါကြောင့် ထိုင်းနိုင်ငံစက်မှုလုပ်ငန်းရှင်များအသင်းချုပ်က **မကြာခင်ကမှ ဖွဲ့စည်းထားတဲ့ ထိုင်း- မြန်မာ စီးပွားရေးကောင်စီက** ထိုင်းကုန်ပစ္စည်းတွေနဲ့ ထိုင်းနိုင်ငံနဲ့ မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်တွေအကြား ကုန်သွယ်မှုဆိုင်ရာ ဆက်ဆံရေး မြင့်တက်စေဖို့ ရည်ရွယ်ပြီး ''ထိုင်း-မြန်မာ ကုန်သွယ်ရေးစင်တာ'' ကိုလည်း ရန်ကုန်မှာ ဖွင့်လှစ်ဖို့ စီစဉ်လျက်ရှိပါတယ်'' ဟု ထိုင်းနိုင်ငံ၏ ပို့ကုန်သွင်းကုန်ဘဏ် EXIM Thailand ၏ ဥက္ကဋ္ဌ Mr. Pisit Serewiwattana က ပြောသည်။

အဆိုပါစင်တာတွင် **အထပ်သုံးထပ်ပါဝင်ကာ ပထမထပ်၌ ထိုင်းနိုင်ငံ၏ ကုမ္ပဏီများနှင့် ကုန်ပစ္စည်းများကို ပြသထားမည်ဖြစ်ပြီး ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် လာရောက်ကာ လေ့လာကာ** ကုန်သွယ်ရေးအတွက်လဲ တစ်ပါတည်း ချိတ်ဆက်နိုင်မည်ဖြစ်ကြောင်း၊ **ဒုတိယထပ်တွင် မြန်မာနိုင်ငံမှ ကုမ္ပဏီများ၊ ကုန်ပစ္စည်းများကို ပြသထားမည်ဖြစ်ကာ ထိုင်းနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များလည်း လာရောက်လေ့လာ ချိတ်ဆက်နိုင်မည်ဖြစ်ကြောင်း၊ တတိယထပ်တွင် ဒေတာစင်တာ ရှိမည်ဖြစ်ပြီး** အဆိုပါဒေတာစင်တာတွင် **ထိုင်းစီးပွားရေး လုပ်ငန်းရှင်ပေါင်း ၃၀,၀၀၀ ခန့်၏ စာရင်းဇယားများကို သိမ်းဆည်းထားမည်ဖြစ်ကြောင်း** သိရသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ယခုနှစ်အစောပိုင်းထုတ်ပြန်ခဲ့သည့် စာရင်းများအရ ထိုင်း-မြန်မာ နှစ်နိုင်ငံ အပြန်အလှန်ကုန်သွယ်မှုသည် ၅ ဒသမ ၅ ရာခိုင်နှုန်း၊ အမေရိကန်ဒေါ်လာ ၆၉ ဒသမ ၅ သန်းခန့်မြင့်တက်လာပြီး ၂၀၁၈-၁၉ ဘဏ္ဍာနှစ် အစောပိုင်းသုံးလနှင့် ပြီးခဲ့ သည့်နှစ်ဘဏ္ဍာနှစ်၏ အရေအတွက်နှင့် တူညီခဲ့ကြောင်း သိရသည်။

**နှင်းနဝေ (သတင်း၊ ဓာတ်ပုံ)**

# ထိုင်းနိုင်ငံက မြန်မာဘက်ကို အသိမပေးဘဲ မြေထိန်းနံရံကာရံနေမှုနှင့် ရေသွယ်မြောင်းပြုလုပ်မှုကို ကန့်ကွက်လွှာတင်ထားဟု ဆို



မြန်မာ-ထိုင်းနယ်စပ်ဒေသ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ **တာချီလိတ်နှင့် မယ်ဆိုင်အကြားရှိ မယ်ဆိုင်ချောင်းအတွင်း ထိုင်းနိုင်ငံမယ်ဆိုင်ဘက်ခြမ်းအိမ်ရှင်များက ကမ်းပါး မြေထိန်းနံရံတည်ဆောက်မှုနှင့် ချောင်းရေသွယ်တန်းမှုများကို မြန်မာနိုင်ငံဘက်သို့ အကြောင်းမကြားဘဲလုပ်ဆောင်ထားခြင်းကို** မေလ ၁၀ ရက်တွင် ကန့်ကွက်လွှာတင်ထားကြောင်း တာချီလိတ်ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်က ပြောသည်။

နှစ်နိုင်ငံနယ်စပ်ဖြစ်သည့် မယ်ဆိုင်ချောင်းအတွင်း မြေထိန်းနံရံတည်ဆောက်နေကြောင်း သတင်းရရှိသဖြင့် တာချီလိတ်ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာအဖွဲ့က မေလ ၉ ရက်ကသွားရောက်စစ်ဆေးရာ **ရေစုပ်စက်ဖြင့် အောက်ခြေရှိ ကျောက်ခဲများဖယ်ထုတ်ပြီး မြေထိန်းနံရံကို ချောင်းအတွင်း ၃ ပေခန့် ဆောက်လုပ်နေသည်ကိုတွေ့ရှိခဲ့ရသည့်**အပြင် ချောင်းတစ်လျှောက်လိုက်လံစစ်ဆေးရာတွင် **မယ်ဆိုင်ဘက်သို့ ရေမြောင်း ၂ ခုဖြင့် ရေသွယ်ယူထားသဖြင့် မယ်ဆိုင်ချောင်းအတွင်း ရေစီးဆင်းခြင်းမရှိတော့သည်ကို တွေ့ခဲ့ရခြင်းဖြစ်ကြောင်း** သိရသည်။

''ဟိုဘက်က အဆောက်အအုံ ပိုင်ရှင်တွေက မြေထိန်းနံရံတွေ လုပ်နေတယ်။ မူလနေရာတွေကို လုပ်တာ ပြဿနာမရှိပါဘူး။ တချို့နေရာတွေက ကျွန်တော်တို့ဘက်ကို ၂ ပေ ၃ ပေလောက် ကျောက်တုံးကျောက်ခဲတွေ စွန်းထွက်လာတယ်။ **ရေမြောင်းတွေတူးလိုက်တော့ မယ်ဆိုင်ချောင်းထဲကို မူလအတိုင်းသွားရမယ့် ရေတွေက မသွားတော့ဘူး၊ ရေမရှိတော့ ချောင်းတွေကောလာတာပေါ့။** ဒါတွေကို အဆင့်ဆင့်တင်ပြသွားဖို့ စီစဉ်ထားပါတယ်'' ဟု ၎င်းကပြောသည်။

နယ်နိမိတ်ချောင်းနှင့်ပတ်သက်၍ လုပ်ဆောင်မှုများကို နှစ်နိုင်ငံကြား အသိပေးညှိနှိုင်း ဆောင်ရွက်ရမည်ဖြစ်သော်လည်း **တစ်ဖက်နိုင်ငံက အသိမပေးဘဲ လုပ်ဆောင်ထားမှုများကို မှတ်တမ်း ဓာတ်ပုံများဖြင့် နယ်ခြားကော်မတီ တို့မှတစ်ဆင့် ကန့်ကွက်လွှာတင်ရန်အတွက်** တာချီလိတ် ခရိုင်အုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာအဖွဲ့က မေလ ၁၀ ရက်တွင် ထပ်မံစစ်ဆေးမှုများပြုလုပ်ခဲ့ကြောင်းသိရသည်။

**ရှိန်းဝင်းထိုက်**

**(ဓာတ်ပုံ-မြို့နယ်ထွေ/အုပ်)**

# အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်း နှစ်နိုင်ငံပြည်သူများ လွတ်လပ်စွာသွားလာနိုင်ရေး လုပ်ဆောင်နေဟု ဆို



**အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်း နှစ်နိုင်ငံ ပြည်သူများ လွတ်လပ်စွာသွားလာနိုင်ရေး အတွက် လုပ်ဆောင်လျက်ရှိကြောင်း** ချင်းပြည်နယ်အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုးထက် ပြောကြားချက်အရ မေလ ၁၀ ရက်တွင်သိရသည်။

**အိန္ဒိယ-မြန်မာ နှစ်နိုင်ငံ သဘောတူညီချက်အရ ၁၃ ရက်ညအိပ် ၁၄ ရက် Border Pass (BP)စနစ်ပြေစာဖြင့် နှစ်နိုင်ငံခရီးသွား ပြည်သူများသည် နယ်စပ်မှ ၁၆ ကီလိုမီတာအထိသာ တရားဝင်ခွင့်ပြုချက်ဖြင့် သွားလာခွင့်ရှိရာမှ ပြည်နယ်နှစ်ခုစလုံးတွင် လွတ်လပ်စွာသွားလာနိုင်ရေးအတွက်** အိန္ဒိယအစိုးရနှင့် နှစ်နိုင်ငံညှိနှိုင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E Mr. Saurabh Kumar၊ အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ချုပ် Dr.Kumar Praveen နှင့် ပထမအတွင်းဝန် Dr.Muthukumarasamy B တို့ ချင်းပြည်နယ် ဖလမ်းမြို့သို့ရောက်ရှိခဲ့သော မေ ၉ ရက်ကလည်း ယင်းအကြောင်းအရာများကို ဆွေးနွေးမှုများပြုလုပ်ခဲ့ရာ သံအမတ်ကြီးမှ အိန္ဒိယနိုင်ငံအစိုးရသို့ တင်ပြပေးမည်ဟု ပြောကြားထားကြောင်းသိရသည်။

အဆိုပါ တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် အိန္ဒိယသံအမတ်ကြီးတို့သည် ချင်းပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာစေရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပိုမို တိုးတက်လာစေရေး၊ ကျေးလက်မီးလင်းရေး၊ အကောက်အခွန်ဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးအတွက် ချင်းပြည်နယ်-အိန္ဒိယလမ်း၊ တံတားတည်ဆောက်ရေးတို့ကို ဆွေးနွေးထားကြောင်း သိရသည်။

**ရှိန်းဝင်းထိုက်**

**(ဓာတ်ပုံ-ဦးလာလ်ပက်လောမ်)**

ဆရာမဒေါ်ခွယ်ခွယ်ဝင်း ဦးစီးသင်ကြားသည့်

**အောင်ဗိမာန်**

**ဆေးဝါးထွေမ်းတျပ် နှင့် အထူးထူးနာပြုထပ်တန်းကျောင်း**

အမှတ်(၂၈၁/၂၅၈)၊ပထမထပ်၊ အနော်ရထာလမ်း၊ ကုန်ဈေးတန်းမှတ်တိုင်ရှေ့၊ ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၀၉၄၂၁၁၃၉၇၀၀၊ ၀၉၇၉၁၁၃၉၇၀၀၊ ၀၉၇၃၀၄၁၂၉၆

ကိုယ်ပိုင်ဆေးဆိုင်ဖွင့်လိုသူများ၊ အကူသူနာပြုအလုပ်လုပ်ကိုင်လိုသူများတက်ရောက်နိုင်ပါသည်။ သင်တန်းဆင်းလက်မှတ်ပေးသည်။ ဘော်ဒါဆောင်စီစဉ်ပေးသည်။ အလုပ်အကိုင်ရရှိရန် ကူညီဆောင်ရွက်ပေးသည်။

- တစ်လပြတ်သင်တန်း ၃ - ၆ - ၂၀၁၉ စမည်။ (တနင်္လာမှ သောကြာ)
- နှစ်လပြတ်သင်တန်း ၈ - ၆ - ၂၀၁၉ စမည်။ (စနေနှင့် တနင်္ဂနွေ)
- သုံးလပြတ်သင်တန်း ၉ - ၆ - ၂၀၁၉ စမည်။ (တနင်္ဂနွေတစ်ရက်တည်း)

အကူသူနာပြုလိုအပ်ပါက
စုံစမ်းဆက်သွယ်နိုင်ပါသည်။
ပိတ်ရက်မရှိပါ။

**ပြည်မြန်မာသတင်းဂျာနယ်**

ဖုန်း - ၀၁ - ၃၈၅၂၉၃၊ ၀၃၉၂၇၃၉

www.free4readers.com



# ပဲခူးမြစ်ကူး သန်လျင်တံတားအမှတ် ၃ ကို စတင်တည်ဆောက်

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နှင့် သာကေတမြို့ကို ဆက်သွယ်မည့် ပဲခူးမြစ်ကူး သန်လျင်တံတားအမှတ် ၃ ကို မေလ ၁၃ ရက်တွင် ပန္နက်ရိုက်၍ စတင်တည်ဆောက်လျက်ရှိပြီး ၂၀၂၁ ခုနှစ် မတ်လဆန်းတွင် ပြီးစီးမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ သိရသည်။



အဆိုပါတံတားကို **ရန်ကုန် - သီလဝါ အထူးစီးပွားရေးဇုန်မှ ရန်ကုန်မြို့ရှိ စီးပွားရေးဇုန်များနှင့် ဆက်သွယ်ရာတွင် အချိန်ကြန့်ကြာမှုနှင့် ယာဉ်ကြောကျပ်တည်းမှု မရှိစေရန်၊** နိုင်ငံတကာအဆင့်မီ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်နိုင်ရန် ရည်ရွယ်ကာ ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(JICA) နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းတည်ဆောက်ခြင်းဖြစ်ကြောင်းသိရသည်။

"သန်လျင်တံတား ချဉ်းကပ်လမ်း (သာကေတဘက်ခြမ်း)ကို သာကေတအဝိုင်း အနီး၊ ၁၀၈ တောင် ဘုရားအရှေ့ကနေ ရွှေခင်းသာမြို့ပတ်လမ်းအထိ မူလကတ္တရာလမ်းဟောင်းကို ပိတ်သိမ်းပြီး တံတားလုပ်ငန်းခွင်အဖြစ် စတင်အသုံးပြုတော့မှာဖြစ်လို့ လမ်းဘေးဝဲ၊ ယာ နှစ်ဖက် အသစ်တိုးချဲ့တည်ဆောက်ထားတဲ့ ကတ္တရာလမ်းသစ်အတိုင်း မော်တော်ယာဉ်တွေမောင်းနှင် အသုံးပြုရမှာပါ" ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန စီမံကိန်းအကောင်အထည်ဖော်ဆောင်ရေးအဖွဲ့ မှတာဝန်ရှိသူတစ်ဦးက ပြောသည်။

သန်လျင်တံတား **အမှတ် ၃ ကို သန်လျင် တံတား အမှတ် ၁ ၏ အောက်ဘက် ၁၂၅ မီတာအကွာတွင် တည်ဆောက်ခြင်းဖြစ်ကာ တံတား အရှည် ၁၉၂၈ မီတာရှည်လျားပြီး ပင်မတံတား အရှည် ၁၂၂၄ မီတာ၊ သာကေတ ဘက်ခြမ်းချဉ်းကပ်တံတားအရှည် မီတာ ၃၀၀၊ သန်လျင်ဘက်ခြမ်းတွင် ၄၀၄ မီတာ ဖြင့် တည်ဆောက်သွားမည်ဖြစ်သည်။**

Flyover Bridge ချဉ်းကပ်တံတားအပိုင်းတွင် သာကေတ ဘက်ခြမ်း၌ ၅၄၇ မီတာ၊ သန်လျင်ဘက်ခြမ်းတွင် ၁၈၈ မီတာ ရှိပြီး **လေးလမ်းသွား ပင်မတံတားအကျယ် မှာ ၂၄ မီတာ၊** နှစ်လမ်းသွား Flyover Bridge အကျယ်မှာ ၁၂ ဒသမ ၅ မီတာ (ကုန်းပေါ်အပိုင်း) နှင့် တစ်လမ်းသွား On-ramp Bridge အကျယ်မှာ ၅ ဒသမ ၅၇ မီတာ (ကွေ့ဝိုက်၍တက်မည့်လမ်း) ဖြစ်သည်။

တံတား၏ အမျိုးအစားကို အပေါ်အထည် Steel Box Girder ဖြင့် ဆောက်လုပ်မည်ဖြစ်ပြီး အုတ်မြစ်ကို Steel Pipe Sheet Pile ဖြင့် တည်ဆောက်မည် ဖြစ်ကာ **ယာဉ်တစ်စီးစီ၏ ခံနိုင်ဝန် ၇၅ တန် သတ်မှတ်ထားကြောင်း** နှင့် တံတား ပြီးစီးသွားပါက သီလဝါအထူးစီးပွားရေးဇုန်ကို အကြောင်းပြု၍ ရန်ကုန်မြို့အပါအဝင် သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ စသည့် မြို့နယ်များမှ ပြည်သူတို့၏ လူမှုစီးပွား ဘဝတိုးတက်လာနိုင်မည်ဖြစ်ကြောင်းသိရသည်။

ပဲခူးမြစ်ကူး တံတားဖြစ်သော သန်လျင်တံတားအမှတ် ၃ ကို **JICA ချေးငွေ ဒေါ်လာ ၂၈၂ ဒသမ ၅၄၀ သန်းနှင့် ပြည်တွင်းမှ ဒေါ်လာ ၄၀ ဒသမ ၆၆၆ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၂၃ ဒသမ ၂၀၆ သန်းဖြင့်တည်ဆောက်ခြင်း** ဖြစ်ကြောင်းသိရသည်။

**ရှိန်းဝင်းထိုက်**
**ဓာတ်ပုံ - ဆောက်လုပ်ရေးဝန်ကြီးဌာန**

# လုမ္ဗိနီဥယျာဉ်၌ ကုလသဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်၏ရုပ်တု ထားရှိမည်



နီပေါနိုင်ငံ လုမ္ဗိနီ၌ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်၏ ရုပ်တု ထားရှိမည်ဖြစ်ပြီး ရုပ်တု ဖွင့်ပွဲ **အခမ်းအနားကို နီပေါနိုင်ငံ လုမ္ဗိနီ၌ မေလ ၁၇ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း** သိရသည်။

ဦးသန့်သည် လုမ္ဗိနီသို့ ၁၉၆၇ ခုနှစ် ဧပြီလက သွားရောက်လည်ပတ်ခဲ့ပြီးနောက်တွင် ကုလသမဂ္ဂနှင့် နီပေါနိုင်ငံ အစိုးရတို့အတူ ပူးပေါင်းကာ **လုမ္ဗိနီစီမံကိန်းကို အကောင်အထည်ဖော်ခဲ့ကြောင်း၊ လုမ္ဗိနီအား အပြည်ပြည်ဆိုင်ရာ ဘုရားဖူးနေရာအဖြစ် တိုးတက်ဖွံ့ဖြိုးလာအောင်ပြုလုပ်ရန် ပထမဦးဆုံး အကြံပေးခဲ့သူမှာ ဦးသန့်ဖြစ်ကာ ကမ္ဘာငြိမ်းချမ်းရေးနှင့်သဘောထားကြီးခြင်းကို ကိုယ် စားပြုသည့် သင်္ကေတနေရာဖြစ်လာစေရန် ရည်ရွယ်ခဲ့ကြောင်း** သိရသည်။ ထိုဦးသန့်ရုပ်တုဖွင့်ပွဲသို့ နီပေါနိုင်ငံသမ္မတ ဘီဒီယာဒေဗီ ဘန်ဒါရီကိုယ်တိုင် တက်ရောက် ဖွင့်လှစ်မည်ဖြစ်ပြီး ဦးသန့်၏ မြေးဖြစ်သူ ဒေါက်တာသန့်မြင့်ဦးလည်း တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။ ဒေါက်တာသန့်မြင့်ဦးအနေဖြင့် မေလ ၁၆ ရက်တွင် ဦးစွာ ကတ်သမန်ဒူမြို့သို့ ရောက်ရှိမည်ဖြစ်ပြီး ကဆုန်လပြည့် ဗုဒ္ဓနေ့ (Vesak) ပွဲတော်တွင်လည်း ပါဝင်ဆင်နွှဲမည်ဖြစ်ကြောင်း သိရသည်။

**HNW (Photo- Thant Myint U fb)**

# ပန်းလှိုင်စီလုံဆေးရုံမှ သရုပ်ဆောင် ချစ်သုဝေကို ကျန်းမာရေးသံတမန်အဖြစ် ခန့်အပ်




FMI ကုမ္ပဏီနှင့် OUE Lippo ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းစုကြီး၏ စီမံခန့်ခွဲမှုအောက်တွင် စနစ်တကျလုပ်ကိုင်လျက်ရှိသော **နိုင်ငံတကာအဆင့်မီ ပန်းလှိုင်စီလုံဆေးရုံ (လှိုင်သာယာ)က သရုပ်ဆောင် အဆိုတော် ဒေါက်တာ ချစ်သုဝေအား ကျန်းမာရေးသံတမန်အဖြစ် မတ်လ ၉ ရက်က ခန့်အပ်လိုက်ကြောင်း** သိရသည်။

ယခုကဲ့သို့ ဒေါက်တာ ချစ်သုဝေကို ပန်းလှိုင်စီလုံဆေးရုံကြီး၏ ကျန်းမာရေးသံတမန်အဖြစ် ခန့်အပ်ခဲ့သောကြောင့် ဒေါက်တာ ချစ်သုဝေအနေဖြင့် ပန်းလှိုင်စီလုံဆေးရုံကြီးနှင့် ပူးပေါင်း၍ အများပြည်သူများအတွက် ကျန်းမာရေးဗဟုသုတများကို မျှဝေသွားမည်ဖြစ်ကြောင်း သိရသည်။ ကျန်းမာရေးသံတမန်အဖြစ် ခန့်အပ်ခြင်းခံရသော ဒေါက်တာ ချစ်သုဝေက "ပန်းလှိုင်စီလုံဆေးရုံကြီးက တာဝန်ရှိသူတွေက ကျန်းမာရေးသံတမန်အဖြစ် လာပြီးပူးပေါင်းလုပ်ကိုင်ဖို့ ကမ်းလှမ်းခဲ့ပါတယ်။ အဲဒီအခါမှာ ထရီဇာက ပန်းလှိုင်စီလုံဆေးရုံကို ပိုပြီးလေ့လာရပါတယ်။ စီးပွားရေးဆန်ဆန်ကြော်ငြာတွေကို သံတမန်အဖြစ် ဆောင်ရွက်ရတဲ့အခါမှာ အရမ်းဂရုစိုက်ရသလိုပါပဲ။ အခု ပြည်သူ့ကျန်းမာရေးလုပ်ငန်းတွေမှာ လုပ်ရတာဖြစ်တဲ့အတွက် ပန်းလှိုင်စီလုံဆေးရုံရဲ့ လုပ်ငန်းဆောင်တာတွေ၊ သွားနေတဲ့လမ်းကြောင်း တွေကို ထရီဇာတို့ သေချာလေ့လာခဲ့ပါတယ်။ အဲဒီမှာ ဝမ်းသာစရာကောင်းတာက ဘာလဲဆိုတော့ ပန်းလှိုင်စီလုံဆေးရုံသည် ပြည်သူတွေအနေနဲ့ ကြည့်မယ်ဆိုရင် အဆင့်မြင့်ဆေးရုံကြီး တစ်ခုဖြစ်တယ်။ **ကျန်းမာရေးစောင့် ရှောက်မှုရယူဖို့အတွက် လက်လှမ်းမီတဲ့သူ တွေက အနည်းငယ်ပဲရှိမယ်လို့ထင်ရပေမယ့် လှိုင်သာယာမှာ နေထိုင်ကြတဲ့ အခြေခံပြည်သူလူထုတွေအတွက် ဝန်ဆောင်မှုတွေကို ထိထိရောက်ရောက်ပေးနေတာတွေ့တော့ တကယ်ပဲ ဝမ်းသာမိပါတယ်။** ပြည်သူတွေရဲ့ကျန်းမာရေးစောင့်ရှောက်မှုအတွက် တကယ့်စေတနာမေတ္တာနဲ့လုပ်ဆောင်နေတာ သိရတဲ့အတွက် ထရီဇာတကယ်ပဲဝမ်းသာပါတယ်။ အခုလို ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုကို တစ်တပ်တစ်အားနဲ့ပါဝင်ဆောင်ရွက်နေတဲ့ ပန်းလှိုင်စီလုံဆေးရုံကြီးရဲ့သံတမန်အဖြစ် ပူးပေါင်းလုပ်ဆောင်ရတဲ့အတွက် ဝမ်းသာမိပါတယ်" ဟု ပြောသည်။

ယခုအခါ မြန်မာနိုင်ငံတွင် **ပန်းလှိုင်စီလုံဆေးရုံများကို လှိုင်သာယာ၊ မန္တလေး၊ တောင်ကြီးမြို့များနှင့် ပန်းလှိုင်ဆေးခန်းများကို ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ သန်လျင်မြို့ Star City နှင့် ရှမ်းပြည်နယ် ညောင်ရွှေမြို့တို့တွင် ဖွင့်လှစ်ထားပြီး လူတန်းစားမရွေး ကျန်းမာရေးဝန်ဆောင်မှုများကို ပေးလျက်ရှိကြောင်း** သိရသည်။

မင်းအိုက်စွန်းန် (သတင်း၊ ဓာတ်ပုံ)

# ထိုင်းစစ်တပ်နှင့် မူးယစ်ဆေးသယ်ဆောင်သောအဖွဲ့ ပစ်ခတ်မှုဖြစ်ပွားရာ ၄ ဦး သေဆုံးပြီးနောက် မြန်မာဘက်ခြမ်းတွင်း ပိုင်ရှင်မဲ့ မူးယစ်ဆေးများသိမ်းဆီးရမိ



မြန်မာ-ထိုင်း နယ်စပ်ဒေသ ထိုင်းနိုင်ငံ မယ်ဆိုင် ဘက်ခြမ်းတွင် မေလ ၁၁ ရက်ည ၉ နာရီခန့်က **ထိုင်းစစ်တပ်နှင့် မူးယစ်ဆေးသယ်ဆောင်သောအဖွဲ့ ပစ်ခတ်မှုဖြစ်ပွားရာ မူးယစ်ဆေးသယ်ဆောင်သူ ၄ ဦးသေဆုံးပြီးနောက် မြန်မာဘက်ခြမ်းတွင်ပိုင်ရှင်မဲ့ မူးယစ်ဆေးများ သိမ်းဆည်းရမိခဲ့ကြောင်း** တာချီလိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မေလ ၁၃ ရက်တွင်သိရသည်။

ဖြစ်စဉ်မှာ တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ)ကျေးရွာအုပ်စု ၊ဝေ့လေလန်ရွာနှင့် မျက်နှာချင်းဆိုင် **ထိုင်းနိုင်ငံဘက်ခြမ်းတွင် မူးယစ်ဆေးသယ်ဆောင်သော အမျိုးသား ၃၀ ခန့် ပါဝင်သည့်အဖွဲ့နှင့် ထိုင်းစစ်တပ်တို့ ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ မူးယစ်ဆေးသယ်ဆောင်သောအဖွဲ့မှ ၄ ဦးသေဆုံးခဲ့ပြီး** မူးယစ်ဆေး ၃၄၀ ကီလိုဂရမ် ထည့်ထားသည့် ကျောပိုးအိတ် ၁၇ လုံးတို့ကို သိမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ထို့ကြောင့် မြန်မာနိုင်ငံ ဘက်တွင် နယ်မြေခံတပ် နှင့် သက်ဆိုင်ရာအဖွဲ့တို့က မေ ၁၂ ရက် နံနက် ၆ နာရီက တာချီလိတ်ဘက် မယ်ဆိုင်ချောင်းတစ်လျှောက် နယ်မြေရှင်းလင်းရှာဖွေမှုများ ပြုလုပ်ရာ နံနက် ၁၀ နာရီ မိနစ် ၃၀ ခန့်တွင် အစိမ်းရောင် ကျောပိုးအိတ်တစ်လုံးနှင့်လွယ်ကြိုးတပ်ထားသည့် ဆာလာအိတ် ၂ လုံးကို ထပ်မံ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ "တပ်မတော်နဲ့ ပြည်သူ့စစ်အဖွဲ့ပူးပေါင်းပြီး ချောင်းတစ်လျှောက်ရှာဖွေရှင်း လင်းမှုတွေလုပ်တဲ့အခါ မူးယစ်ဆေးဝါး ကီလို ၆၀ ကိုတွေ့တယ်။ **အဓိကဖြစ်တာက မယ်ဆိုင်ဘက်ခြမ်းမှာ၊ ကီလို ၆၀ က တာချီလိတ်ဘက်ခြမ်းမှာ တွေ့တာ**" ဟု မိုင်းဖုန်း (ခ)ကျေးရွာအုပ်စုတွင်နေထိုင်သူတစ်ဦးကပြောသည်။

အိတ်များကို ဖွင့်ဖောက် စစ်ဆေးရာ ကျပ်သိန်းပေါင်း ၆၀၀၀ ခန့်တန်ဖိုးရှိ မူးယစ်ဆေးဝါးများကို တွေ့ရှိခဲ့သောကြောင့် သက်ဆိုင်ရာသို့ လွှဲပြောင်းပေးအပ်ထားကြောင်းနှင့် ဝမ်ပုံနယ်မြေရဲစခန်းတွင် မယ(ပ) ၆/၂၀၁၉/မူး/စိတ် ပုဒ်မ ၁၉ (က) ဖြင့် အမှုဖွင့် ထားကြောင်းသိရသည်။

**ရှိန်းဝင်းထိုက်**
**(ဓာတ်ပုံ-စဗခ(တခလ))**

www.free4readers.com



www.free4readers.com



# ရွှေကိုယူသည် ငွေကိုယူသည် ခွေးကိုလည်းယူသည်



ဒေါက်တာခင်မောင်ညို

> လူတိုင်းလူတိုင်း ဆံပင်အရှည်ထားရပြီး ဆံပင်ဖြတ်ရောင်း နိုင်ငံတော်ကိုအလုပ်အကျွေးပြုရတယ်။ ပြီးတော့ စားစရာအတွက် ခွေးကိုစားပြီး အာဟာရပြုရတယ်။ သည်းခံပါခင်ဗျာ။

''ကမ္ဘာကြီးကို ဘယ်သူပိုင်သလဲ''

တစ်နေ့က ခွေးချစ်သူကိုဘလှ အိမ်ကိုရောက်လာပြီး ဒေါနဲ့မောနဲ့ပြောတာပါ။

''ခွေးတွေမပိုင်တာတော့ သေချာတယ်''

ကျွန်တော် သူ့စိတ်ကိုဆွပေးလိုက်တာပါ။ သူက ပိုစိတ်ဆိုးသွားပါတယ်။

''တကယ်တော့ လူတွေကကမ္ဘာကြီးကို မောင်ပိုင်စီးထားတာအသေအချာပါပဲ''

ကျွန်တော်ကိုဘလှကို စတာဖြစ်ပါတယ်။ သူက ခွေးတွေကို ကျွေးမွေးတတ်သူတစ်ယောက်ဖြစ်တယ်။ အချို့က ခွေးတွေကို တကယ်ချစ်တယ်။ ဂရုဏာရှိတယ်။

''ကျွန်တော့အဘိုးက တစ်နေ့ကို ဆန်ပြုတ်တစ်အိုးကျိုတယ်။ တကယ်တော့ ဆန်ပြုတ်တော့မဟုတ်ဘူး။ ဆန်ကွဲပြုတ်ပါပဲ။ ဒါပေမဲ့ အဘိုးက ခွေးပဲကျွာဆန်ကွဲနဲ့ ဆန် ခွဲခြားတတ်တာမှမဟုတ်တာပဲတဲ့''

အမှန်တော့ ကျွန်တော်တို့ ဆိုင်တွေမှာရောင်းတဲ့ဆန်ပြုတ်အများစုဟာ ဆန်ကွဲတွေကိုပြုတ်ထားကြတာပဲ။ အဖိုးဟာ အသက် ၁၀၃ နှစ်အထိ ကျန်းမာစွာပဲနေထိုင်သွားနိုင်သူဖြစ်တယ်။ ပြဿနာက ခွေးများကြောင့်လည်းမဟုတ်၊ လူတွေကြောင့်လည်းမဟုတ်ပါ။ တရားဥပဒေနဲ့ ပတ်သက်နေတာကြောင့်ပါပဲ။ ခွေးနဲ့ ပတ်သက်တဲ့ တရားဥပဒေရှိဖို့လိုတယ်။ အဲဒီတရားဥပဒေဟာလည်း သက်ရောက်မှုရှိဖို့လိုတယ်။ **ဥပမာ အင်္ဂလန်တို့ ဩစတြေးလျတို့လိုနိုင်ငံတွေမှာ ခွေးကို ဘယ်သူမှရိုက်လို့မရဘူး။(ခဲနဲ့လည်းပေါက်လို့မရဘူး) ခွေးကို ထိခိုက်နာကျင်စေတယ်ဆိုရင် တရားစွဲခံရတယ်၊ ငွေဒဏ် ထောင်ဒဏ်ကျခံရတတ်တယ်၊ ခွေးတို့ကလေးတို့ကိုနှိပ်စက်ရင် ကြီးလေးတဲ့အပြစ်ဒဏ်ကျခံရတတ်တယ်၊ သို့သော်ခွေးလေခွေးလွင့်တွေမရှိစေရဘူး၊ စွန့်ပစ်ခွေးတွေရှိရင် ခွေးဂေဟာမှာထားရပါတယ်၊ ခွေးကိုထောင်ချထားသလိုမျိုးပေါ့၊ ဒီခွေးတွေကို ခွေးချစ်သူတွေခေါ်ယူမွေးတာတွေရှိတယ်၊**

ဘယ်လိုမွေးမွေး ခွေးမွေးတဲ့သူတွေမှာ စောစောကပြောသလို ခွေးကိုကာကွယ်တဲ့ဥပဒေရှိလိုသလို **ခွေးမွေးမြူရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းကို လိုက်နာဖို့လည်းလိုတယ်၊** ဆိုလိုတာက ခွေးတွေအတွက် **တာဝန်ယူမှုတာဝန်ခံမှုရှိဖို့လိုတယ်၊ ခွေးတွေကို ကာကွယ်ဆေးတွေထိုးပေးထားရတယ်၊ အဲဒီခွေးတွေတစ်စုံတစ်ယောက်ကိုကိုက်ရင် ပိုင်ရှင်ကတာဝန်ယူရတယ်၊ တာဝန်ယူတယ်ဆိုတာက ဆေးကုပေးရသလို လျော်ကြေးပေးရတယ်၊ခွေးရူးရောဂါရလို့သေသွားရင်တော့ အဲဒီလူဟာ စည်းစိမ်ပြုတ်လောက်အောင် လျော်ရတော့တာပဲ၊** နောက်တစ်ခုက သန့်ရှင်းရေးနဲ့ဆိုင်တယ်။ ခွေးချစ်သူတွေဟာ ခွေးတွေကိုလမ်းပေါ်မှာ ဆွဲသွားတာတွေရှိတယ်။ **တစ်ခါတစ်ခါလည်း ပြည်သူတွေအပန်းဖြေတဲ့ပန်းခြံလိုနေရာမှာ အညစ်အကြေးစွန့်တဲ့အခါ ပိုင်ရှင်ကသိမ်းရပါတယ်၊** ကျွန်တော်ဂျပန်ရောက်လို့ နံနက်စောစောလမ်းလျှောက်တဲ့အခါ ခွေးချစ်သူတွေဟာ ခွေးဆွဲလမ်းလျှောက်တာတွေကိုတွေ့ရတယ်။ ဒီလိုသွားနေရင်း ခွေးက အညစ်အကြေးစွန့်ဖို့ လမ်းဘေးရပ်တာပေါ့။ ဒီအခါ ပိုင်ရှင် (မိန်းကလေးတွေ)ဟာ ခွေးချေးကိုကျုံးတယ်။ ခွေးနောက်ပိုင်းမှာပေနေတဲ့ချေးတွေကိုသုတ်ပေးရတယ်။ ပြီးတော့ သူ့ဆီမှာပါတဲ့ အိတ်လေးထဲထည့်သွားတော့တာပဲ။ ဒါက ခွေးပေါ်တာဝန်ယူတာကိုပြောတာပါ။

နောက်တစ်ခုက ခွေးဆိုတာ မိတ်ကောင်းဆွေကောင်းဆိုတာကို လက်ခံတဲ့သူတွေအကြောင်းပါပဲ။ ခွေးဟာ သစ္စာအရှိဆုံး မိတ်ဆွေကောင်း (Best friend of man) ဆိုတာကို လက်ခံကြသူတွေအများကြီးပါပဲ။ မြန်မာပြည်က တချို့ဒေသမှာ ခွေးကို သားသမီးလိုလုပ်ဖော်ကိုင်ဘက်လိုသဘောထားတယ်။ တူတူနေတယ်၊ တူတူစားတယ်။ ခွေးတွေက သူတို့နဲ့အတူ အမဲလိုက်တယ်။ ဒါကြောင့် ခွေးတွေဟာ သူတို့ရဲ့လက်နက်ကိရိယာလိုဖြစ်လာတယ်။ ဟာသစာရေးဆရာအကြည်တော်က သူရဲ့ ဟောပြောပွဲသွားရောက်တဲ့အကြောင်း ပြောဖူးတယ်။ သူရောက်သွားတဲ့ဒေသဟာ ဝေလ်ခေါင်ဖျားဒေသပါပဲ။ အိမ်တွေကလည်း ကြိုးတိုးကြဲတဲနဲ့။ ဘာကြောင့် သူ့ကို စာပေဟောပြောပွဲခေါ်လဲဆိုတာ သူ စဉ်းစားလို့မရဘူးတဲ့။ တချို့နေရာတွေမှာတော့ စာပေဟောပြောပွဲဆိုတာ ဇာတ်ပွဲအငြိမ့်တွေလိုယူဆပြီး ကျင်းပတာတွေရှိတယ်။ ဆရာတော်တစ်ပါးကတော့

''အငြိမ့်သွင်းရင် ကျပ်သိန်းလေးငါးဆယ်ကုန်မယ်။ စတိတ်ရှိုးလုပ်ရင် အဆိုတော်တစ်ယောက်ကို သိန်း ၂၀ လောက်ပေးရမယ်။ စာရေးဆရာခေါ် ဟောပြောခိုင်းရင်တော့ တစ်သိန်းလောက်စီပေးရင် အဆင်ပြေတယ်။ ဒါကြောင့် စာပေဟောပြောပွဲလုပ်တာ''လို့ ပြောတာကိုကြားဖူးတယ်။

စာရေးဆရာတစ်ယောက်ကတော့ သူဟောပြောပွဲမှာကြုံရတဲ့အကြောင်းကို ပြောပြဖူးတယ်။

''ကျွန်တော်က ဧရာဝတီမြစ်ကမ်းနဖူးမှာရှိတဲ့ရွာတစ်ရွာကို ဟောပြောပွဲအတွက်ရောက်သွားတယ်။ ရွာကတော့ရွာကြီးပါပဲ။ အဲဒီရွာနဲ့ ရွာနီးချုပ်စပ်ကလူတွေ ဟောပြောပွဲကိုလာတယ်။ ကျွန်တော်ဟောပြောတဲ့စင်ပေါ်တက်လိုက်တော့ အရှေ့မှာကလေးတွေချည်းပါပဲ။ သူတို့ဟာကျွမ်းထိုးလိုက်ဆော့လိုက်နဲ့ပေ့ါ။ ကျွန်တော်လည်းကြိုးစားဟောပြောပါတယ်။ကလေးအချို့လည်း တမှော့မှော့နဲ့နားထောင်တာတွေ့တော့ဝမ်းသာတာပေ့ါ။ ဒီအချိန်မှာ အမျိုးသမီးကြီးတစ်ယောက်ဟာ စင်ရှေ့ကိုဒေါနဲ့မောနဲ့ရောက်လာတယ်။ ဒီနောက် စင်ရှေ့မှာရှိတဲ့ကလေးတစ်ယောက်ရှေ့မှာရပ်ပြီး ''သာဂိ ၊ ငါ့ ဖြင့် တစ်ရွာလုံးပတ်ရှာရတာမောနေတာပဲ။ ကတာလည်းမဟုတ် ခုန်တာလည်းမဟုတ် ဒီမှာနင့်ပီထွေးပြော တာကိုလာနားထောင်နေတာကိုး။ လိုက်ခဲ့''ဆိုပြီး နားရွက်ဆွဲခေါ်သွားတယ်။ ကျွန်တော့်မှာ သူ့ယောက်ျားအတုဖြစ်ရသေး''လို့ ပြောသွားဖူးတယ်။

အကြည်တော်ကတော့ တိုင်းရင်းသားကျေးရွာလေးအဆင်ပြေသား။ သူ့ကို အစားအစာတွေကျွေးတယ်။ ပြီးတော့ ထမင်းကျွေးတာပေ့ါ။ ဆီမပါပေမယ့် အရသာရှိသားလို့အောက်မေ့တယ်။ စားသောက်ပြီးတော့ သူစားထားတဲ့ပန်းကန်ကိုယူပြီး ထမင်းတွေထပ်ထည့်ကာ ဘေးနားကခွေးကိုကျွေးတယ်။ ခွေးက ပြောင်အောင်စားတယ်၊ ခွေးလျက်လိုက်တာ ပလတ်စတစ်ပန်းကန်ဟာ ပြောင်လက်လာတာပဲ။ ဒီတော့ ကျွန်တော်မေးကြည့်တယ်။ အဒေါ် ဒီပန်းကန်တွေပြန်မဆေးတော့ဘူးလား။ မဆေးတော့ပါဘူး။ ရေရှားတယ်လေ။ ဒါနဲ့အဒေါ် စောစောကကျွန်တော်စားတဲ့ပန်းကန်ကိုရော ပြန်မဆေးထားဘူးလား။ မဆေးထားပါဘူး။ ခွေးလျက်ထားတာပဲ။ ဘာလဲမပြောင်လို့လားတဲ့။

နိဂုံးမချုပ်ခင်မှာ ခွေးနဲ့ပတ်သက်ပြီး ကိုမင်းသူပြောတာကိုတင်ပြလိုတယ်။ မကြာသေးမီကကျင်းပတဲ့ ခွေးချစ်သူများပွဲကို ကိုမင်းသူရောက်သွားခဲ့ပါတယ်။မြန်မာပြည်မှာမဟုတ်ပါဘူး။ အင်္ဂလန်မှာပါ။ အဲဒီနေရာကို Bel Vue လို့ခေါ်တယ်။ ပန်းခြံပေ့ါ။ ခွေးတွေကို အဝတ်အစားမျိုးစုံဝတ်ဆင်ထားတယ်။ ဒီဝတ်စုံတွေထဲက အချို့ဟာ ရုပ်ရှင်မင်းသားမင်းသမီးတွေရဲ့ အဝတ်ထက်တောင်တန်ဖိုးရှိသတဲ့။ သူတို့ပြလိုက်တာ လှည့်ကွက် (Trick)မျိုးစုံပါတယ်။ ခွေတွေထက် ခွေးချစ်တဲ့အမျိုးသမီးငယ်တွေက ပိုကြည့်လို့ကောင်းသတဲ့။ ဒါပေမဲ့ ခွေးချစ်သူအများစုဟာ အမျိုးသမီးကြီးတွေပါပဲတဲ့။

''ကိုမင်းသူ ကျွန်တော့်ကို ဘာလို့ဒီအကြောင်းတွေကိုပြောနေရတာလဲ''

''ဒီလိုလေ။ ကျွန်တော်လည်း မြန်မာပြည်မှာ ခွေးပြပွဲတစ်ခုကို ပန်းခြံတစ်ခုမှာလုပ်ရင်ကောင်းမလားလို့''

''ကောင်းတာပေ့ါ။ ရည်ရွယ်ချက်က ဘာလဲ၊ ခွေးဆွဲလာတဲ့မိန်းကလေးတွေကိုကြည့်ဖို့တော့မဟုတ်ပါဘူးနော်''

''မဟုတ်ပါဘူး။ ကျွန်တော်တို့ရပ်ကွက်ထဲမှာ ဒီလိုခွေးဆွဲလမ်းလျှောက်တဲ့ ကောင်မလေးတွေအများကြီးရှိတယ်။ ဒါပေမဲ့ သူတို့ခွေးတွေဟာ ကျွန်တော်တို့လမ်းမှာမစင်စွန့်တယ်။ ပြီးတော့ အချို့ခွေးတွေဟာ ကားခေါင်မိုးပေါ်တက်အိပ်တယ်။ လူတွေအနားကဖြတ်သွားရင် ခွေးနောက်ဖက်ကစအိုနဲ့ မျက်နှာ တန်းနေတာပဲ''

''သူတို့ပါးစပ်နဲ့ခင်ဗျားလည်ပင်းတန်းနေရင် ပိုဆိုးတာပေ့ါ''

''ဟုတ်ပါတယ်။ ဒါကြောင့် ကျွန်တော်ကခွေးပွဲမှာ ပြောချင်တာတွေရှိတယ်၊ အဲဒါကိုပြောမှာပါပဲ''

''ဘာကိုပြောမှာလဲ''

''ခွေးချစ်သူများခင်ဗျာ။ ကျွန်တော်တစ်ခုတော့တောင်းဆိုပါရစေ။ မြန်မာပြည်မှာ ခွေးကောင်ရေ ၅ သန်းကျော်ရှိတယ်လို့သိရတယ်၊ ဒီတော့ ကျွန်တော်တို့တိုင်းပြည်နဲ့ပတ်သက်ပြီး စဉ်းစားကြပါ။ **ယနေ့ကမ္ဘာမှာ ချမ်းသာတဲ့စာရင်းဝင်နေတဲ့ တောင်ကိုရီးယားနိုင်ငံဟာ ၁၉၆၀ ပြည့်နှစ်လောက်က အတော်ဆင်းရဲတယ်၊ ဘယ်လောက်ဆင်းရဲလဲဆိုရင် လူတိုင်းလူတိုင်းဆံပင်အရှည်ထားရပြီး ဆံပင်ဖြတ်ရောင်း နိုင်ငံတော်ကိုအလုပ်အကျွေးပြုရတယ်၊ ပြီးတော့ စားစရာအတွက် ခွေးကိုစားပြီး အာဟာရပြုရတယ်၊ သည်းခံပါခင်ဗျာ၊** လူတွေဟာ ပရိုတင်းအရင်းအမြစ်ရဖို့လိုတယ်။ ဒီလိုရမှ မြန်မာသားကောင်းများဖြစ်လာမှာပါ။ ဒီတော့ ခွေးသားကို စဉ်းစားဖို့လိုတယ်။ ဒီခေတ်မှာ ခွေးသားဟာ အထူးစပါယ်ရှယ် Delicacy ဖြစ်နေပါတယ်။

''ကျွန်တော်အဖြစ်အပျက်တစ်ခုကို တင်ပြလိုတယ်။ အင်္ဂလန်မှာ ထုံးစံအတိုင်း စားသောက်ဆိုင်တွေကိုစစ်ဆေးတယ်။ တစ်နေ့မှာ စစ်ဆေးရေးအဖွဲ့ဟာ တရုတ်ဆိုင်တစ်ဆိုင်ကိုရောက်သွားတယ်တဲ့။ စစ်ဆေးရေးက ချက်ပြုတ်တာကျန်းမာရေးနဲ့ ညီမညီ အစားအသောက်တွေသိုလှောင်မှု မှန်ကန်မှုရှိမရှိကို စစ်ဆေးတာပေ့ါ။ ဒီလိုစစ်ဆေးတဲ့နေရာမှာ ရေခဲနေတဲ့ Freezer ထဲမှာ ခွေးတစ်ကောင်ကိုအေးခဲထားတာတွေ့ရတယ်။ ခွေးကိုအင်မတန်ချစ်တဲ့ အင်္ဂလိပ်တွေဟာ အရမ်းကိုလန့်ဖြန့်သွားတယ်။ ဘယ်လိုဖြစ်လို့ ခွေးတစ်ကောင် ဒီအထဲရောက်နေတာလဲဆိုပြီး သူတို့မေးခွန်းထုတ်တာပေ့ါ။

''ဆိုင်ရှင်ဟုတ်ပါလား''

''ဟုတ်ပါတယ်''

''ဒီခွေးကို ခင်ဗျားထည့်ထားတာလား''

''ဟုတ်ပါတယ်။ ကျွန်တော်ထည့်ထားတာပါ''

''ခင်ဗျားကိုအရေးယူရမယ်။ ပထမ ဒီခွေးသေကိုသိမ်းရမယ်''

''ဆရာကြီး။ အရေးယူချင်ယူပါ၊ ဒီခွေးကိုမသိမ်းပါနဲ့''

''ဘာဖြစ်လို့လဲ။ ဒါက ရာဇဝတ်မှုပဲ''

''ခွေးသေပါ။ ကျွန်တော်တို့ရာဇဝတ်မှုမလုပ်ပါဘူး။ ဒီခွေးက နှစ်ကူးမှာစားဖို့ အထူးစပါယ်ရှယ်ပါ''တဲ့။

ဒါဆိုရင်သဘောပေါက်နိုင်ပါတယ်။ **ခွေးကိုလူတွေကချစ်သလို အချို့ကလည်း အစားကောင်း Delicacy လို့သတ်မှတ်ထားကြတယ်၊**

''ဆရာညို ဘာလုပ်ချင်လို့လဲ''

''ကျွန်တော်ပြောထားတယ်လေ။ မြန်မာနိုင်ငံက ခွေးဖောက်ပြီးရောင်းရင် ကောင်းမှာပဲ''

''ခင်ဗျားကစီးပွားရေးအမြင်ရှိတာပဲ''

''ကျွန်တော်ခွေးကို အရင်းအနှီးလုပ်လို့ရတာတွေ စဉ်းစားတာရှိတယ်။ ခွေးကိုအိမ်မွေးအဖြစ်မွေးလို့ရတယ်''

''ဟုတ်တယ်လေ။ တယ်လီယာခွေးတွေကိုတွေ့ဖူးတယ်၊ သူတို့ကချေးကောင်းတယ်''

''မှန်တာပေ့ါ။ ဒိုဘာမင်တို့ အယ်ဖေးရှင်းတို့ဆိုတာလည်းရှိတယ်။ အဲဒီခွေးတွေလည်း အရမ်းဈေးကောင်းတာပဲ''

''အမဲလိုက်ခွေးရောဆရာ''

''ကျွန်တောတို့ဆီမှာ ချင်းခွေးတို့ အင်းခွေးတို့ဆိုတာရှိတယ်။ အဲဒီခွေးတွေကလှတယ်။ အမဲလိုက်ရင်ကောင်းတယ်။ ဒါပေမဲ့ ကျွန်တော့်သူငယ်ချင်းကတော့ ချင်းခွေးကိုကြောက်တယ်''

''ကိုက်လို့လား''

''မဟုတ်ဘူး။ သူ ချင်းတောင်သွားတော့ ရွာကခွေးတစ်ကောင်ကို သူတို့ကားနဲ့တိုက်မိတယ်။ အလျော်ပေးလိုက်ရတာအများကြီးပဲ''

''အလျော်ပေးရမှာပေ့ါ။ အဲဒီချင်းခွေးက အမဲလိုက်ခွေးတွေလေ။ သူက ဘယ်လောက်တန်လဲဆိုတာ ဘယ်သူမှအဖိုးမဖြတ်နိုင်ဘူး''

''တော်ပါတော့ဗျာ။ ချင်းတောင်သွားရင် သတိသာထားပေတော့။ ဒါပေမဲ့ အဲဒီလိုခွေးတွေကိုလည်း မွေးမြူဖောက်ကားလို့ရတယ်''

''လုပ်ငန်းတွေ လုပ်ဖို့လိုတယ်''

''မှန်တယ်။ အကောင်းဆုံးကတော့ အသားတိုးခွေးတွေ မွေးတာကောင်းတယ်။ ကောက်ညှင်းတွေကျွေးမွေးထားတဲ့ခွေးတွေဟာ အရမ်းအသားတိုးတယ်။ အဲဒီခွေးတွေကို ရောင်းလို့ရတယ်''

''ဘယ်သူဝယ်မှာလဲ''

''ခွေးသားစားတဲ့ နိုင်ငံတွေပေ့ါ''

''ခွေးချစ်သူတွေကတော့ ခင်ဗျားကို မေတ္တာပို့ကြမှာပဲ''

''ဒါပေ့ါဗျာ။ မြန်မာပြည်မှာရှိသမျှသယံဇာတတွေကို မဆင်မခြင်ရောင်းချလိုက်တာ ခုတော့ . . .''

''ဝယ်သူတွေလည်း ရှိနေတာကိုး''

''ဟုတ်ပ့ါ၊ ရွှေကိုယူသည် ငွေကိုယူသည် ခွေးကိုလည်းယူသည်လို့သာပြောလိုက်ချင်ပါဘိ''

♦ ဒေါက်တာခင်မောင်ညို

www.free4readers.com

## ECO Green City စီမံကိန်းရှိ တန်ဖိုးသင့်အိမ်ရာ အခန်း ၄၀၀၀ ကို CHID ဘဏ်နှင့် ချိတ်ဆက်ရောင်းချပေးမည်


Photo- ECO Green City

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူး မြို့နယ်တွင် ဆောင်ရွက်လျက်ရှိသော ECO Green City စီမံကိန်းရှိ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှရရှိမည့် တန်ဖိုးသင့်အိမ်ရာအခန်း ၄၀၀၀ ကို CHID ဘဏ်နှင့်ချိတ်ဆက်ကာ ရောင်းချပေးမည် ဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

မြေဧက ၁၄၀၀ ကျော်ပေါ်တွင် ဆောင်ရွက်မည့် ECO Green City စီမံကိန်းကို အမေရိကန်ဒေါ်လာ နှစ်ဘီလီယံ ရင်းနှီးမြှုပ်နှံကာ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် Alliance Stars Group ကုမ္ပဏီတို့ ၂၀၁၆ ခုနှစ် နှစ်ဆန်းပိုင်းတွင် လုပ်ငန်းလုပ်ကိုင်ရန် သဘောတူညီခဲ့ကြောင်း သိရသည်။ "**လောလောဆယ်တော့ ဌာနကရမယ့်အခန်းတွေကို စဆောက်နေပြီ၊ ဌာနက တန်ဖိုးသင့်အခန်း ၄၀၀၀ ရမယ်၊** ရောင်းမယ်ဆိုလည်း နှစ်ရှည်အရစ်ကျစနစ်နဲ့ ရောင်းဖြစ်မှာပါ" ဟု မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ကပြောသည်။

Eco-Green City စီမံကိန်းကို အပိုင်းသုံးပိုင်းခွဲ၍ တည်ဆောက်သွားမည် ဖြစ်ကြောင်း၊ **စီမံကိန်းတွင် တန်ဖိုးမျှအိမ်ရာ၊ နိုင်ငံတကာကျောင်း၊ ဆေးရုံ၊ ဂေါက်ကွင်းနှင့် အပန်းဖြေရန်နေရာတို့** ပါဝင်ကြောင်းသိရသည်။ လက်ရှိတွင် စီမံကိန်း၌ ဌာနသို့ပေးအပ်ရမည့် အိမ်ရာများ တည်ဆောက်နေခြင်းအပြင် အမြန်လမ်းမကြီးဘေးတွင်တည်ရှိသော စီမံကိန်းဖြစ်သောကြောင့် **အမြန်လမ်းအသုံးပြုသူများ** နားနေနိုင်ရန် အပန်းဖြေနေရာများကိုလည်း စတင်တည်ဆောက်ပေးနေကြောင်း သိရသည်။ နှင်းနုဝေ

## လျှပ်စစ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံလိုသည့် လျှပ်စစ်ကုမ္ပဏီများစွာရှိနေကြောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းပြော



မြန်မာနိုင်ငံ **လျှပ်စစ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံလိုသည့် လျှပ်စစ်ကုမ္ပဏီ များစွာရှိနေကြောင်း** ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက မေလ ၁၀ ရက်က ပြုလုပ်သည့် Yangon Investment Forum 2019 တွင် ပြောကြားခဲ့သည်။

"**မြန်မာနိုင်ငံကို လျှပ်စစ်မီးကုမ္ပဏီတွေ ဘာကြောင့်စိတ်ဝင်စားလဲဆိုရင် မီးခဏခဏပျက်လို့ စိတ်ဝင်စားတယ်၊ မီးမှန်နေရင် ဘယ်သူမှ စိတ်ဝင်စားမှာမဟုတ်ဘူး၊ အခုဒီမှာ လိုချင်တဲ့သူတွေ အများကြီးရှိတယ်၊ ဒါပေမဲ့ ကျွန်တော်တို့က ထိုက်သင့်တဲ့ဈေးနဲ့ ဝယ်နိုင်ဖို့လိုပါတယ်**" ဟု ၎င်းကပြောကြားခဲ့သည်။

**လျှပ်စစ်ကဏ္ဍတွင် ထုတ်လုပ်ရေး၊ ဖြန့်ဖြူးရေးနှင့် ရောင်းချရေးကဏ္ဍအသီးသီးတွင် ရင်းနှီးမြှုပ်နှံလိုသည့် ပြည်ပလျှပ်စစ်ကုမ္ပဏီများရှိနေပြီး** လာရောက်ဆွေးနွေးမှုများလည်းရှိကြောင်း ၎င်းကပြောကြားခဲ့သည်။

"လျှပ်စစ်နဲ့ပတ်သက်ပြီး master plan ချပြီး မဟာဗျူဟာနဲ့ စနစ်တကျပြုပြင်ပြောင်းလဲမှုလုပ်ပါမယ်။ ဒါပေမဲ့ ကျွန်တော်တို့ဟာ **ပြည်သူလူထုကို ဝန်ထုပ်ဝန်ပိုးမပိစေဘဲနဲ့ ကိုယ်ရတဲ့ ဝင်ငွေလေးနဲ့ လူမှုဘဝကို တဖြည်းဖြည်းမြှင့်တင်နိုင်ဖို့ အတွက် ကြိုးစားရတာဖြစ်ပါတယ်၊** အကောင်းဆုံးတွေကို မလုပ်နိုင်ဘူးလား၊ ချက်ချင်းလုပ်လို့ရပါတယ်။ ဒါပေမဲ့ အဲဒီအကောင်းဆုံးတွေနဲ့ ထိုက်တန်တဲ့ ဝန်ဆောင်စရိတ်ကို ကျွန်တော်တို့ပြည်သူလူထုရဲ့ အနိမ့်ဆုံးပြည်သူ တစ်နေ့ကို ၄၈၀၀ ရတဲ့မိသားစုတွေအတွက် အဆင်ပြေနိုင်ပါ့မလားဆိုတာ ကျွန်တော်တို့ရဲ့စိုးရိမ်ပူပန်မှုဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

ပြီးခဲ့သည့်ဧပြီလတွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားသုံးစွဲမှုပမာဏ ၃၆၀၉ မဂ္ဂါဝပ်ရှိခဲ့ကြောင်း စာရင်းများအရသိရသည်။ **မျိုးကျော်စိုး(သတင်း၊ဓာတ်ပုံ)**

## နယ်စပ်ခြံစည်းရိုးကာရံခြင်းသည် အတိုင်းအတာတစ်ခုအထိ အောင်မြင်ပြီဖြစ်သော်လည်း လိုအပ်နေသေးသည်ဟု ပြည်ထောင်စုဝန်ကြီးဆို



နယ်စပ်ခြံစည်းရိုးကာရံခြင်းသည် အတိုင်းအတာတစ်ခုအထိ အောင်မြင်ပြီဖြစ်သော်လည်း လိုအပ်နေသေးကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက သတင်းထောက်များကိုပြောသည်။

အဆိုပါစကားကို မေလ ၇ ရက်က ပြုလုပ်သော ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲ၌ သတင်းထောက်များကမေးမြန်းရာတွင် ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

"ဒီနိုင်ငံမှာက ဝင်တယ်ထွက်တယ်ဆိုတာက **နယ်စပ်ခြံစည်းရိုးကို ကျွန်တော်တို့က ကုန်းပိုင်းရော ရေပိုင်းရော လုံခြုံအောင်ကြိုးစားသော်လည်း မလုံသေးပါဘူး၊ မလုံသေးတော့ အဝင်အထွက်က ဒီလိုရှိနေပါတယ်**ခင်ဗျာ။ ဒါပေမဲ့ အတတ်နိုင်ဆုံး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကျွန်တော်တို့အစိုးရသစ်တက်ကတည်းက **ခြံစည်းရိုးလုံခြုံအောင်ကြိုးစားပါ၊ ဘယ်လောက်ဖြစ်ဖြစ်ကုန်ပါစေဆိုပြီးတော့ ဆောင်ရွက်နေတာဖြစ်ပါတယ်၊ ဒါဟာ အတိုင်းအတာတစ်ခုထိအောင်မြင်ပြီ၊ သို့သော်လည်း လိုအပ်နေသေးတယ်**" ဟု ပြည်ထောင်စုဝန်ကြီးကဆိုသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် အကြံပြုချက် ၈၈ ခုရှိသည့်အနက် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေကို ပြန်လည်သုံးသပ်သင့်သည်ဆိုသောအချက်မှာလည်း အရေးပါသော အကြံပြုချက်ဖြစ်ကြောင်း၊ သို့သော် **ဥပဒေပြင်ဆင်သည်ဆိုခြင်းမှာ မလွယ်ဘဲ ဥပဒေပြင်ရာတွင် ဥပဒေကြမ်းကို ဦးစွာပြုစုရကြောင်း၊ ထို့နောက် သုံးသပ်ကာ လွှတ်တော်သို့တင်ကာ ဆွေးနွေးရပြီး ဥပဒေပြင်သည်ဆိုခြင်းမှာ ခက်သည့်ကိစ္စဖြစ်ကြောင်း၊** သို့သော် အကြံပြုသည့်အတွက်စဉ်းစားကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးကဆိုသည်။

လဝီချမ်း၊ ဒါလီ
(သတင်း၊ ဓာတ်ပုံ)




**၁၄-၅-၂၀၁၉**
**ကံကောင်းစေမယ့်အရောင်** - ရွှေရောင်၊ အဖြူရောင်၊ အဝါရောင်
**ကံကောင်းစေမယ့်ကုသိုလ်** - ဘုရားမှာ ထောပတ်ထမင်း ကပ်လှူပါ။
**ကံကောင်းစေမယ့်ဂဏန်း** - ၄ ဂဏန်း၊ ၂ ဂဏန်းနဲ့ ၇ ဂဏန်းတွေကိုအားပြုပါ။
**ကံကောင်းနိမိတ်** - ကုလားထိုင်မှာ နိမိတ်ကောက်ယူပါ။
ဒီနေ့ဟာ ငွေများ ပစ္စည်းများ ကြုံရတတ်တဲ့နေ့ပါပဲ။

**၁၅-၅-၂၀၁၉**
**ကံကောင်းစေမယ့်အရောင်** - အဖြူရောင်၊ ငွေရောင်
**ကံကောင်းစေမယ့်ကုသိုလ်** - ညောင်ပင်မှာ သန့်ရှင်းရေးကုသိုလ် ပြုလုပ်ပါ။
**ကံကောင်းစေမယ့်ဂဏန်း** - ၁ ဂဏန်း၊ ၅ ဂဏန်းနဲ့ ၄ ဂဏန်းတွေကိုအားပြုပါ။
**ကံကောင်းနိမိတ်** - စာအုပ်အဖုံးမှာ နိမိတ်ကောက်ယူပါ။ ဒီနေ့ဟာ မရေမရာတွေ များတတ်တဲ့နေ့ပါပဲ။

**၁၆-၅-၂၀၁၉**
**ကံကောင်းစေမယ့်အရောင်** - အပြာရောင်၊ ပန်းရောင်
**ကံကောင်းစေမယ့်ကုသိုလ်** - ကြီးကဲသူတွေကို ဆေးဝါးလှူပါ။
**ကံကောင်းစေမယ့်ဂဏန်း** - ၃ ဂဏန်း၊ ၆ ဂဏန်းနဲ့ ၈ ဂဏန်းတွေကိုအားပြုပါ။
**ကံကောင်းနိမိတ်** - ဆပ်ပြာခဲကို နိမိတ်ကောက်ယူပါ။
ဒီနေ့ဟာ မကောင်းသတင်း ကြားရတတ်တဲ့နေ့ပါပဲ။

**၁၇-၅-၂၀၁၉**
**ကံကောင်းစေမယ့်အရောင်** - အစိမ်းရောင်၊ အဖြူရောင်
**ကံကောင်းစေမယ့်ကုသိုလ်** - ဘုရားမှာ အအေးဖျော်ရည် ကပ်လှူပါ။
**ကံကောင်းစေမယ့်ဂဏန်း** - ၇ ဂဏန်း၊ ၁ ဂဏန်းနဲ့ ၅ ဂဏန်းတွေကိုအားပြုပါ။
**ကံကောင်းနိမိတ်** - အိုးတစ်လုံးကို နိမိတ်ကောက်ယူပါ။
ဒီနေ့ဟာ အတိုက်အခံတွေ များတတ်တဲ့နေ့ပါပဲ။

**၁၈-၅-၂၀၁၉**
**ကံကောင်းစေမယ့်အရောင်** - ခရမ်းရင့်ရောင်၊ အနက်ရောင်
**ကံကောင်းစေမယ့်ကုသိုလ်** - ဘုရားမှာ ရွှေရင်အေး ဆွမ်းတော်ကပ်လှူပါ။
**ကံကောင်းစေမယ့်ဂဏန်း** - ၇ ဂဏန်း၊ ၈ ဂဏန်းနဲ့ ၅ ဂဏန်းတွေကိုအားပြုပါ။
**ကံကောင်းနိမိတ်** - ရေပုလင်းပေါ်မှာ နိမိတ်ကောက်ယူပါ။
ဒီနေ့ဟာ ငွေဟောင်း ပစ္စည်းဟောင်း ပြန်ရတတ်တဲ့နေ့ပါပဲ။

**၁၉-၅-၂၀၁၉**
**ကံကောင်းစေမယ့်အရောင်** - အနီရောင်၊ အညိုရောင်
**ကံကောင်းစေမယ့်ကုသိုလ်** - ဘုရားမှာ ကိတ်မုန့် ၂ ချပ်ဆွမ်းတော်ကပ်လှူပါ။
**ကံကောင်းစေမယ့်ဂဏန်း** - ၁ ဂဏန်း၊ ၉ ဂဏန်းနဲ့ ၇ ဂဏန်းတွေကိုအားပြုပါ။
**ကံကောင်းနိမိတ်** - တရားခွေမှာ နိမိတ်ကောက်ယူပါ။
ဒီနေ့ဟာ အကြံဉာဏ်ကောင်း ရတတ်တဲ့နေ့ပါပဲ။

**၂၀-၅-၂၀၁၉**
**ကံကောင်းစေမယ့်အရောင်** - ရွှေရောင်၊ အဖြူရောင်၊ အဝါရောင်
**ကံကောင်းစေမယ့်ကုသိုလ်** - ဘုရားမှာ သာသနာ့အလံ ၆ လက် လှူပါ။
**ကံကောင်းစေမယ့်ဂဏန်း** - ၆ ဂဏန်း၊ ၁ ဂဏန်းနဲ့ ၀ ဂဏန်းတွေကို အားပြုပါ။
**ကံကောင်းနိမိတ်** - သစ်သီးမှာ နိမိတ်ကောက်ယူပါ။
ဒီနေ့ဟာ အပြောင်းအလဲတွေ လုပ်သင့်တဲ့နေ့ပါပဲ။

သဗ္ဗေဓမ္မာ
ဇင်ယော်နီ

### ပြည်မြန်မာ CARTOON



www.free4readers.com



## ပထမဦးဆုံးသော လျှပ်စစ်အဝေးပြေးလမ်းမကို ဂျာမနီ ဖွင့်လှစ်




ဂျာမနီနိုင်ငံတွင် **ပထမဦးဆုံးသော လျှပ်စစ်အဝေးပြေးလမ်းမပေါ်လာပြီဖြစ်**ပြီး ယင်းတွင် ကုန်တင်ကားများကို စမ်းသပ်မောင်းနှင်ကြည့်နေပြီဖြစ်သည်။ အထူးတည်ဆောက်ထားသည့် ကုန်တင်ကားကြီးများသည် ကောင်းကင်လျှပ်စစ်ကြိုးများမှ လျှပ်စစ်ကို ဆွဲယူအသုံးပြုနိုင်ပြီဟုအစိုးရက ဆိုသည်။ ထိုအဝေးပြေးလမ်းမကြီးတစ်ခုလုံးတွင် ထိုသို့သုံး၍မရသေးဘဲ အပိုင်းတစ်ပိုင်းတွင်သာ ယင်းသို့သုံး၍ ရသေးသည်။ ဂျာမနီရှိ အများပြည်သူသုံးလမ်းတွင် ထိုကဲ့သို့ ပထမဦးဆုံးအကြိမ်စမ်းသပ်ခြင်းဖြစ်သည်။ ဖရန့်ဖွတ်တ်လေဆိပ်နှင့် အနီးရှိ စက်မှုဇုန်အကြား ၆ ဒသမ ၂ မိုင်တွင် ယင်းသို့ စမ်းသပ်နေခြင်းဖြစ်ပြီး အလားတူ အခြားနှစ်နေရာကိုလည်း မကြာမီ ဖွင့်လှစ်သွားမည်ဖြစ်သည်။ **ယင်းသို့အားသွင်း၍ရစေရန်အလို့ငှာ ကုန်တင်ကားများအမိုးတွင် ချိတ်ကြိုး တပ်ထားပြီး ကားမောင်းနေစဉ် ယင်းချိတ်ဖြင့် ကောင်းကင်လျှပ်စစ်ကြိုးကို လှမ်းချိတ်လိုက်နိုင်သည်၊** သို့ဆိုလျှင် ကားသည် လျှပ်စစ်မော်တာအားဖြင့် သွားနေမည်ဖြစ်သည်။ **ချိတ်ဖြုတ်လိုက်လျှင် ယင်းအတိုင်း Hybrid (နှစ်မျိုးစပ်အခြေအနေ) ပြန်ဖြစ်သွားမည်ဖြစ်သည်၊** ယင်းနည်းသာအဆင်ပြေပါက ညစ်ညမ်းလေထုအတွက် သက်သာသွားမည်ဖြစ်ပြီး စွမ်းအင်ချွေတာရာလည်း ရောက်သွားမည်ဖြစ်သည်။ ထိုစနစ်နှင့်ကိုက်ညီသည့် ကုန်တင်ကားများ ထုတ်လုပ်ရန် ဂျာမနီအစိုးရက ဒေါ်လာ သန်း ၆၀ သုံးစွဲထားသည်။ **(DM, 10.5.19) ချယ်ရီ**

## လင်းနို့တောင်ပံနှင့်ဆင်တူသော တောင်ပံပါသည့် ရှားပါးဒိုင်နိုဆောရပ်ကြွင်းကို တွေ့ရှိ



**နှစ်သန်းပေါင်း ၁၆၃ သန်းအလွန်က ရှင်သန်နေထိုင်ခဲ့ကြတဲ့ ငှက်ပုံစံရှားပါးဒိုင်နိုဆောရဲ့ ရုပ်ကြွင်းမျိုးစိတ်သစ်ကို** သိပ္ပံသုတေသီတွေ ရှာဖွေတွေ့ရှိခဲ့ကြပါတယ်။ တရုတ်နိုင်ငံ၊ လျောင်နင်းပြည်နယ်မှာ ရှာတွေ့ခဲ့တာဖြစ်ပြီး ဒိုင်နိုဆောတွေကျက်စားခဲ့တဲ့ခေတ်ကာလတုန်းက ဒီအရပ်ဒေသတစ်ဝိုက်က ရှေးဟောင်းသစ်တောကြီးတွေထဲမှာ ရှင်သန်နေထိုင်ခဲ့ကြဖွယ်ရှိတယ် လို့ ယူဆသုံးသပ်ထားကြပါတယ်။ ရုပ်ကြွင်းမျိုးစိတ်သစ်ဖြစ်ပြီး ဒီရုပ်ကြွင်းကို Ambopteryx longibrachium လို့ အမည်ပေးထားခဲ့ပါတယ်။ သာမန်ငှက်လိုအမွေးအတောင်တွေနဲ့တောင်ပံမျိုးမဟုတ်ဘဲ **လင်းနို့တောင်ပံနဲ့ဆင်တူကာ ကိုယ်လုံးကိုယ်ထည်မှာတော့ အမွေးအတောင်နုလေးတွေနဲ့ ဖုံးအုပ်ထားတယ်လို့** သိရပါတယ်။ အကောင်အရွယ်အစားက အရှည်တစ်ပေမျှရှိပြီး အလေးချိန်ကတော့ ၁၀ ဒသမ ၇ အောင်စလောက်ရှိခဲ့နိုင်တယ်လို့ သုတေသီတွေက သုံးသပ်ထားကြပါတယ်။ လင်းနို့တောင်ပံလိုမျိုးနဲ့ ငှက်ဒိုင်နိုဆောရုပ်ကြွင်းတွေထဲမှာ အပြည့်စုံဆုံးပါရှိတဲ့ ရုပ်ကြွင်းလည်းဖြစ်တယ်လို့သိရပါတယ်။ **တရုတ်နိုင်ငံမှာ ဒိုင်နိုဆောရုပ်ကြွင်းတွေ ရှာဖွေတွေ့ရှိနေတဲ့နေရာဒေသအများအပြားရှိနေပြီး ယူနန်ပြည်နယ်၊ လျောင်နင်းပြည်နယ်၊ စီချွမ်ပြည်နယ်၊ ရှန်တုံပြည်နယ်၊ ဟီဘေးပြည်နယ်၊ ကြက်ကျန်းပြည်နယ်၊ အတွင်းမွန်ဂိုလီးယားဒေသတို့မှာ မကြာခဏတူးဖော်တွေ့ရှိနေတာဖြစ်ပါတယ်၊ ၂၀၀၄ ခုနှစ်တုန်းကလည်း ကွမ်တုံပြည်နယ်မှာ ဒိုင်နိုဆောဥရုပ်ကြွင်း ၁၀၀၀၀ ကျော်ပါရှိတဲ့ ဒိုင်နိုဆောဥအစုအဝေးကြီးကို တူးဖော်တွေ့ရှိခဲ့ပြီး ယနေ့ချိန်ထိ ကမ္ဘာ့အများအပြားဆုံးဒိုင်နိုဆောဥ စုစည်းမှုအဖြစ်** စံချိန်တင်ထားနိုင်ခဲ့ပါတယ်။ **(XH, 10.5.19) သံသာ**

## အိုဘားမား၏ ဘဝအတွေ့အကြုံမှတ်တမ်းစာအုပ် လာမည့်နှစ်တွင် ထွက်မည်



သမ္မတဟောင်း ဘာရက်အိုဘားမား၏ ဘဝအတွေ့အကြုံမှတ်တမ်းစာအုပ်ကို ၂၀၂၀ ပြည့်နှစ်တွင် ထုတ်ဝေသွားရန် စီစဉ်ထားကြောင်း အိုဘားမားနှင့် လက်မှတ်ရေးထိုးထားသည့် စာအုပ်တိုက်က ကြေညာလိုက်သည်။ **ဒီမိုကရက် ပါတီကိုယ်စားပြုအဖြစ် ရွေးချယ်ခံရရန် ပါတီဝင်များက ၂၀၂၀ ပြည့်နှစ်တွင် အကြိတ်အနယ်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ထိုအချိန်တွင် အိုဘားမားက စာအုပ်ထုတ်ဝေမည်ဖြစ်**သည်။ သို့သော် ရက်အတိအကျကိုမူ မသိရသေးပေ။ အိုဘားမားက ၎င်းဘဝကိုယ်တွေ့မှတ်တမ်းစာအုပ်ကို ၎င်းကိုယ်တိုင်ရေးသားနေပြီဖြစ်သည်။ ၁၉၉၅ ခုနှစ်တွင် ၎င်းထုတ်ဝေခဲ့သည့် Dreams from My Father ဆိုသည့်စာအုပ်ကိုလည်း ၎င်းကိုယ်တိုင်ရေးသားခဲ့ခြင်းဖြစ်ပြီး ယင်းသည် ရောင်းအားအကောင်းဆုံးစာအုပ် ဖြစ်သွားခဲ့သည်။ အိုဘားမားနှင့်ဇနီးသည် အထက်ပါစာအုပ်တိုက်နှင့် ၂၀၁၇ ခုနှစ်တွင် စာချုပ်ချုပ်ဆိုခဲ့သည်။ အိုဘားမား၏ဇနီး ရေးသားသည့်စာအုပ်မှာသည် ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ထွက်လာခဲ့ပြီး အလွန်အောင်မြင်ခဲ့ကာ ကမ္ဘာတစ်ဝန်းတွင် စာအုပ်ပေါင်း ၁၀ သန်းကျော် ရောင်းချခဲ့ရပြီးပြီဖြစ်သည်။ ထို သဘောတူညီချက်စာချုပ်အတွက် အိုဘားမားတို့ဇနီးမောင်နှံ မည်ရွေ့မည်မျှရခဲ့သည်ဟု အတိအကျမသိရသော်လည်း အလွန်များဖွယ်ရှိသည်။ **ယခင်က အများဆုံးအဖြစ် ရပ်တည်နေသည့်စံချိန်ရှင်မှာ ဘေလ်ကလင်တန်၂၀၀၄ ခုနှစ်တွင် ရေးသားခဲ့သည့် စာအုပ်ဖြစ်ပြီး ယင်းစာအုပ်အတွက်ဘေလ်ကလင်တန်သည် ဒေါ်လာ ၁၅ သန်းရသွားသည်ဟု** အများကယူဆသည်။ **(DM, 10.5.19) ချယ်ရီ**

## နဂါးကြီးရစ်ခွေနေဟန် တည်ဆောက်နေသည့် ရေခဲလျှောလမ်းအားကစားကွင်း



၂၀၂၂ ခုနှစ် ဆောင်းရာသီအိုလံပစ်အားကစားပွဲတွေမှာ ရေခဲလျှောလမ်းနဲ့ယှဉ်ပြိုင်ကြရတဲ့အားကစားပွဲအမျိုးမျိုးအတွက် **ရေခဲလျှောလမ်းအားကစားကွင်းကြီးကို တရုတ်ရိုးရာနဂါးကြီးရစ်ခွေပတ်နေဟန်တည်ဆောက်သွားမယ်လို့** သိရပါတယ်။ **ကမ္ဘာ့ပထမဆုံး ၃၆၀ ဒီဂရီနဲ့ လျှောလမ်းအဝိုက်ပါတဲ့ရေခဲလျှောလမ်းအားကစားကွင်းကြီးလည်းဖြစ်ပါတယ်၊** တရုတ်နိုင်ငံ၊ ဘေဂျင်းမြို့၊ ယန်ချင်ခရိုင်မှာ တည်ဆောက်သွားမှာဖြစ်ပြီး ရေခဲပြင်လျှောလမ်းနဲ့ ယှဉ်ပြိုင်ကြရတဲ့ Bobsleigh, Skeleton နဲ့ luge ပြိုင်ပွဲအမျိုးအစားတွေကိုယှဉ်ပြိုင်နိုင်မယ့် ကမ္ဘာ့အဆင့်မီရေခဲလျှောလမ်းအားကစားကွင်းကြီးအဖြစ် တည်ဆောက်သွားမှာဖြစ်တယ်လို့ BEREGL Jing Ao Construction ရဲ့ ပြောရေးဆိုခွင့်ရှိသူ လီကျန်ကျိုးက ဆိုပါတယ်။ အမျိုးသားနှင်းလျှောစီးစင်တာအဖြစ်လည်း ဆက်လက်အသုံးပြုသွားမှာဖြစ်ပြီး ဆောင်းရာသီအိုလံပစ်အားကစားပြိုင်ပွဲကြီးအတွက် တည်ဆောက်သွားမယ့် အခြေခံအဆောက်အအုံ ပရောဂျက် ၅၂ ခုထဲတစ်ခုအပါအဝင်ဖြစ်တယ်လို့ သိရပါတယ်။

**(CD, 10.5.19) သံသာ**

**စဉ်ဆက်မပြတ် တစ်ခဲနက်အားပေးကြတဲ့ ပရိသတ်ကြီးကို အထူးကျေးဇူးတင်ပါတယ်**

သင့် ကျန်းမာရေးအတွက် မဖြစ်သင့်တာ မဖြစ်ရလေအောင် -

**Good Health** ဂျာနယ်က တာဝန်ယူပါတယ်။

ကျန်းမာရေးဗဟုသုတကြွယ်ဝကာ သင့်တစ်မိသားစုလုံး သက်ရှည်ကျန်းမာပြီး စိတ်ပျိုကိုယ်နုအောင် ရဲရဲကြီးအာမခံနိုင်ပါတယ်။

အရေပြားအောက်မှာ ထိုးရတဲ့သားဆက်ခြားထိုးဆေးအကြောင်း၊ အအေးမိနှင့်တုပ်ကွေးခြားနားမှု သိပါသလား၊ နေမျိုးဆက်၏ Lifestyle၊ ကိုယ်အလေးချိန်ကျဆင်းစေမည့် Yoga Diet၊ အကောင်းဆုံးကို မျှော်လင့်ပြီးရင်၊ ပျိုတိုင်းကြိုက်တဲ့ ကိုလာဂျင်၊ အရေပြားအတွက် ဗီတာမင် အေ စီ အီး၊ အုန်းစိမ်းရည်၏အလှအပအကျိုးကျေးဇူး၊ အစားအသောက်နှင့် သွေးတွင်းအဆီလျှော့ချခြင်း၊ အလုပ်က ဝါသနာနဲ့မကိုက်ညီခဲ့ရင် စိတ်ကိုဘယ်လိုအပန်းဖြေမလဲ၊ သဘာဝရဲ့အသက်ရှည်ဆေး သို့မဟုတ် ချစ်ခင်ရသူမိတ်ဆွေများ၊ အိုင်တီပစ္စည်းများနှင့် သတိပြုဖွယ်မျက်စိပြဿနာ၊ အချိန်နှင့်လိုက်လျောညီထွေစွာ စားသင့်သောအစားအစာများ၊ ခဲဆိပ်နှင့် အာဆင်းနစ်အန္တရာယ် အပါအဝင်..

ဖြန့်ချိရာဌာန - စွယ်စုံမီဒီယာ၊ ပထမထပ်၊ Central Tower အနော်ရထာလမ်း (၃၉လမ်းထောင့်)၊ ရန်ကုန်။ ဖုန်း - ၃၉၂၉၀၂၊ ၃၇၅၂၉၃။

● အင်္ဂါနေ့တိုင်း ထွက်ပြီ ● စာကြည့်တိုက်များနှင့် ဆေးရုံ ဆေးခန်းများအတွက် အထူးနှုန်း

www.free4readers.com



## ဒေါ်လာ သန်း ၉၀ အထိ တန်ဖိုးရှိနိုင်သည့် ကမ္ဘာ့အကြီးဆုံးပုလဲ



ကနေဒါအမျိုးသားတစ်ဦးက ကမ္ဘာ့အကြီးဆုံးသဘာဝပုလဲဖြစ်ဖွယ်ရှိသည့် ပုလဲကို ထုတ်ဖော်ပြသလိုက်သည်။ အေဘရာဟမ်ရီယက်စ်ဆိုသည့်အမျိုးသားသည် ယင်းပုလဲကို အဒေါ်ထံမှ ပြီးခဲ့သည့် သုံးနှစ်ခန့်က ရခဲ့ခြင်းဖြစ်သည်။ **အလေးချိန် ၂၇ ဒသမ ၆၅ ကီလိုဂရမ်ရှိသည့်အတွက် ယင်းသည် ကမ္ဘာ့အကြီးဆုံးပုလဲဟု တရားဝင်သတ်မှတ်ခံထားရသည့် ပုလဲထက်လေးဆကြီးနေသည်၊** ပုလဲကြီးသည် ကလေးတစ်ဦးနီးပါး ကြီးပြီး အဖြူရောင်ဖြစ်သည်။ ယင်းပုလဲသည် **သက်တမ်း နှစ်ပေါင်း ၁၀၀၀ ဝန်းကျင်ရှိပြီဟု ယူဆရသည်၊** အဘိုးဖြစ်သူက ဇရာမ ကမာကောင်ကြီးကို ၁၉၅၉ ခုနှစ်တွင် ရီယက်စ်၏ အဒေါ်အတွက် လက်ဆောင်အဖြစ် ဖိလစ်ပိုင်တံငါသည် တစ်ဦးထံမှ ဝယ်လာခြင်းဖြစ်သည်။ ယင်းပုလဲကြီး အဖိုးတန်ကြောင်း မိသားစုဝင်တစ်ဦးမှ မသိခဲ့ကြသည့်အပြင် **ယင်းသည် ကြီးလွန်းလှသည့်အတွက် ပုလဲမှန်းပင် မည်သူမှမသိကြဟု** ရီယက်စ်က ပြောပြသည်။ ' ဘယ်သူမှ အဲဒါကို ဂရုတစိုက်မကြည့်ဖူးဘူး။ သူ့ပုံစံကြီးက ပုလဲနဲ့လည်း မတူဘူးလေ ' ဟု ရီယက်စ်က ဆိုသည်။ ၎င်းက ထိုပုလဲကို မကြာခင်ကမှ ပညာရှင်များနှင့်ပြကြည့်ရာ **ယင်းသည် ပုလဲအစစ်ဖြစ်ပြီး တန်ဖိုး ဒေါ်လာ သန်း ၆၀ မှ သန်း ၉၀ ကြားရှိနိုင်သည်ဟု** ပညာရှင်များက ပြောပြသည်။

(IT, 10.5.19)
ချယ်ရီ

## မြွေပေါက်ခံရသည့်အဘိုးက မြွေကိုပြန်ကိုက်လိုက်ရာ မြွေရောလူပါသေဆုံး



အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ်ရှိ ရွာလေးတစ်ရွာတွင် အလွန်ထူးခြားသည့် ဝမ်းနည်းဖွယ်ဖြစ်ရပ်ဖြစ်ပွားခဲ့သည်။ **လယ်တောထဲတွင် အလုပ်လုပ်နေသည့် အသက် ၇၀ အရွယ် အဘိုးကို မြွေကပေါက်လိုက်ရာ အဘိုးက ဒေါသငယ်ထိပ်ရောက်သွားပြီး ယင်းမြွေကို ကိုက်ဝါးလိုက်ခြင်းဖြစ်သည်၊ မြွေကို ၎င်းက ကောက်ကိုင်လိုက်ပြီး ဒေါသတကြီး မကြောက်မလန့် ဝါးပစ်လိုက်ခြင်းဖြစ်သည်ဟုသတင်းကဆိုသည်၊ ယင်းအဖြစ်အပျက်ကိုမြင်လိုက်သည့် ဆွေမျိုးတစ်ဦး က မြွေကို ဆွဲယူကာ မီးထဲပစ်ထည့်လိုက်သည်၊** ထို့နောက် ယင်းဆွေမျိုးက မီးကျွမ်းနေသည့် မြွေကိုယူကာ အဘိုးကို နီးစပ်ရာဆေးရုံအမြန်ဆုံးပို့လိုက်သည်။ သို့သော်လည်း ဘာရီယာဆိုသည့်အဘိုးမှာ ကံမကောင်းပေ။ ဆွေမျိုးက ၎င်းကို အစိုးရဆေးရုံ၊ ပုဂ္ဂလိကဆေးရုံနှင့် အရပ်ဘက်ဆေးရုံဟူ၍ တစ်ခုပြီးတစ်ခုပို့ခဲ့သော်လည်း ဆေးရုံများတွင် ဆေးဝါးနှင့်စက်ပစ္စည်း မလုံလောက်သဖြင့် လူနာအသက်ကို မကယ်နိုင်ခဲ့ဟု သတင်းက ဆိုသည်။ နောက်ဆုံးတွင် လူနာမှာ မြွေဆိပ်တက်ပြီး သေဆုံးသွားတော့သည်။ ၂၀၁၂ ခုနှစ်ကလည်း **နီပေါတွင် အလားတူအဖြစ်မျိုးဖြစ်ပွားခဲ့သေးသည်၊** အမျိုးသားတစ်ဦး လယ်ထဲတွင် အလုပ်လုပ်နေရာ မြွေပေါက်ခံရသဖြင့် ၎င်းက ဒေါသထွက်သွားပြီး မြွေကိုဖမ်းယူ ကိုက်ဝါးလိုက်ရာ မြွေသေဆုံးသွားခဲ့သည်။

(IT, 10.5.19)
ချယ်ရီ

## နာမည်ကျော်ထိုင်းကမ်းခြေကို ၂၀၂၁ ခုနှစ် နှစ်လယ်ပိုင်းအထိ ဆက်ပိတ်ထားမည်



**The Beach** ဆိုသည့် ရုပ်ရှင်ကားကြီးထဲတွင် ပါသဖြင့် နာမည်ကြီးသွားသည့် **ထိုင်းကမ်းခြေကို နောက်ထပ်နှစ်နှစ် ထပ်ပိတ်ထားဦးမည်ဟု** တာဝန်ရှိသူတစ်ဦးက ပြောသည်။ **ကမ်းခြေရှိ သန္တာကျောက်တန်းများနှင့် ရေနေသတ္တဝါများဘဝ အပြည့်အဝပြန်ကောင်းလာစေရန်အလို့ငှာ** ယင်းသို့ သတ်မှတ်လိုက်ရခြင်းဖြစ်သည်ဟု ၎င်းကဆိုသော်လည်း ခရီးသွားလုပ်ငန်းရှင်များကမူ ယင်းဆုံးဖြတ်ချက်ကို အကြီးအကျယ်ကန့်ကွက်ကြသည်။ ကမ္ဘာကျော်မင်းသားကြီး လီယိုနာဒို ပါဝင်သည့် ၂၀၀၀ ပြည့်နှစ် ရုပ်ရှင်ကားကြီးတွင် ပါသဖြင့် Maya Bay ဆိုသည့် ယင်းကမ်းခြေ တစ်မုဟုတ်ချင်း နာမည်ကြီးသွားခြင်းဖြစ်သည်။ **သဲဖြူနုကမ်းခြေလေးမှာ နေ့စဉ်မပြတ် နေ့ချင်းပြန်ရောက်လာသည့် ခရီးသွားပေါင်းများစွာကြောင့် ပျက်စီးနေရပြီဟု** ထိုင်းအာဏာပိုင်များက စိုးရိမ်ကာ ကျွန်းကို ပြီးခဲ့သည့်ဇွန်လတွင် စပိတ်လိုက်သည်။ ကျွန်းကို လေးလပိတ်မည်ဟု ကနဦးတွင် ကြေညာခဲ့သော်လည်း ပြန်ဖွင့်မည့်အချိန်ကို အတန်တန် နောက်ရွှေ့နေခဲ့သည်။ ထိုင်းသို့လာသည့် သန်းပေါင်းများစွာသော ခရီးသွားများကြား ယင်းကမ်းခြေသည် အလွန်တရာနာမည်ကြီးသည်။ ကမ်းခြေကို ၂၀၂၁ ခုနှစ် နှစ်လယ်ပိုင်းအထိဆက်ပိတ်ထားမည်ဟု တာဝန်ရှိသူက ကြေညာလိုက်သည့်အခါ ခရီးသွားလုပ်ငန်းရှင်များ အရှိုက်ထိသွားတော့သည်။

(CNA, 10.5.19) ချယ်ရီ

## အိုဘားမားကို ဂုဏ်ပြုသောအားဖြင့် အိုဘားမားဟုအမည်ပေးထားသည့်လမ်း




အမေရိကန်ပြည်ထောင်စု **လော့စ်အိန်ဂျလိစ်မြို့က ဘာရက်အိုဘားမားကို ဂုဏ်ပြုသောအားဖြင့် လမ်းကျယ်ကြီးတစ်ခုကို ဘာရက်အိုဘားမားဟု အမည်ပြောင်းလိုက်ပြီဖြစ်သည်။** ယင်းအနီးတစ်ဝိုက်နေထိုင်သူများက အဆိုအကများပါဝင်သည့်ပွဲဖြင့် လမ်းကို ဖွင့်လှစ်ခဲ့ကြသည်။ **၃ မိုင်ခွဲအရှည်ရှိသည့် လမ်းသည် ထိုမြို့ရှိ သမိုင်းဝင် လူမည်းရပ်ကွက်တွင် တည်ရှိသည်။ ထိုလမ်းသည် လမ်းဆုံးရောက်လျှင် မာတင်လူသာကင်းဆိုသည့်လမ်းနှင့်လည်း ဆက်သွားမည်ဖြစ်ပြီး အခြားသော သမ္မတဟောင်းအမည်လမ်းများနှင့်လည်း တစ်ဆက်တည်းဖြစ်သွားမည်ဖြစ်သည်၊** ဂျော့ဂျ်ဝါရှင်တန်၊ အက်ဒမ်စ်နှင့် ဂျက်ဖာဆင်ဆိုသည့်သမ္မတဟောင်းများကို ဂုဏ်ပြုခေါ်ဝေါ်ထားသည့် လမ်းများနှင့် ထိုလမ်းကဆက်သွားမည်ဖြစ်သည်။ အများစုက အိုဘားမားလမ်းကို သဘောကျကြသော်လည်း အချို့ကမူ ထို့ထက် ရှည်လျားကျယ်ပြောသည့်လမ်းကိုသာ အိုဘားမားဟုအမည်ပေးသင့်ကြောင်း ဆိုသည်။ **အမေရိကတွင် ပထမဦးဆုံးသော လူမည်းသမ္မတ တက်လာသဖြင့်လူမည်းများသည် ယင်းအတွက် အလွန်တရာမှ ဂုဏ်ယူကြသည်၊** လမ်းအမည်မှာ အိုဘားမားဟု တွင်သွားပြီဖြစ်သဖြင့် မိမိတို့ရပ်ကွက်တွင် ရင်းနှီးမြှုပ်နှံသူ လုပ်ငန်းရှင် ပိုများလာမည်ဟု မျှော်လင့်ကြောင်း ထိုနေရာတွင် နေထိုင်သည်မှာ နှစ်ပေါင်း ၅၀ ရှိပြီဖြစ်သူတစ်ဦးက ဆိုသည်။

(DM, 9.5.19) ချယ်ရီ

## ခရီးသွားများ ပလတ်စတစ်အိတ်ယူမလာရဟု သတ်မှတ်ထားသည့် ကျွန်းသာယာ



အီတလီရှိ ကက်ပ်ရီကျွန်းသာယာလေးကို လာသည့် **ခရီးသွားများ မည်သည့် ပလတ်စတစ်အိတ်၊ မည်သည့် ပလတ်စတစ် ပန်းကန်ပြား၊ မည်သည့်ဇွန်းမှ ယူမလာရဟု** အာဏာပိုင်အဖွဲ့က ဥပဒေတင်းတင်းကျပ်ကျပ် ချမှတ်လိုက်ပြီဖြစ်ပြီး **ဥပဒေချိုးဖောက်သူသည် ဒဏ်ငွေ ယူရို ၅၀၀ အထိ ချမှတ်ခံရမည်ဖြစ်သည်၊** ကမ်းရိုးတန်းကို ထိန်းသိမ်းကာကွယ်နိုင်ရန်အလို့ငှာ အာဏာပိုင်အဖွဲ့က ပလတ်စတစ်ကို ယင်းသို့ တားမြစ်လိုက်ခြင်းဖြစ်သည်။ ဥပဒေသည် ယခုလတွင် စတင်အသက်ဝင်ပြီဖြစ်သည်။ မြို့တော်ဝန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့တို့က ယင်းဆုံးဖြတ်ချက်ကို သဘောကျကြသည်။ **အဆိုပါနာမည်ကျော်ကျွန်းသို့ တစ်နှစ်လျှင် ခရီးသွား သန်းပေါင်းများစွာ လာရောက်လည်ပတ်ကြသည့်အတွက် အမှိုက်အလွန်များလာပြီး ကျွန်းပျက်စီးသွားမည်ကို အချို့က စိုးရိမ်ပူပန်ကြသည်၊** အီတလီရှိ အခြားနာမည်ကျော်ကျွန်းတစ်ကျွန်းကလည်း ကျွန်းသို့ ပလတ်စတစ်အိတ်နှင့် ပလတ်စတစ် ပန်းကန်ပြား၊ ဇွန်းတို့ ယူလာလျှင် ယူရို ၅၀ ဒဏ်တပ်မည်ဟု ပြီးခဲ့သည့်နွေရာသီက ဥပဒေထုတ်ပြန်ခဲ့သည်။ ထပ်မံကျူးလွန်သူကို ယူရို ၅၀၀ အထိ ဒဏ်ရိုက်မည်ဟု အုပ်ချုပ်ရေးမှူးက ဆိုထားသည်။ ရေသန့်ဘူးသေးများကို ဆက်လက်ခွင့်ပြုထားဦးမည်ဖြစ်သော်လည်း မကြာမီပင် ပိတ်ပင်တားမြစ်သွားဖွယ်ရှိသည်။

(DM, 9.5.19)
ချယ်ရီ

www.free4readers.com

## ဆန္ဒပြပွဲတွင် ကိုယ်စားလိုက်ပါမည့်သူများကို ငှားရမ်းပေးသောအွန်လိုင်းဝန်ဆောင်မှုစနစ်




ဆန္ဒပြပွဲကိုသွားချင်သော်လည်း နေရာ၊အချိန်နှင့် အခြားအစက်အခဲများကြောင့် မသွားနိုင်ဖြစ်နေပါက ဆန္ဒပြပွဲသို့ ကိုယ်စားသွားပေးမည့်လူများကို ငှားရမ်းပေးသည့်အွန်လိုင်းဝန်ဆောင်မှုစနစ်တစ်ခုထွက်ပေါ်လာခဲ့သည်ဟု သိရသည်။

ပြင်သစ်နိုင်ငံအတွက်သာဝန်ဆောင်မှုပေးသည့် Wistand ဝက်ဘ်ဆိုက်ဒ်ကိုပြင်သစ်နိုင်ငံတွင်ခြောက်လနီးပါးကြာအောင်ဖြစ်ပွားနေသော Yellow Vests အစိုးရဆန့်ကျင်ဆန္ဒပြပွဲမှနေ၍စိတ်ကူးရရှိကာ တည်ထောင်ခဲ့ခြင်းဖြစ်သည်။ Wistand ဝက်ဘ်ဆိုက်ဒ်တွင် အစားထိုးဆန္ဒပြမည့်သူကိုအော်ဒါတင်ပြီးသည်နှင့် Wistand အဖွဲ့က Messenger မှတစ်ဆင့်ဆက်သွယ်ကာ စရန်ငွေရယူပြီး အလုပ် လက်ခံပေးမည်ဖြစ်သည်။ ဆန္ဒပြပွဲမစမီ ၄၈ နာရီအတွင်း အော်ဒါတင်ကာ ဝီရှပ်၊ ဦးထုပ်၊ ဆိုင်းဘုတ်အစရှိသဖြင့် ပစ္စည်းအသုံးအဆောင်များကိုပေးအပ်ရန်လိုအပ်သည်။ ပထဝီမြေတည်နေရာပြနည်းပညာကြောင့် အော်ဒါမှာယူသူသည် ကိုယ်စားသွားသူ၏တည်နေရာကိုကြည့်ရှုနေနိုင်ကာ ဓာတ်ပုံနှင့်ဗီဒီယိုများကိုလည်းပြန်လည်မျှဝေပေးရန် စေခိုင်းနိုင်သည်။ **အင်တာနက်နည်းပညာနှင့်လူမှုကွန်ရက်မီဒီယာအသုံးပြုမှုတွင်ကျယ်လာသည့်ခေတ်တွင် နိုင်ငံရေးလှုပ်ရှားမှုများမှာ ပြင်းထန်လာသည့်အတွက် ယခုကဲ့သို့သောစီးပွားရေးပုံစံသစ်သည်** အမှန်တကယ်လိုအပ်လျက်ရှိသည်ဟု Wistand ၏စီအီးအိုနှင့် တည်ထောင်သူ Gregoire Laugier က ဆိုခဲ့သည်။ Wistand ၏ဝန်ဆောင်မှုကိုအသုံးချကာ ကိုယ်ကျိုးစီးပွားရှာလိုသူများကိုကာကွယ်ရန် ကုမ္ပဏီရှိလူစားအရေအတွက်ကုန်သွားပါက ထပ်မံဝန်ဆောင်မှုမပေးတော့ဟု ကန့်သတ်ထားကြောင်း သိရသည်။

(AP,10.5.19) အေးယုနိုင်

## ဒယ်လ်ဗာရီဆန်ဆန်ရဲတိုက်ကြီးကို ဒေါ်လာ ၃ ဒသမ ၃ သန်းဖြင့် ရောင်းချပေးမည်

စပိန်နိုင်ငံ Majorca ကျွန်းတွင်တည်ရှိသည့် ၁၈၀၀ ပြည့်နှစ်ကဒယ်လ်ဗာရီဆန်ဆန်ရဲတိုက်ကြီးကို ဒေါ်လာ ၃.၃ သန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်ဟုသိရသည်။

ရဲတိုက်တွင် **အခန်းကျယ်ကြီး ၁၄ ခန်းနှင့်ကျယ်ပြောသည့်ပန်းဥယျာဉ်ကြီးပါဝင်သည့်အပြင် ရဲတိုက်၏အမိုးပေါ်မှနေ၍လည်း ကျွန်း၏သာယာလှပသောရှုမျှော်ခင်းများကို ကြည့်ရှုနိုင်သည်။** ၁၉ ရာစုအကုန်တွင် Majorca ကျွန်းသို့ရောက်ရှိလာသောပြင်သစ်ရွှေ့ပြောင်းနေထိုင်သူတစ်ဦးက ခံတပ်နေရာဟောင်းကြီးကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ ပြန်လည်ပြုပြင်ထားသောရဲတိုက်ကြီး၏အတွင်းပိုင်းရှိနံရံများတွင် အသေးစိတ်ရေးဆွဲထားသော နံရံဆေးရေးပန်းချီလက်ရာများကိုမြင်တွေ့နိုင်ပြီး Bell Esguard ရဲတိုက်ကြီးကို ဒေါ်လာ ၃.၃ သန်းဖြင့် ရောင်းချထားပြီဖြစ်သည်။ ရဲတိုက်ထဲတွင် ရှေးဟောင်းလက်ရာပန်းချီကားများနှင့် ပုရိဘောဂများလည်းပါရှိနေသည်ကို မြင်တွေ့ရကြောင်း သိရသည်။



(AP,10.5.19) အေးယုနိုင်

## အတင်းမပြောရဟု စည်းမျဉ်းသတ်မှတ်ထုတ်ပြန်ထားသောမြို့




ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့မြောက်ဘက် ၁၂၇ မိုင်အကွာရှိ Binalonan အမည်ရှိမြို့ငယ်လေးတွင် **ကောလာဟလများပျံ့နှံ့ခြင်းကိုကာကွယ်ရန် အတင်းပြောခြင်းကို** တရားမဝင်ဟုသတ်မှတ်ထားကြောင်း သိရသည်။

ပထမဆုံးအကြိမ်အဖြစ် အတင်းပြောသည့်ဖြစ်မှုကျူးလွန်သူများသည် ဒဏ်ငွေ ၃.၈ ဒေါ်လာနှင့်လမ်းပေါ်တွင်သုံးနာရီကြာအမှိုက်ကောက်သည့်ပြစ်ဒဏ်ကို ကျခံရမည်ဖြစ်သည်။ **အကြိမ်ကြိမ်အတင်းပြောသည့်ဖြစ်မှုကျူးလွန်သူများသည် ဒဏ်ငွေဒေါ်လာ ၂၀ နှင့် ရှစ်နာရီကြာ လူမှုရေးလုပ်ငန်းလုပ်ဆောင်ရန်ပြစ်ဒဏ်ကျခံရမည်ဖြစ်သည်။** မည်သည့်စကားမျိုးကို အတင်းအဖျင်းအဖြစ်သတ်မှတ်ကြောင်း ဥပဒေတွင်ထည့်သွင်းဖော်ပြထားခြင်းမရှိသော်လည်း **ဒေသခံများ၏လူမှုရေး၊အိမ်ထောင်ရေးနှင့်ငွေကြေးကိစ္စများကို ကောလာဟလဖြန့်ခြင်းကို အတင်းအဖျင်းဟု အကြမ်းဖျင်းသတ်မှတ်ကြောင်း** မြို့တော်ဝန် Ramon Guico က ဆိုခဲ့သည်။ Binalonan မြို့လေးတွင် ၂၀၁၇ ခုနှစ်ကတည်းက အဆိုပါဥပဒေကို ထုတ်ပြန်ထားခြင်းဖြစ်ပြီး မြို့ခံအများစုမှာ ၁၀ ဒေါ်လာခန့်ဒဏ်ငွေဆောင်ထားရပြီးဖြစ်ကာ လူမြင်ကွင်းတွင်အပြစ်ပေးသည့်အနေဖြင့်လည်း နေ့လယ်ခင်းများ၌ အမှိုက်လိုက်ကောက်ရလေ့ရှိသည်ဟု သိရသည်။

(AP,10.5.19) အေးယုနိုင်

## လက်ရာမြောက်အရုပ်များကို တာယာဟောင်းများဖြင့် ဖန်တီး



တရုတ်နိုင်ငံမြောက်ပိုင်း ဟီဘီပြည်နယ် တန်ရှာတွင်နေထိုင်သည့် အမျိုးသားတစ်ဦးသည် တာယာအဟောင်းများကို လိုက်လံစုဆောင်းပြီး ယင်းတာယာများဖြင့် လက်ရာမြောက်လှသည့်အရုပ်များ ဖန်တီးသည်။ ၎င်းက ၂၀၁၅ ခုနှစ်ကတည်းကပင် ယင်းသို့ အရုပ်များ စတင်ဖန်တီးခဲ့သည်။ **အလဟဿဖြစ်သွားမည့်တာယာအဟောင်းပေါင်း တန် ၅၀ နီးပါးကို ၎င်းက ဒဂ္ဂါရီလာသတ္တဝါကြီးများ၊ ကြောက်မက်ဖွယ် သတ္တဝါကြီးများ၊ ဆယ့်နှစ်ရာသီခွင်ကိုယ်စားပြုအကောင်များအဖြစ် အသွင်ပြောင်းလိုက်သည်။** တာယာဟောင်းများကို လိုသလို လှီးဖြတ်လိုက်ရပြီး ယင်းတို့ကို လိုသလိုပုံသွင်းကာ ပြန်ဆက်ရကြောင်း၊ ထိုလုပ်ငန်းစဉ်မှာ ရက်ပေါင်းများစွာကြာနိုင်ကြောင်း ကာအိုရှန်ဂီဆိုသည့် အမျိုးသားက ပြောပြသည်။ မိမိလက်ရာအရုပ်ကြီးများကို ပြခန်းတွင် စနစ်တကျ တစုတစည်းတည်း ပြသလိုကြောင်း၊ **အရုပ်ကြီးများကို ကြည့်ကာလူများသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုလည်း သတိရလာကြမည်ဟု မျှော်လင့်မိကြောင်း** ၎င်းကဆိုသည်။ ခြင်္သေ့ရုပ်၊ မျောက်ဝံရုပ်ကြီးများသည် အသက်ဝင်လွန်းလှသဖြင့် လူကို ထခုန်အုပ်တော့မည့်အလား ကြောက်မက်ဖွယ်ဖြစ်နေသည်။

(PD, 10.5.19)

ချယ်ရီ




Vol. 322

May, 2019

အာရောဂျ

AROGYAM

Health Magazine

ထွက်ပြီ

- မမကြီးတို့ အရေးကြောင်းတွေ ကင်းစင်စေဖို့
- အိပ်ပျော်နေစဉ်အသက်ဆုံးရှုံးခြင်း
- စိတ်ကျဝေဒနာ
- ကျန်းမာစိုပြည်သည့်မျက်နှာအလှပိုင်ဆိုင်စေမည့် လေ့ကျင့်ခန်းများ
- ညီပြီးညက်လင်းပြီးလက်နေစေဖို့
- ပူအိုက်တဲ့ရာသီမှာ ခန္ဓာကိုယ်အတွက်ပိုတက်စီယမ်ဓာတ် ဖြည့်တင်းပေးနိုင်သည့် အစားအသောက်များ
- ကျောင်းနေပျော်တဲ့ကလေးဖြစ်ဖို့
- နေလောင်ခြင်း
- နာကျင်ခြင်းတိုသက်သာစေသော အစားအစာ ၁၀ မျိုး
- ပြည်သူများကို အန္တရာယ်ပြုနေသော ခြင်သုံးမျိုး
- အပေ...လို့ခေါ်ခွင့်

ဖြန့်ချိရာဌာန ■ SweSone Media Group - Central Tower ထပ်မထပ်၊ အင်္ဂလိပ်ကြယ်လမ်း (၃၉လမ်းထောင့်)၊ ရန်ကုန်။ ဖုန်း - ၃၉၂၇၃၉၊ ၃၀၅၃၉၃

■ သုတစွယ်စုံ စာအုပ်တိုက် - အမှတ်၉၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၀၀၅၁၂

www.free4readers.com



## ကနေဒါက ဖိလစ်ပိုင်သို့ အမှိုက်များမှားပို့လိုက်သဖြင့် နှစ်နိုင်ငံကတောက်ကဆဖြစ်




မှားပို့လိုက်မိသည့် အမှိုက်ကွန်တိန်နာပေါင်း ၆၉ လုံးကို ပြန်ယူပါ့မည်ဟု ကနေဒါအစိုးရက သဘောတူလိုက်ပြီဖြစ်ပြီး ကုန်ကျစရိတ်ကိုလည်းကျခံသွားပါမည်ဟုပါ ထည့်သွင်းပြောကြားသွားခဲ့သည်၊ ထိုအမှိုက်ပြဿနာ ပြီးသွားလျှင် နှစ်နိုင်ငံဆက်ဆံရေးပြန်လည်ပြေလည်သွားဖွယ်ရှိသည်။ ကနေဒါက ထိုအမှိုက်များကို ၂၀၁၃ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်းတွင် ဖိလစ်ပိုင်သို့ ပို့လိုက်ခြင်းဖြစ်သည်။ အမှိုက်များကို မေလ ၁၅ ရက် နောက်ဆုံးထားပြန်သယ်သွားရန် ဖိလစ်ပိုင်သမ္မတက ပြီးခဲ့သည့်ရက်ပိုင်းတွင် ရာဇသံပေးလိုက်သည်။ 'သူတို့အမှိုက်တွေ ပြန်မသယ်ဘူးဆိုရင် ကျုပ်တို့ကပဲ ပြန်ပို့လိုက်တော့မယ်။ ပြီးရင် အမှိုက်တွေကို ကနေဒါကမ်းခြေတွေမှာ သွားပုံထားပစ်လိုက်မယ်' ဟု သမ္မတပြောရေးဆိုခွင့်ရှိသူက ပြောခဲ့သည်။ **အမှိုက်ပြန်သယ်ရေးကိစ္စမှာ ကနေဒါအစိုးရ ကျင့်သုံးနေသည့် ကြိုးနီစနစ်ကြောင့် နှစ်ပေါင်းများစွာ နှောင့်နှေးနေရသည်ဟု** ဖိလစ်ပိုင် ဘဏ္ဍာရေးဌာနကလည်း ထုတ်ပြန်ချက်ထုတ်ကာ ပြောကြားခဲ့သည်။ တစ်ခါပြန်သုံး၍ရစေရန် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ပြန်ပြုပြင်မည့် ပလတ်စတစ်အမှိုက်များဟု တံဆိပ်ကပ်ထားသည့် ကွန်တိန်နာများမှာအထဲတွင် တစ်ခါသုံး သေးခံများ၊ သတင်းစာစက္ကူများနှင့်ရေသန့်ဘူးများဖြင့် ပြည့်နေသည်။ ယင်းအမှိုက်များကို ကနေဒါသို့ပြန်ပို့စေဟု ဖိလစ်ပိုင်တရားရုံးက ၂၀၁၆ ခုနှစ်တွင် အမိန့်ချမှတ်ခဲ့သည်။

(TS, 11.5.19) ချယ်ရီ

## ယခုနှစ်အတွက် အကောင်းဆုံးနှင့်အညံ့ဆုံး လေကြောင်းလိုင်းများစာရင်း ထွက်လာ




၂၀၁၉ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးနှင့် အညံ့ဆုံး လေကြောင်းလိုင်းများစာရင်း၊ လေဆိပ်များစာရင်း ထွက်လာပြီဖြစ်သည်။ **ကာတာလေကြောင်းလိုင်းသည် ကမ္ဘာ့အကောင်းဆုံးလေကြောင်းလိုင်းအဖြစ် နှစ်နှစ်ဆက်တိုက်သတ်မှတ်ခံလိုက်ရပြီး ယင်းနောက်တွင် အမေရိကန်လေကြောင်းလိုင်းကကပ်လိုက်နေသည်၊ သောမတ်စ် ကွတ်ခ်ဆိုသည့် ဗြိတိသျှလေကြောင်းလိုင်းသည် အညံ့ဆုံးလေကြောင်းလိုင်းအဖြစ် သတ်မှတ်ခံလိုက်ရသည်၊ ကာတာရှိ ဟာမက်နိုင်ငံတကာလေဆိပ်သည်လည်း အကောင်းဆုံးလေဆိပ်အဖြစ် ဒုတိယနှစ်ဆက်တိုက်ရပ်တည်နေသည်၊ ယင်းနောက်တွင် တိုကျိုနိုင်ငံတကာလေဆိပ်ကကပ်လိုက်နေသည်၊ ပေါ်တူဂီရှိ လစ်ဘွန်ပေါ်တီလာလေဆိပ်သည် အညံ့ဆုံးလေဆိပ်အဖြစ် စာရင်းဝင်နေသည်၊** ခရီးစဉ်နှောင့်နှေးခြင်း၊ ခရီးစဉ် ဖျက်သိမ်းခံရခြင်းတို့အတွက် ခရီးသွားများ လျော်ကြေးရစေရန် ကူညီပေးသည့် AirHelp ကုမ္ပဏီက ယင်းစစ်တမ်းကိုပြုစုခြင်းဖြစ်သည်။ **လေယာဉ်ခရီးစဉ် အချိန်မှန်၊ မမှန်၊ ဝန်ဆောင်မှု အရည်အသွေး၊ အစားအစာအရည်အသွေးနှင့် လျော်ကြေးငွေလွယ်လွယ်ကူကူ ပြန်ပေး၊ မပေး ဆိုသည့် ထင်မြင်ချက်ပေါင်း ၄၀၀၀၀ ပေါ်မူတည်ကာ** လေကြောင်းလိုင်းပေါင်း ၇၂ ခုနှင့် လေဆိပ်ပေါင်း ၁၃၂ ခုကို အဆင့်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

(DM, 11.5.19) ချယ်ရီ

## ကလေးမွေးနှုန်းတက်လာစေရန် အခမဲ့မူကြိုနှင့်နေ့ကလေးထိန်းကျောင်းများဖွင့်မည်



**ကလေးအားလုံး မူကြိုအခမဲ့ တက်ခွင့်ရမည့်ဥပဒေအသစ်ကို ဂျပန်က ပြဋ္ဌာန်းလိုက်ပြီဖြစ်သည်၊ ကျဆင်းနေသည့် ကလေးမွေးနှုန်းတက်လာစေရန်အလို့ငှာ** ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ကြိုးပမ်းအားထုတ်နေခြင်းဖြစ်သည်။ **ကလေး ပြုစုပျိုးထောင်ရသည့် စရိတ်ကြီးမြင့်သဖြင့် ကလေးမယူသူဦးရေ များလာနေသည့်အတွက်** အစိုးရက စရိတ်လျှော့ချနိုင်ရန် ကြိုးပမ်းခြင်းဖြစ်သည်။ ဂျပန်တွင် ကလေးမွေးဖွားနှုန်းသည် ၂၀၁၇ ခုနှစ်တွင် **စံချိန်တင်ကျဆင်းခဲ့ပြီး အမျိုးသမီးတစ်ဦးလျှင် မွေးသည့်ကလေးဦးရေ ၁ ဒသမ ၄၃ သာ ရှိသည်၊** ယခုအခါ ဥပဒေအသစ်ပေါ်လာပြီဖြစ်သည့်အတွက် **အသက် ၃ နှစ်မှ ၅ နှစ်အတွင်း ကလေးများသည် အောက်တိုဘာလကစကာ မူကြိုအခမဲ့တက်ခွင့်ရတော့မည်ဖြစ်သည်၊ ထို့ပြင် ဝင်ငွေနည်းမိသားစုများမှ အသက် ၂ နှစ်နှင့် အောက်ကလေးများလည်း နေ့ကလေးထိန်းကျောင်း အခမဲ့တက်ခွင့်ရမည်** ဖြစ်သည်။ ကလေးကို အစိုးရမူကြိုကျောင်းမဟုတ်ဘဲ ပုဂ္ဂလိကကျောင်းသို့ ပို့မည်ဆိုလျှင်လည်း တစ်လထောက်ပံ့ငွေ ၃၈၃ ဒေါ်လာ ရမည်ဖြစ်သည်။ အဆိုပါစီမံချက်ကုန်ကျစရိတ်သည် တစ်နှစ်လျှင် ဒေါ်လာ ၇ ဒသမ ၁ ဘီလျံရှိနိုင်သည်ဟု အစိုးရက ခန့်မှန်းထားပြီး အခွန်တိုးကောက်ရာမှ ရသည့်ငွေကို ထို့အတွက် သုံးသွားမည်ဖြစ်သည်။

(UPI, 11.5.19) ချယ်ရီ

## ကမ္ဘာ့အရှည်ဆုံးမြစ်များအနက် သုံးပုံပုံနှစ်ပုံသည် လူသားများကြောင့် ပိတ်ဆို့ကုန်ဟု ဆို



**ကမ္ဘာ့အရှည်ဆုံးမြစ်များအနက် သုံးပုံပုံနှစ်ပုံနီးပါးသည် ဆည်များ၊ ရေလှောင်ကန်များနှင့် အခြားသော လူလုပ်အဆောက်အအုံများကြောင့် ပိတ်ဆို့ကုန်သဖြင့်** ဂေဟစနစ်များ ဆိုးဆိုးရွားရွားထိခိုက်ပျက်စီးကုန်သည်ဟု သုတေသီများကပြောကြားလိုက်သည်။ နောက်ဆုံးရဂြိုဟ်တုအချက်အလက်များ၊ ကွန်ပျူတာဖြင့်ပုံဖော်ကြည့်သည့်ဆော့ဖ်ဝဲများကိုသုံးကာ နိုင်ငံတကာသုတေသီအဖွဲ့က ကမ္ဘာ့မြစ်ကြီးများ၏ ကီလိုမီတာ ၁၂ သန်းအရှည်ရှိလမ်းကြောင်းကွန်ရက်ကို စေ့စေ့စပ်စပ်လေ့လာခဲ့ကြသည်။ လူသားတို့၏ လုပ်ရပ်ကြောင့် ကမ္ဘာ့ရေလမ်းကြောင်းများ မည်မျှအထိ ထိခိုက်သွားရသည်ဆိုသည်ကို ယင်းလေ့လာချက်က ပထမဦးဆုံးပြသနေသည်။ **အရှည် ကီလိုမီတာ ၁၀၀၀ ကျော်ရှိသည့် မြစ်ကြီးပေါင်း ၉၁ စင်းအနက် ၂၁ စင်းကသာ မူလအတိုင်း တိုက်ရိုက်ဆက်လက်စီးဆင်းခွင့်ရနေသည်၊** အရှည်ဆုံးမြစ်ပေါင်း ၂၄၂ စင်းအနက် ၃၇ ရာခိုင်နှုန်းကသာ လမ်းကြောင်းတွင် အတားအဆီးမရှိ လွတ်လွတ်လပ်လပ် ဆက်လက်စီးဆင်းနေကြောင်း၊ ကျန်မြစ်များသည် လမ်းကြောင်းတစ်လျှောက်တွင် အတားအဆီး၊ အပိတ်အဆို့များ ရှိနေကြောင်း၊ ထို့ကြောင့် ကမ္ဘာ့ဇီဝမျိုးကွဲများ ဆိုးဆိုးရွားရွား ထိခိုက်ပျက်စီးနေရကြောင်း ကျွမ်းကျင်သူများက ဆိုသည်။ **မြစ်များ အတားအဆီးမရှိစီးဆင်းရေးသည် လူသားနှင့် သဘာဝပတ်ဝန်းကျင်ကြီးအတွက် အလွန်တရာမှအရေးကြီးသော်လည်း** လူသားတို့သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မြစ်ကြောင်းကိုပိတ်ကာ ဆည်များ၊ ရေလှောင်ကန်များ တည်ဆောက်နေကြကြောင်း၊ ထို့ကြောင့် မူလအတိုင်း အတားအဆီးမရှိ ဆက်လက်စီးဆင်းခွင့်ရနေသည့် မြစ်သည် အလွန်တရာ ရှားပါးလာနေကြောင်း သိရသည်။

(CGTN, 11.5.19) ချယ်ရီ

## ဟောင်ကောင်၌ မော်စီတုန်းပုံတူရုပ်ထဲတွင်သယ်ဆောင်လာသော မူးယစ်ဆေးများ ဖမ်းဆီးရမိ



ဟောင်ကောင်တွင် ရဲများက အမျိုးသားတစ်ဦးကို မက်သမ်ဖတမင်း ၁၄ ဂရမ်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီးနောက် ၎င်းနေထိုင်ရာတိုက်ခန်းကိုဝင်ရောက်စီးနင်းခဲ့ရာတွင် **မော်စီတုန်းပုံတူရုပ်တုထဲ၌ မူးယစ်ဆေး ၁၀ ဂရမ်ကို ထပ်မံရှာဖွေတွေ့ရှိခဲ့ကြသည်ဟု** သိရသည်။

ဖမ်းဆီးရမိခဲ့သည့်မူးယစ်ဆေးများ၏စုစုပေါင်းတန်ဖိုးမှာ ဒေါ်လာ ၁၆၈၀ ဖြစ်သည်။ **တရုတ်နိုင်ငံတွင် လူသိများထင်ရှားသောမော်စီတုန်း၏ကွန်မြူနစ်တော်လှန်ရေးသည် ဘိန်းစားများကိုရှင်းထုတ်ပစ်နိုင်ခဲ့သော်လည်း** ယနေ့ခေတ်တွင် မော်စီတုန်း၏နာမည်ကျော်ကြားမှုသည် မူးယစ်ဆေးမှောင်ခိုကုန်ကူးသူများအတွက် ဆေးများထည့်သွင်းသယ်ဆောင်သွားနိုင်သောနေရာတစ်ခုဖြစ်လာနေပြီဖြစ်သည်။ **အစောပိုင်းတွင် ရဲများက မော်စီတုန်းရုပ်တုကိုသတိမထားမိခဲ့ဘဲ ရုပ်တုကိုမလိုက်ချိန်မှသာ သံသယဝင်ခဲ့ကြခြင်းဖြစ်သည်၊** ရုပ်တု၏အောက်ပိုင်းကို ဖွင့်စစ်ဆေးသည့်အခါမှ တရားမဝင်မူးယစ်ဆေးများကို တွေ့ရှိခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

(AP,10.5.19) အေးယုနိုင်

www.free4readers.com



## တရုတ်နိုင်ငံ၏တတိယမြောက်နှင့်အကြီးဆုံးသော လေယာဉ်တင်သင်္ဘောကြီးကို တည်ဆောက်နေသည့်ဂြိုဟ်တုပုံရိပ်များ ထွက်ပေါ်လာဟုဆို



တရုတ်နိုင်ငံ၏ပထမဆုံးသောအရွယ်အစားပြည့်လေယာဉ်တင်သင်္ဘောကြီးတည်ဆောက်ဆောက်နေသည့်ဂြိုဟ်တုပုံရိပ်များကို အမေရိကန်၏ Center for Strategic and International Studies (CSIS) က ရယူထုတ်ပြန်နိုင်ခဲ့သည်ဟု သိရသည်။

**ရှန်ဟိုင်းမြို့အပြင်ဘက်ရှိ Jiangnan သင်္ဘောကျင်းတွင် လေယာဉ်တင်သင်္ဘောကြီးကိုတည်ဆောက်နေခြင်းဖြစ်သည်။** တရုတ်က တတိယမြောက်လေယာဉ်တင်သင်္ဘောတည်ဆောက်မှုကို တရားဝင်အတည်မပြုခဲ့သော်လည်း အစိုးရမီဒီယာများက လေယာဉ်တင်သင်္ဘောတည်ဆောက်ရေးစီမံကိန်းမှာ နိုင်ငံတော်လျှို့ဝှက်ချက်ဖြစ်ကြောင်း အရိပ်အမြွက်ဆိုခဲ့ကြသည်။ သင်္ဘောအုပ်နှင့်အတူ လှုပ်ရှားသွားလာတိုက်ခိုက်နိုင်မည့် **တရုတ်နိုင်ငံ၏ ပထမဆုံးခေတ်မီအရွယ်အစားပြည့်လေယာဉ်တင်သင်္ဘောဖြစ်သည့်အတွက်** အာရှနှင့်အနောက်နိုင်ငံစစ်တပ်များက အဆိုပါစီမံကိန်းကို စိတ်ဝင်စားလျက်ရှိနေကြသည်။ ဂြိုဟ်တုပုံရိပ်များအရ ရေယာဉ်ဦးပိုင်းသည် ၉၈ ပေခန့်ရှည်လျားပြီး သီးခြားကိုယ်ထည်ပိုင်းမှာ ၁၃၅ ပေခန့်ရှိသည်ကိုမြင်တွေ့ရသည်။ တရုတ်၏အဆိုအရ Type002 အမျိုးအစားဖြစ်သောလေယာဉ်တင်သင်္ဘောသည် တန် ၁၀၀၀၀၀ လေးသောအမေရိကန်လေယာဉ်တင်သင်္ဘောများထက်သေးငယ်သော်လည်း ပြင်သစ်နိုင်ငံ၏ တန် ၄၂၅၀၀ လေးသော Charles de Gaulle ထက်ပိုမိုကြီးမားသည်ဟု သိရသည်။

**(AP,13.5.19) အေးယုနိုင်**

## မပေါက်ကွဲသေးသည့် ဒုတိယကမ္ဘာစစ်လက်ကျန်ဗုံးအလုံးရေ ၃၀၀၀ ကျော်ကို နောက်ဖေးခြံထဲက တူးဖော်တွေ့ရှိ



တရုတ်နိုင်ငံ ဟီနန်ပြည်နယ် ရှန်ချွီမြို့က နေအိမ်တစ်အိမ်ရဲ့ **နောက်ဖေးမြေကွက်လပ်တစ်ခုမှာ ဒုတိယကမ္ဘာစစ်ကတည်းက ပေါက်ကွဲမှုမရှိသေးဘဲ ကျန်ရှိနေခဲ့တဲ့ ဗုံးအရှင်စုစုပေါင်း အလုံးရေ ၃၀၀၀ ကျော်ကို တူးဖော်တွေ့ရှိခဲ့**တယ်လို့ သိရပါတယ်။ ဆောက်လုပ်ရေးဝန်ထမ်းတွေက အိမ်နောက်ဘက်မှာ **ရေကူးကန်တည်ဆောက်ဖို့ရာအတွက် မြေတူးရာကနေ ဗုံးတွေကို တူးဖော်တွေ့ရှိခဲ့ကြတာပါ။ ဗုံးတွေအားလုံးက သံချေးတက်နေပြီဆိုပေမယ့်လည်း ပေါက်ကွဲနိုင်ခြေရှိနေသေးတယ်လို့လည်း** သိရပါတယ်။ ဒီအိမ်မှာ လူနေထိုင်ခြင်းမရှိသေးတဲ့အပြင် ဗုံးတွေကိုတူးဖော်မိတာကြောင့် ထိခိုက်ဒဏ်ရာရသူ တစ်ဦးတစ်ယောက်မှမရှိခဲ့ဘူးလို့လည်း သိရပါတယ်။ အများစုက လက်ပစ်ဗုံးတွေဖြစ်ကြပြီး အမြောက်ကျည်ဆန်တွေနဲ့ မီးလောင်ဗုံးတွေလည်းပါရှိတယ်လို့သိရပါတယ်။ ဆောက်လုပ်ရေးအလုပ်သမားတစ်ဦးဖြစ်တဲ့လီဖေ့ဗ်က အုတ်ကျိုးလို့ထင်မှတ်ခဲ့ပြီး လက်တွန်းလှည်းထဲထည့်မိချိန်မှာ အုတ်မဟုတ်ဘဲ သံထည်နဲ့ပြုလုပ်ထားတဲ့ပစ္စည်းဖြစ်နေတာကို သတိပြုမိပြီး ဗုံးတွေဖြစ်လောက်တယ်လို့ သံသယဖြစ်ခဲ့ကြတာပါ။ ရဲကိုအကြောင်းကြားခဲ့ပြီး ဗုံးရှင်းလင်းရေးအဖွဲ့ရောက်ရှိလာခဲ့ကာ စစ်ဆေးမှုတွေပြုလုပ်ခဲ့ပြီး ဘေးကင်းရာကို ရွှေ့ပြောင်းပေးခဲ့ကြပါတယ်။ ဒီလောက်များပြားတဲ့ ဗုံးဟောင်းတွေကို နောက်ဖေးမြေကွက်လပ်လေးထဲကနေ တူးဖော်တွေ့ရှိခဲ့ရတာကြောင့် ထိတ်လန့်တုန်လှုပ်ခဲ့ကြရပေမယ့် ဗုံးရှင်းလင်းရေးအဖွဲ့က ဘေးကင်းစိတ်ချရတဲ့နေရာကို ရွှေ့ပြောင်းကာ ရှင်းလင်းပေးခဲ့ကြတာကြောင့် တစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာမရခဲ့ကြဘူးလို့ သတင်းမှာ ဖော်ပြထားခဲ့ပါတယ်။ **(DM,13.5.19) သံသာ**

## အကျဉ်းသား ၁၀၀ ကျော် ထောင်ဖောက်ပြေးသဖြင့် အင်ဒိုနီးရှားအာဏာပိုင်များ ရှာဖွေဖမ်းဆီးနေရ



အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်းစီယက်ခရိုင်က အကျဉ်းထောင်တစ်ခုမှာ အကျဉ်းသားတွေ ရာနဲ့ချီကာ ထောင်ဖောက်ထွက်ပြေးခဲ့ကြတာကြောင့် အာဏာပိုင်တွေ အပူတပြင်းလိုက်လံရှာဖွေဖမ်းဆီးနေကြတယ်လို့သိရပါတယ်။ **အကျဉ်းထောင်တွင်း အဓိကရုဏ်းဖြစ်ခဲ့ပြီး မီးလောင်ခဲ့ရာကနေ အကျဉ်းသားတွေ ထွက်ပြေးလွတ်မြောက်သွားခဲ့တာဖြစ်တယ်လို့** ပြည်နယ်ရဲတပ်ဖွဲ့အကြီးအကဲ ဝီဒိုဒိုအီကိုပရီဟာစတိုပိုက ဆိုပါတယ်။ နံနက်အစောပိုင်းမှာ ထွက်ပြေးလွတ်မြောက်သွားခဲ့တဲ့ အကျဉ်းသားတွေကို ရဲတပ်ဖွဲ့နဲ့ စစ်တပ်တို့ ပူးပေါင်းရှာဖွေဖမ်းဆီးခဲ့ကြတာမှာ **နေ့တွင်းချင်းမှာပဲ အကျဉ်းသား ၁၁၅ ဦးကို ပြန်လည်ရှာဖွေထိန်းသိမ်းနိုင်ခဲ့တယ်လို့** ရဲအရာရှိဝီဒိုဒိုအီကိုပရီဟာစတိုပိုက ဆိုပါတယ်။ **အကျဉ်းသား ၆၅၀ နီးပါးနေထိုင်တဲ့ အကျဉ်းထောင်ဖြစ်ပြီး ဒီအကျဉ်းထောင်ကနေ ရာနဲ့ချီလွတ်မြောက်သွားကြတဲ့အထဲ အများစုကို ပြန်လည်ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပေမယ့် လွတ်မြောက်နေဆဲအကျဉ်းသားဦးရေ ဒါဇင်နဲ့ချီကျန်ရှိနေသေးတယ်လို့** ရဲအရာရှိဝီဒိုဒိုကဆိုပါတယ်။ အကျဉ်းသားတွေ မက်သဖက်တမင်းဆေးတွေ သုံးစွဲနေတာကို အကျဉ်းထောင်အရာရှိတွေ စစ်ဆေးတွေ့ရှိခဲ့ကြရာကနေ အကျဉ်းသားတွေနဲ့ အကျဉ်းထောင်အရာရှိတွေကြား ရိုက်နှက်မှုဖြစ်ကြပြီး အကျဉ်းထောင်တွင်း ပဋိပက္ခဖြစ်ပွားခဲ့ရတာလို့ ရဲတပ်ဖွဲ့ကဆိုပါတယ်။ အကျဉ်းသားသုံးဦး ဓားဒဏ်ရာရခဲ့ပြီး ထောင်အရာရှိတစ်ဦး သေနတ်ဒဏ်ရာရခဲ့တယ်လို့ ဒေသခံကျန်းမာရေးအာဏာပိုင်တွေက အတည်ပြုခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်တုန်းကလည်း ဆူမားတြားမြောက်ပိုင်း၊ မီဒန်မြို့က အကျဉ်းထောင်မှာအလားတူပဋိပက္ခဖြစ်ပွားခဲ့ပြီး အကျဉ်းသား ၂၄၀ ဦးခန့် ထွက်ပြေးလွတ်မြောက်သွားခဲ့တယ်လို့ သိရပါတယ်။

**(CNA,13.5.19) သံသာ**

## ဘောဂျင်းလေဆိပ်သစ်ကြီးတွင် ပထမဦးဆုံးအကြိမ် လေယာဉ်စမ်းသပ်ဆင်းသက်မှု ပြုလုပ်



ဒေါ်လာ ၁၁ ဒသမ ၅ ဘီလျံမျှ အကုန်အကျခံ ထားတဲ့ ဘေဂျင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သစ်ကြီးမှာ **ခရီးသည်တင်အမျိုးအစားလေယာဉ်တွေနဲ့ ပထမဆုံးအကြိမ် စမ်းသပ်ဆင်းသက်မှုပြုလုပ်နိုင်ခဲ့ကြပါပြီ။** မေလ ၁၃ ရက် တစ်ရက်တည်းမှာပဲ တရုတ်လေကြောင်းလိုင်းလေးခုက ခရီးသည်တင်လေယာဉ်တွေနဲ့ စမ်းသပ်ဆင်းသက်ခဲ့ကြတာဖြစ်ပါတယ်။

**China Southern Airlines မှ Airbus A380 လေယာဉ်က ပထမဦးဆုံး လေယာဉ်ကွင်းဆင်းခဲ့ပြီး** China East ern Airlines မှ A350-900 လေယာဉ်၊ Air China မှ Boeing B747-8 လေယာဉ်၊ Xiamen Airlines မှ B 787-9 လေယာဉ်တို့လည်း အစဉ်လိုက်ဆင်းသက်ဆိုက်ရောက်ခဲ့ကြတယ်လို့ တရုတ်အခြေစိုက်သတင်းတွေမှာဖော်ပြခဲ့ကြပါတယ်။ လေယာဉ်လေးစင်းလုံး ဘေး အန္တရာယ်မရှိ ဆင်းသက်ရပ်နားမှုပြုလုပ်နိုင်ခဲ့ပြီး စမ်းသပ်ဆင်းသက်မှုတွေတိုင်းမှာ လေကြောင်းပျံသန်းဆင်းသက်မှုလုပ်ငန်းစဉ်တွေ၊ လေကြောင်းခရီးလမ်းပြဆက်သွယ်ရေးဆောင်ရွက်ချက်တွေ၊ မိုးလေဝသ၊ ပြေးလမ်းနဲ့လေယာဉ်ကွင်းမီးစနစ်တွေ စသဖြင့် လေဆိပ်ရဲ့စနစ်အမျိုးမျိုးကိုပါ စမ်းသပ်သွားခဲ့ကြပါတယ်။ ပထမဆုံးအကြိမ် လေယာဉ်ဆင်းသက်မှုစမ်းသပ်ခြင်းဖြစ်ပြီး အခြေခံအဆောက်အအုံအဆောက်အအုံ အချောသတ်ပြီးစီးပြီဆိုတာနဲ့ ခရီးသည်တင်လေယာဉ်ထွက်ခွာဆင်းသက်မှုတွေအတွက်ပါ အဆင်သင့်ဖြစ်နေစေဖို့ စမ်းသပ်မှုအဆင့်တွေမှာတွေ့ရှိထားတဲ့လိုအပ်ချက်အဆင့်ဆင့်တွေကို အဆင့်မြှင့်မွမ်းမံထားကြမှာဖြစ်ပါတယ်။ နောက်ထပ်စမ်းသပ်ချက်နှစ်ကြိမ်ထပ်မံပြုလုပ်ဦးမှာဖြစ်ပြီး မြင်နိုင်စွမ်းအနိမ့်ဆုံးအခြေအနေတွေမှာ ဘေးကင်းစွာနဲ့ဆင်းသက်နိုင်စေဖို့ စမ်းသပ်ချက်ကိုပါ ထည့်သွင်းပြုလုပ်သွားမှာဖြစ်ပါတယ်။ ဒီလေဆိပ်ကြီးရဲ့အလုံးစုံစမ်းသပ်မှုကိုတော့ ဩဂုတ်လ ၉ ရက်မှာ ပြုလုပ်သွားမှာဖြစ်ပါတယ်။ **(CGTN,13.5.19) သံသာ**

## တိရစ္ဆာန်များသဖွယ်ပြုလုပ်နိုင်သည့် စစ်ဘက်ဆိုင်ရာစက်ရုပ်များ တီထွင်



ကျေးငှက်များ၊ မြွေများ၊ ပင်လယ်ရေနေသတ္တဝါများနှင့် အင်းဆက်ငယ်များအထိ **တိရစ္ဆာန်အမျိုးအစားစုံတို့၏ ပြုမူလှုပ်ရှားမှုများကဲ့သို့ ပြုမူနိုင်သည့် စစ်သုံးစက်ရုပ်များကို တောင်ကိုရီးယားက တီထွင်ဖန်တီးသွားမည်ဖြစ်ကြောင်း** သိရသည်။ ကာကွယ်ရေးရှာဖွေသိုမှီးမှုအစီအစဉ်အုပ်ချုပ်ရေးအဖွဲ့ DAPA က စစ်တပ်အတွက် လက်နက်ဆိုင်ရာ စနစ်သစ်များကို ကွပ်ကဲထုတ်လုပ်သွားမည်ဖြစ်ပြီး ၎င်းတို့အနက် ဇီဝသက်ရှိပြုမူလှုပ်ရှားမှုများကို တုပဖန်တီးထားသည့် စစ်သုံးစက်ရုပ်များလည်း ပါရှိမည်ဖြစ်ကာ အနာဂတ်တွင် စစ်မြေပြင်ဆိုင်ရာ ထောက်လှမ်းမှုများအပါအဝင် စစ်ဘက်ဆိုင်ရာကဏ္ဍအသီးသီးတွင် ထည့်သွင်းအသုံးချသွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားအခြေစိုက် ယွန်ဟတ်သတင်းတွင်ဖော်ပြသွားခဲ့သည်။ **Biobots ဟုဆိုသည့် အဆိုပါစက်ရုပ်များက သက်ရှိတိရစ္ဆာန်အစစ်များ၏လှုပ်ရှားပြုမူမှုများအတိုင်း ထပ်တူနီးပါးတူညီအောင် လှုပ်ရှားနိုင်သည့် စက်ရုပ်များဖြစ်ပြီး လာမည့် ၂၀၂၄ ခုနှစ်တွင် တောင်ကိုရီးယားစစ်တပ်၌ စတင်အသုံးပြုသွားနိုင်ရန် စီစဉ်ထားကြောင်း** သတင်းတွင်ဖော်ပြခဲ့သည်။ သားသမီးမွေးဖွားမှုနှုန်း ပိုမိုလျော့နည်းလာခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးအတွက် တာဝန်ထမ်းဆောင်မည့် လူငယ်ဦးရေနည်းပါးလာသည့်အတွက် နည်းပညာဖွံ့ဖြိုးတိုးတက်မှုကို အားကိုးရန်လိုအပ်လာခဲ့ပြီဖြစ်သောကြောင့် စစ်တပ်အတွက် အသွင်သဏ္ဌာန်မျိုးစုံနှင့် လုပ်ဆောင်ချက်အမျိုးမျိုးအသုံးချနိုင်သည့် စက်ရုပ်များ တီထွင်ဖန်တီးရန် လိုအပ်လာပြီဖြစ်ကြောင်း သတင်းတွင်ဖော်ပြခဲ့သည်။ သတင်းထောက်လှမ်းရေးအတွက် ငှက်နှင့်အင်းဆက်ကဲ့သို့ ပျံသန်းနိုင်သည့် စက်ရုပ်များလိုအပ်ပြီး **အတားအဆီးများနှင့် နေရာကျဉ်းများထဲမှ တိုးဝင်သွားနိုင်ရန် မြွေကဲ့သို့ စက်ရုပ်များ အသုံးချသွားမည့်အပြင်** စစ်မြေပြင်နှင့် ဘေးဒဏ်သင့်ဒေသများအတွက် ကယ်ဆယ်ရှာဖွေရေးစက်ရုပ်များလည်း အဆင့်မြှင့်ဖန်တီးသွားမည်ဟု သိရသည်။ **(Telegraph,13.5.19) သံသာ**

www.free4readers.com



## မင်္ဂလာဆောင်ရန်သွားသည့် သတို့သားလောင်းနှင့် သတို့သမီးလောင်း ကားတိုက်ခံရ၍ သေဆုံး





မင်္ဂလာဆောင်ရန်သွားသည့် သတို့သားလောင်းနှင့် သတို့သမီးလောင်း လမ်းတွင် ကားတိုက်ခံရကာ သေဆုံးသွားမှု အမေရိကန်ပြည်ထောင်စု ပင်ဆယ်လ်ဗေးနီးယားတွင်ဖြစ်ပွားခဲ့ပြီး **၁၈ ဘီးကားမောင်းသူက ကားမောင်းနေစဉ် ဖုန်းပြောနေသဖြင့် အရှိန်မထိန်းနိုင်ဘဲ ထိုသို့ဝင်တိုက်ခဲ့မိခြင်းဖြစ်သည်၊** ယာဉ်တိုက်မှုဖြစ်ပွားအပြီး ခုနစ်လအကြာတွင်မှ ရဲတပ်ဖွဲ့က အသက် ၂၄ နှစ်အရွယ် ယင်းယာဉ်မောင်းကို အပူတပြင်းလိုက်ရှာနေသည်။ သေဆုံးသွားသူများမှာ အသက် ၄၂ နှစ်အရွယ် ဂျိုးဆက်ဖ်ကာနီနှင့် အသက် ၃၅ နှစ်အရွယ် ကက်သန်ရှူဝပ်ဇ်တို့ဖြစ်သည်။ ၎င်းတို့ စီးလာသည့်ကားလေးကို ကုန်တင်ကားကြီးက နောက်မှ အရှိန်ပြင်းပြင်း ဝင်တိုက်လိုက်ခြင်းဖြစ်သည်။ ယာဉ်မောင်းဆင်းချာဟာသည် အခင်းဖြစ်ရာနေရာမှ ထွက်မပြေးသော်လည်း ရဲများ မေးသည့် မေးခွန်းကို တစ်ခွန်းမှ မဖြေခဲ့ပေ။ ၎င်းကို ရဲက ထိုအချိန်ကစွဲချက်မတင်ခဲ့ပေ။ ခုနစ်လအကြာတွင် စုံစမ်းစစ်ဆေးချက်များ ထွက်လာသဖြင့် ယခုအချိန်ကျမှ ရဲက ထိုလူကို လူသေစေမှုဖြင့် စွဲချက်တင်လိုက်သည်။ သို့သော် ကယ်လီဖိုးနီးယားတွင်နေထိုင်သည့် ယင်းယာဉ်မောင်းကို ရဲတပ်ဖွဲ့ ရှာမတွေ့သေးပေ။ **ကားမောင်းနေစဉ် ဖုန်းပြောနေသဖြင့် ဘရိတ်ကို အချိန်မီမအုပ်နိုင်လိုက်ခြင်းဖြစ်ကြောင်း** ၎င်းက အမှုဖြစ်ပြီးစတွင် ရဲကို ပြောခဲ့သည်။ တရားခံ၏ ဓာတ်ပုံကိုသော်လည်းကောင်း၊ ဖမ်းဝရမ်းထုတ်ရန် ယခုလောက်အထိ အချိန်ကြာမြင့်ရသည့်အကြောင်းပြချက်ကိုလည်းကောင်း ရဲတပ်ဖွဲ့က မပေးနိုင်သေးပေ။

(DM, 11.5.19) ချယ်ရီ

## တရုတ်တွင် အင်တာနက်ဆေးရုံအမြောက်အမြား တည်ဆောက်နေ



တရုတ်နိုင်ငံမှာ လူနာတွေကို ကုသမှုတွေပေးရာမှာ လျင်မြန်တဲ့ 5G ကွန်ရက်နဲ့ **အွန်လိုင်းကနေဆက်သွယ်ကာ ထိရောက်တဲ့ကုသမှုတွေပေးစွမ်းနိုင်မယ့် အင်တာနက်ဆေးရုံတွေကို နိုင်ငံတစ်ဝန်းအမြောက်အမြားတည်ဆောက်နေပြီလို့ သိရပါတယ်၊** တရုတ်နိုင်ငံရဲ့ မြို့ကြီးတွေမှာသာမက မြို့ငယ်တွေနဲ့ နယ်စွန်နယ်ဖျားအထိ အင်တာနက်ချိတ်ဆက်ကာ ကုသမှုတွေပေးနိုင်မယ့် အဆင့်မြင့်အင်တာနက်ဆေးရုံတွေကို တည်ဆောက်နေကြပြီး **လက်ရှိအချိန်ထိ အင်တာနက်ဆေးရုံစုစုပေါင်း ၁၅၈ ခုကို တည်ဆောက်ပြီးစီးခဲ့ပြီလို့** တရုတ်ကျန်းမာရေးအာဏာပိုင်အဖွဲ့က ဆိုပါတယ်။ ဒီဂျစ်တယ်နည်းပညာအသုံးချမှုတွေမြင့်မားလာတဲ့ယနေ့ခေတ်ထဲမှာ နိုင်ငံတစ်ဝန်းက ပြည်သူတွေရဲ့ကျန်းမာရေးအတွက် မြို့ပြနဲ့မခြားဘဲ နယ်ဘက်တွေမှာပါ အထိရောက်ဆုံးနဲ့ အလျင်မြန်ဆုံး အချိန်မီကုသပေးမှုတွေ လုပ်ဆောင်သွားနိုင်ဖို့ရာ အင်တာနက်ဆေးရုံတွေရဲ့ အခန်းကဏ္ဍက အထူးလိုအပ်ချက်ဖြစ်လာခဲ့ပြီး ကုသမှုဆိုင်ရာဆက်သွယ်ရေးကဏ္ဍတိုးတက်မြင့်မားလာစေဖို့ရာအတွက် အင်တာနက်ဆေးရုံတွေအများအပြားတည်ဆောက်နေကြပါပြီလို့ အမျိုးသားကျန်းမာရေးကော်မရှင်ညွှန်ကြားရေးမှူးမော်ရှင်အန်က ဒုတိယအကြိမ်မြောက် Digital China Summit မှာ ပြောကြားသွားခဲ့ပါတယ်။ **နယ်အသီးသီးက အခြေခံအဆင့်ကျန်းမာရေးဌာနတွေမှာ ကုသမှုဆိုင်ရာဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေဖို့အတွက် ဗဟိုအစိုးရက ဒေါ်လာ ၉၉သန်းမျှ လျာထားတယ်လို့**လည်း တရုတ်ကျန်းမာရေးအာဏာပိုင်အဖွဲ့က ပြောကြားခဲ့ပါတယ်။

(XH,11.5.19) သံသာ

## ၂၀၂၄ ခုနှစ်တွင် Blue Moon ယာဉ်နှင့် လပေါ်ဆင်းသက်နိုင်ပြီဟု ဆို




အမေရိကန်လေကြောင်းပျံသန်းမှုယာဉ်ထုတ်လုပ်ရေး Blue Origin ရဲ့ တည်ထောင်သူဖြစ်ပြီး Amazon ရဲ့ဥက္ကဋ္ဌလည်းဖြစ်တဲ့ ဂျက်ဖ်ဘီဇော့က **လပေါ်ဆင်းသက်ယာဉ်ဖြစ်တဲ့ Blue Moon ယာဉ်ရဲ့ပုံစံကို ထုတ်ဖော်ပြသခဲ့ပြီး** ၂၀၂၄ ခုနှစ်မှာ Blue Moon ယာဉ်နဲ့ **လပေါ်ကို လူသားတွေ ဆင်းသက်ရောက်ရှိနိုင်မယ်လို့ ကြေညာသွားခဲ့တာဖြစ်ပါတယ်၊ လရဲ့မျက်နှာပြင်ကသယံဇာတတွေကို** Blue Moon ယာဉ်နဲ့ မျက်နှာပြင်ပေါ်ဆင်းသက်စုဆောင်းကာ လေ့လာသွားနိုင်မယ်လို့ ဂျက်ဖ်က ပြောကြားခဲ့ပါတယ်။ Blue Moonယာဉ်က ပျောင်းညွတ်လွယ်တဲ့ယာဉ်ဖြစ်ပြီး လမျက်နှာပြင်သို့ အသေးစား၊ အလတ်စား၊ အကြီးစားကုန်စည်စလယ်တွေ တင်ဆောင်သယ်ယူသွားနိုင်စွမ်းလည်းရှိပါတယ်။ ဆင်းသက်လိုတဲ့နေရာကို အတိအကျချိန်ညှိပြီး ညင်သာစွာဆင်းသက်နိုင်စွမ်းရှိတဲ့ယာဉ်ဖြစ်ပြီး လပေါ်မှာလူသားရောက်ရှိမှုအတွက် ပံ့ပိုးပေးသွားနိုင်မယ့် လမျက်နှာပြင်ဆင်းသက်ယာဉ်ဖြစ်တယ်လို့ Blue Origin က ဆိုပါတယ်။ အမေရိကန်အာကာသယာဉ်မှူးတွေကို၂၀၂၄ ခုနှစ်မှာ လပေါ်ရောက်ရှိစေမယ်လို့ နာဆာက ကြေညာထားခဲ့တဲ့အပြင် ဒီလုပ်ငန်းတာဝန်ကို ပြီးမြောက်စေဖို့ နာဆာအပြင် ပြင်ပအဖွဲ့အစည်းတွေနဲ့လည်း ချိတ်ဆက်လုပ်ဆောင်သွားဖို့ ဆုံးဖြတ်ထားတဲ့အကြောင်း အမေရိကန်ဒုသမ္မတမိုက်ခ်ပန့်စ်က ပြောကြားခဲ့တဲ့ နောက် Blue Origin ရဲ့ Blue Moon လဆင်းသက်ယာဉ်အကြောင်း အသိပေးထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်ပါတယ်။

(DM, 11.5.19) သံသာ

## ဖေ့စ်ဘွတ်ခ်ကို ဖြိုခွဲသင့်ဟု ဖေ့စ်ဘွတ်ခ်ပူးတွဲတည်ထောင်သူဆို



မာ့ခ်ဇူကာဘာ့ဂ်သည် အင်အားအလွန်ကြီးနေပြီး ဖေ့စ်ဘွတ်ခ်ကုမ္ပဏီမှာလည်းနည်းပညာအားလုံးကို လက်ဝါးကြီးအုပ်ထားသဖြင့် လုပ်ငန်းထိန်းသိမ်းရေးအစိုးရအဖွဲ့သည် ယင်းကို ကုမ္ပဏီသေးလေးများအဖြစ် အစိတ်စိတ်အမြွာမြွာဖြစ်သွားစေရန် **ဖြိုခွဲလိုက်သင့်ကြောင်း ဖေ့စ်ဘွတ်ခ်ကို ပူးတွဲတည်ထောင်ခဲ့သူ ခရစ္စဟူဂက်စ်က ဆိုလိုက်သည်၊** "ဖေ့စ်ဘွတ်ခ်ကို ဖြိုခွဲပစ်ဖို့ အချိန်ရောက်နေပြီ" ဟု နယူးယောက်တိုင်းမ်တွင် ဖော်ပြထားသည့် အယ်ဒီတာသို့အိတ်ဖွင့်ပေးစာတွင် ၎င်းက ထည့်သွင်းပြောကြားထားသည်၊ 'မာ့ခ်ရဲ့ အင်အား အရမ်းကို ကြီးလာနေပြီး အမေရိကန်မဆန်တော့ဘူး' ဟု ၎င်းက ဆိုထားသည်။ **ယခုအချိန်တွင် အသက် ၃၅ နှစ် ရှိပြီဖြစ်သည့် ၎င်းသည် ဟားဗာ့ဒ်တက္ကသိုလ်တွင် ဇူကာဘာ့ဂ်၏ အခန်းဖော်ဖြစ်သည်၊ ၎င်းသည် ဇူကာဘာ့ဂ်နှင့်အတူ ယင်းကို ဖန်တီးခဲ့သည်၊** ၎င်းက ဖေ့စ်ဘွတ်ခ်နှင့် ၂၀၀၇ ခုနှစ်တွင်မှ လမ်းခွဲခဲ့သည်။ ဘာရက်အိုဘားမား၏ ရွေးကောက်ပွဲမဲဆွယ်ပွဲတွင်ပါလိုသဖြင့် ၎င်းက ကုမ္ပဏီမှထွက်လိုက်ခြင်းဖြစ်သည်။ ဖေ့စ်ဘွတ်ခ်သည် Instagram နှင့် WhatsApp ကဲ့သို့သော နည်းပညာများကိုပါ ရသွားပြီး **အင်အားကြီးသည်ထက် ကြီးလာသဖြင့် မိမိမှာ ထိတ်လန့်လာကြောင်း** ၎င်းက ဆိုသည်။ ထို့ကြောင့် **ဖေ့စ်ဘွတ်ခ်သည် နည်းပညာလောကတွင် ပြိုင်ဘက်ကင်းဆရာကြီးဖြစ်လာကာ လွတ်လပ်စွာပြောဆိုခွင့်နှင့် အပြိုင်အဆိုင်တီထွင်မှုတို့ကို ခြိမ်းခြောက်လာနေကြောင်း၊** ထို့အတွက် ဖေ့စ်ဘွတ်ခ်ကို ဖြိုခွဲလိုက်သင့်ကြောင်း ၎င်းက ပြောသည်။

(DM, 11.5.19) ချယ်ရီ

## အရေပြားကင်ဆာဖြစ်နေသည့် ခြင်္သေ့ကြီးကို လူ့ဆေးရုံတွင် ကုသပေး



ခေးရော့စ်ဟု အမည်ရသည့် **ခြင်္သေ့ကြီးသည် အရေပြားကင်ဆာဖြစ်နေသဖြင့် ယင်းကို တောင်အာဖရိကရှိ အထူးကုဆေးရုံကြီးတွင် ရေဒီယိုဓာတ်ရောင်ခြည်ဖြင့် ကုသပေးခဲ့ရကြောင်း** သိရသည်။ လူအတွက် လုပ်ထားသည့်ဆေးရုံတွင် ၎င်းကို ကုပေးရမည်ဖြစ်သဖြင့် လူနာများ လန့်မသွားစေရန်အလို့ငှာ တာဝန်ရှိသူများက ခြင်္သေ့ကြီးကို နောက်ပေါက်မှ တိုးတိုးတိတ်တိတ် သွင်းခဲ့ရသည်။ အသက် ၁၆ နှစ်ရှိပြီဖြစ်သည့် ခြင်္သေ့သည် သတိမေ့နေပြီး ယင်းကို စင်ပေါ်တွင် ကြိုးဖြင့်တုပ်ထားသည်။ ခြင်္သေ့ကြီးနှာခေါင်းတွင် အနာများဖြစ်နေသဖြင့် ယင်းကို ဆရာဝန်များက ကုသပေးခြင်းဖြစ်သည်။ **တောင်အာဖရိကတွင် တိရစ္ဆာန်များအတွက် အဆင့်မြင့်စက်ပစ္စည်းမရှိသဖြင့် အလေးချိန် ပေါင် ၅၇၀ ရှိ ထိုခြင်္သေ့ကို လူ့ဆေးရုံတွင် ကုသခဲ့ရခြင်းဖြစ်သည်၊** ခြင်္သေ့၏မျက်စိနှင့် အကောင်းအတိုင်းရှိသည့် နှာခေါင်းဘက်ခြမ်းတို့ကို ဆရာဝန်တို့က ပတ်တီးဖြင့် စည်းပေးထားသည်။ သို့မှသာ ရေဒီယိုဓာတ်ရောင်ခြည်များ ထိုနေရာများကို မထိမည်ဖြစ်သည်။ ကုသမှုမှာ ငါးမိနစ်သာကြာသည်။ ခေးရော့စ်သည် ရက်သားအရွယ်ကတည်းကပင် ဘေးမဲ့တောကြီးသို့ ရောက်လာသူဖြစ်သည်။ 'သူက ကျွန်တော့သားသမီးလိုဖြစ်နေပြီ။ ဒါကြောင့် သူ့အသက်ကို ကယ်ဖို့ဆိုဘာပဲလုပ်ပေးရ၊ လုပ်ပေးရလုပ်ပေးမှာပဲ' ဟု ခေးရော့စ်ကို အနီးကပ်စောင့်ရှောက်ပေးရသည့်ဝန်ထမ်းက ဆိုသည်။ ခေးရော့စ်နှာခေါင်းတွင် အနာဖြစ်သဖြင့်အသားစယူစစ်ကြည့်ရာ ကင်ဆာဖြစ်နေကြောင်း တွေ့ရသည်။

(DM, 11.5.19) ချယ်ရီ

www.free4readers.com



## ပထမဆုံးအကြိမ် လပေါ်ဆင်းသက်ခဲ့သည့် အပိုလို ၁၁ ၏ အညွှန်းစာအုပ်ကို လေလံတင်မည်



လမျက်နှာပြင်ကို ပထမဦးဆုံးဆင်းသက်နိုင်ခဲ့ကာ သမိုင်းတွင်စေခဲ့တဲ့ နာဆာရဲ့ အပိုလို ၁၁ ယာဉ်က အညွှန်းစာအုပ်ကို လေလံတင်ရောင်းချသွားမယ်လို့သိရပါတယ်။ **လပေါ်ကို လူသားတွေပထမဦးဆုံးခြေချနိုင်ခဲ့တဲ့ အာကာသဆိုင်ရာခြေဆန့်မှုသမိုင်းဝင်ဖြစ်ရပ်ကြီးရဲ့ နှစ် ၅၀ ပြည့်အထိမ်းအမှတ်အနေနဲ့ အပိုလို ၁၁ ယာဉ်ရဲ့ အညွှန်းစာအုပ်ကို စရစ္စတီလေလံအရောင်းဌာနကနေ လေလံတင်ရောင်းချသွားမှာဖြစ်ပြီး အမြင့်ဆုံးလေလံဈေး** ဒေါ်လာ ၉ သန်းလောက်ရရှိနိုင်ဖွယ်ရှိတယ်လို့ သိရပါတယ်။ စာမျက်နှာ ၄၄ မျက်နှာပါရှိတဲ့ အညွှန်းစာအုပ်ဖြစ်ပြီး အပိုလို ၁၁ ရဲ့ အီးဂဲလ်မော်ဂျူးအစိတ်အပိုင်းနဲ့ လမျက်နှာပြင်ဆီ ဆင်းသက်စဉ် အဆင့်တစ်ဆင့်ချင်းစီမှာ အာကာသယာဉ်မှူး နေးလ်အမ်းစထရောင်းနဲ့ ဘက်ဇ်အော်ဒရင်တို့ရဲ့ လက်ရေးနဲ့ရေးမှတ်ထားခဲ့တဲ့ မှတ်စုပေါင်း ၁၅၀ ကျော်လည်း ဒီအညွှန်းစာအုပ်ထဲမှာပါရှိတယ်လို့သိရပါတယ်။ **လမျက်နှာပြင်ပေါ်မှာ အီးဂဲလ်မော်ဂျူးနဲ့ သွားလာနေစဉ်တစ်လျှောက် ဒီအညွှန်းစာအုပ်လည်းပါရှိသွားခဲ့တာကြောင့် လကမ္ဘာက မြေမှုန့်တွေလည်း ဒီစာအုပ်မှာ ပါရှိနေနိုင်တယ်လို့** ယူဆထားကြပါတယ်။ အာကာသစူးစမ်းလေ့လာမှုတွေမှာ အာကာသယာဉ်မှူးတွေသုံးစွဲခဲ့တဲ့ အသုံးအဆောင်တွေကိုလည်း လေလံတင်ခဲ့ဖူးတာတွေလည်းရှိပြီး စုဆောင်းဝယ်ယူသူတွေက ဒေါ်လာသန်းနဲ့ချီဈေးပြိုင်ပေးကာ ဝယ်ယူခဲ့ကြပါတယ်။ **အာကာသယာဉ်မှူးနေးလ်အမ်းစထရောင်းရဲ့ လပေါ်ကမြေမှုန်တွေပါရှိနေတဲ့ ဇစ်ပိတ်အိတ်ကိုလည်း ၂၀၁၇ ခုနှစ်က ဒေါ်လာ ၁ ဒသမ ၈ သန်းနဲ့ လေလံတင်ရောင်းချခဲ့ ဖူးပါသေးတယ်။**

(DM,11.5.19)

သံသာ

## အပင်ထွက်ပစ္စည်းနှင့်ပြုလုပ်ထားပြီး အပူလည်းခံသည့် တစ်ခါသုံးသဘာဝကော်ဖီခွက်များကို တီထွင်



ဈေးကွက်ထဲမှာ **ခေတ်စားနေတဲ့ ဖော့ခွက်တွေက အစားအသောက် ပူပူလောင်လောင်တွေနဲ့ ထိတွေ့တဲ့အခါ ဓာတ်ပြုပြီး အဆိပ်အတောက်ဖြစ်စေနိုင်တာကြောင့်** ကျန်းမာရေးအတွက်လည်း သင့်တော်မှုမရှိသလို ပတ်ဝန်းကျင်ထိခိုက်ပျက်စီးစေတဲ့အတွက် သိပ္ပံပညာရှင်တွေက ကျန်းမာရေးအတွက် ဘေးကင်းစိတ်ချရပြီး ပတ်ဝန်းကျင်ကိုပါပျက်စီးမှုမရှိစေဘဲ အပူလည်းခံမယ့် အပင်ထွက်ပစ္စည်းနဲ့ တစ်ခါသုံးသဘာဝကော်ဖီခွက်တွေကို ဖန်တီးပြုလုပ်ခဲ့ကြပါတယ်။ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို ဖြေရှင်းဖို့ **တစ်ခါသုံးခွက်တွေကို စက္ကူပျော့ဖတ်တွေနဲ့ ပင်ထွက်ပျော့ဖတ်တွေကနေ ဈေးကွက်ထဲမှာ ရနိုင်ပြီဆိုပေမယ့် ဒီခွက်တွေကလည်း အပူနဲ့ထိတွေ့တဲ့အခါ အသုံးမခံတဲ့အတွက်** အသုံးပြုရတာ အဆင်မပြေလှသေးတာကြောင့် ဝါရှင်တန်ပြည်နယ်တက္ကသိုလ်က သုတေသီတွေက ပတ်ဝန်းကျင်ညစ်ညမ်းမှုတွေမရှိစေဘဲ အသုံးခံတဲ့ တစ်ခါသုံးအပူခံခွက်တွေကို တီထွင်ဖန်တီးခဲ့ကြတာဖြစ်ပါတယ်။

**သစ်သားပျော့ဖတ်တွေကနေအလွန်သေးငယ်တဲ့ ပုံဆောင်ခဲပုံစံအပင်ဆဲလ် ၇၅ရာခိုင်နှုန်းမှာ ပေါ်လီမာနဲ့ပေါင်းစပ်ပြီး အသုံးပြုရပိုမိုအဆင်ပြေစေမယ့်** သဘာဝအပူခံခွက်တွေအဖြစ် သုတေသီတွေက ဖန်တီးထုတ်လုပ်ခဲ့ကြတာဖြစ်ပါတယ်။ ပြန်လည်ထုတ်လုပ်အသုံးချနိုင်တဲ့ သဘာဝတစ်ခါသုံးခွက်အပူခံ ကော်ဖီခွက်အမျိုးအစားသစ်က ပေ့ါပါးပြီး ခွက်ရဲ့ အလေးချိန်ထက် အဆ ၂၀၀ပိုများတဲ့ ထည့်ဝင်ပစ္စည်းအလေးချိန်ကို ခံနိုင်ရည်ရှိတယ်လို့သိရပါတယ်။

(DM,11.5.19)

သံသာ

## ဂျက်မာက အိမ်ထောင်သည်ဝန်ထမ်းများကို တစ်ပတ်လျှင်ခြောက်ရက်အတူနေကြရန် တိုက်တွန်း

အလီဘာဘာတည်ထောင်သူဂျက်မာက အိမ်ထောင်သည်ဝန်ထမ်းများအား **အလုပ်ကြိုးစားသလို ကလေးရအောင်လည်းကြိုးစားသင့်သည်ဟုဆိုကာ** တစ်ပတ်လျှင်ခြောက်ရက်အတူနေကြရန် တိုက်တွန်းပြောဆိုလိုက်သည်ဟု သိရသည်။

လက်ရှိတွင် **အလီဘာဘာသည် ဝန်ထမ်းများကို ၉၉၆ ပုံစံဖြင့်အလုပ်ခိုင်းစေမှုကြောင့် ဝေဖန်ခံနေရပြီး မနက် ၉ နာရီမှ ည ၉ နာရီအထိ တစ်ပတ်လျှင် ၆ ရက်အလုပ်လုပ်ရခြင်းဖြစ်သည်။** သို့သော် ကုမ္ပဏီ၏ ၁၅ နှစ်မြောက်နှစ်ပတ်လည်နေ့တွင် ဂျက်မာက ဝန်ထမ်းများ၏အကျိုးကိုလိုလားကြောင်း အလေးပေးပြောဆို



လိုသည့် ရည်ရွယ်ချက်ဖြင့် အိမ်ထောင်သည်များအား တစ်ပတ်လျှင်ခြောက်ရက်အတူနေနိုင်အောင်ကြိုးစားကြရန်တိုက်တွန်းပြောဆိုခဲ့သည်။ **အိမ်ထောင်ရေးတွင် ရလဒ်ကောင်းမွန်ရန်လိုအပ်ပြီး ရုပ်ပိုင်းဆိုင်ရာပစ္စည်းများထက်စာလျှင် ကလေးမွေးခြင်းသည် ပိုမိုကောင်းမွန်သည့်ရင်းနှီးမြှုပ်နှံမှုဖြစ်သည်ဟုလည်း** ဆိုခဲ့သည်။ လက်ရှိ တရုတ်နိုင်ငံသည် တစ်အိမ်ထောင်ကလေးတစ်ယောက်စနစ်ကို ပြောင်းလဲကာ ကလေးမွေးဖွားမှုနှုန်းမြင့်တက်လာအောင် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်ဟု သိရသည်။

(AP,11.5.19)

အေးယုနိုင်

## ပေါက်ပေါက်ရောင်းသူက အွန်လိုင်းဗီဒီယိုများကိုလေ့လာကာ ကိုယ်ပိုင်လေယာဉ် တည်ဆောက်နိုင်ခဲ့၍ ပါကစ္စတန်လေတပ်က အသိအမှတ်ပြုပေးခဲ့ရ



ပါကစ္စတန်တွင် ပေါက်ပေါက်ရောင်းသည့်မူဟာမက်ဖေယာ့ဇ်အမည်ရှိအမျိုးသားက **အွန်လိုင်းဗီဒီယိုများကိုလေ့လာကာ ကိုယ်ပိုင်လေယာဉ်တည်ဆောက်နိုင်ခဲ့ပြီးနောက်** ၎င်း၏ကြိုးပမ်းမှုကို လေတပ်ကပင် အသိအမှတ်ပြုပေးခဲ့ရသည်ဟု သိရသည်။

**ငယ်စဉ်ကတည်းက ကိုယ်ပိုင်လေယာဉ်တည်ဆောက်ပျံသန်းမောင်းနှင်လိုသည့် မူဟာမက်ဖေယာ့ဇ်က ပေါက်ပေါက်ဆုပ်ရောင်းသည့်ဝင်ငွေနှင့်လုံခြုံရေးအလုပ်မှဝင်ငွေများကိုစုဆောင်းထားခဲ့ပြီး** မိသားစုနေအိမ်ကို လည်းရောင်းချကာ NGO အသေးစားငွေချေးလုပ်ငန်းတစ်ခုမှလည်း ၃၅၃ ဒေါ်လာချေးယူခဲ့သည်။ မူဟာမက်ဖေယာ့ဇ်က အွန်လိုင်းမှဗီဒီယိုများကိုလေ့လာကာ လမ်းအကြောင်းဖြတ်စက်နှင့်သုံးဘီးကားမှဘီးများကဲ့သို့သော သမားရိုးကျမဟုတ်သည့်ပစ္စည်းများဖြင့် ကိုယ်ပိုင်လေယာဉ်ကိုတည်ဆောက်နိုင် ခဲ့သော်လည်း ပြီးခဲ့သည့်ဧပြီလက အဆိုပါလေယာဉ်ကိုပျံသန်းရန်ကြိုးပမ်းမှုဖြင့် ဖမ်းဆီးခံခဲ့ရသည်။ သို့သော် **ပါကစ္စတန်လေတပ်က မူဟာမက်ဖေယာ့ဇ်၏စိတ်အားထက်သန်မှုနှင့်ကျွမ်းကျင်မှုကို အသိအမှတ်ပြုပေးခဲ့သည့်အတွက် ပြန်လည်လွတ်မြောက်လာခဲ့သည်။** လေတပ်အခြေစိုက်စခန်းတစ်ခုမှတပ်မှူးတစ်ဦးကလည်း အသိအမှတ်ပြုလွှာထုတ်ပေးခဲ့သည်။ လေတပ်အာဏာပိုင်များက မူဟာမက်ဖေယာ့ဇ်၏နေအိမ်ကို နှစ်ကြိမ်လာရောက်ကြည့်ရှုကာ အခြေခံကျသည့်လေယာဉ်ငယ်တစ်စီးအဖြစ် အသိအမှတ်ပြုပေးခဲ့သည်။ လက်ရှိတွင် ၎င်းလေယာဉ်ကို ပြန်လည်ပြုပြင်ရန် ရန်ပုံငွေရှာဖွေလျက်ရှိပြီး လာမည့်လအနည်းငယ်အတွင်း ပျံသန်းနိုင်ရန်မျှော်မှန်းထားသည်ဟု သိရသည်။

(AP,11.5.19) အေးယုနိုင်

## မြို့ငယ်လေးတွင် အိမ်အလုံးပေါင်း ၅၀၀ ကို တစ်လုံးလျှင် ၁ ယူရိုဖြင့် ရောင်းချပေးသွားမည်

အီတလီနိုင်ငံ Sicily ကျွန်းရှိ Mussomeli **မြို့ငယ်လေးတွင် အိမ်အလုံးပေါင်း ၅၀၀ ကို တစ်လုံးလျှင် ၁ ယူရိုဖြင့်ရောင်းချပေးသွားမည်ဖြစ်သည်ဟု** သိရသည်။

**လက်ရှိတွင် အိမ်အလွတ် ၁၀၀ ကို ၁ ယူရိုဖြင့် အွန်လိုင်းပေါ်တွင်ရောင်းချထားပြီး အခြားအိမ်အလုံး ၄၀၀ ကိုလည်းထပ်မံရောင်းချသွားရန်ရှိနေသည်။** အိမ်တချို့မှာ သေးငယ်သော်လည်း အခန်းပေါင်းများစွာပါဝင်ပြီး အီတလီကျေးလက်ဒေသ၏ရှုမျှော်ခင်းများကို မြင်တွေ့နိုင်သည်။ အာဏာပိုင်များက နေအိမ်များကို အဆမတန်သက်သာသည့်ဈေးများဖြင့် ရောင်းချပေးနေသော်လည်း သတ်မှတ်ထားသည့်စည်းမျဉ်းများကိုလည်း လိုက်နာရန်လိုအပ်သေးသည်။ **အိမ်ဝယ်သူသည် သုံးနှစ်အတွင်း နေအိမ်ကိုပြန်မပြင်နိုင်ပါက ဒေါ်လာ ၈၀၀၀ လျော်ကြေးပြန်ပေးရမည်ဖြစ်သည်။ အဆိုပါနေအိမ်များကိုပြန်ပြင်ခြင်းသည် တစ်စတုရန်းပေလျှင် ၁၀၇ ဒေါ်လာကုန်ကျမည်ဖြစ်သည့်အတွက် စုစုပေါင်းကုန်ကျစရိတ်မှာ ဒေါ်လာ ၄၀၀၀ မှဒေါ်လာ ၆၄၅၀ အထိကျသင့်နိုင်သည်။** အိမ်ပြင်ရာတွင် ဒေသခံဗိသုကာပညာရှင်များနှင့်အင်ဂျင်နီယာများက ကူညီရန်ဆိုထားသော်လည်း ဆန္ဒရှိပါက အပြင်ကုမ္ပဏီများကိုလည်း ငှားရမ်းနိုင်သည်။ ပြီးခဲ့သည့်နှစ်အနည်းငယ်အတွင်း **ဒေသခံများသည် ကျေးလက်ဒေသကိုစွန့်ခွာကာ မြို့ကြီးများသို့ပြောင်းရွှေ့သွားခဲ့ကြပြီးနောက် အာဏာပိုင်များက အိမ်အလွတ်များကို အလကားပေးလုနီးပါးဈေးဖြင့်ရောင်းချပေးရန် ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်ဟု**သိရသည်။



(AP,11.5.19) အေးယုနိုင်

## ပန်းနုရောင်နှောင်ကြိုး Wedding Showcase ကျင်းပမည်




PARKROYAL Yangon နှင့် Aroma Zulu Wedding Studio တို့ ပူးပေါင်းကျင်းပမည့် La Vie En Rose ဟု အမည်ပေးထားသော **PARKROYAL Yangon Wedding Showcase 2019** ကို မေလ ၁၉ ၌ အဆိုပါ Hotel တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ယင်း Show ကို နံနက် ၉နာရီမှ ည ၉ နာရီအထိ ကျင်းပသွားမည်ဖြစ်ပြီး **Aroma မှ ဖန်တီးထားသော နောက်ဆုံးပေါ်မင်္ဂလာဝတ်စုံများကို နာမည်ကြီးအနုပညာရှင်များက ဝတ်ဆင်ပြသသွားမည်ဖြစ်ကြောင်း** သိရသည်။ ယင်းအပြင် ပြပွဲ၌လာရောက်စုံစမ်းသော စုံတွဲများအတွက် လက်ဆောင်ပစ္စည်းများ ကံစမ်းမဲအစီအစဉ်များ အပြင် Deposit သွင်းသော ဧည့်သည်တော်များအတွက် ၁၅ ရာခိုင်နှုန်း သက်သာစေမည့် ဈေးနှုန်းများဖြင့်လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းလည်း သိရှိရသည်။

၀၂၅

## မြန်မာ့ပယင်းကို တရုတ်နိုင်ငံက ဈေးနှိမ်ဝယ်ယူမှုများကြောင့် သွားရောက်ရောင်းချသူနည်းလာဟု ဆို



မြန်မာနိုင်ငံကထွက်ရှိသော ပယင်းကို တရုတ်နိုင်ငံသို့တင်ပို့ရောင်းချရာတွင် ဈေးနှိမ်ဝယ်ယူမှုများကြောင့် သွားရောက်ရောင်းချသူနည်းလာကြောင်း ပယင်းရောင်းဝယ်ရေးလုပ်ငန်းများမှသိရသည်။

ပြည်တွင်း ဈေးကွက်ထက် တရုတ်နိုင်ငံသို့ ပယင်းများ တင်ပို့ရောင်းချရာတွင် ဈေးနှုန်းပိုမိုရရှိနိုင်မည်ဟု မျှော်မှန်း ထားသော်လည်း **ဝယ်ယူသူများသည် အစပိုင်းတွင် ဈေးပိုပေးသော်လည်း နောက်ပိုင်းတွင် ဈေးနှိမ်ဝယ်ယူမှုများကြောင့် သွားရောက်ရောင်းချသူနည်းလာခြင်းဖြစ်ကြောင်း** သိရသည်။

"ပြည်ပနိုင်ငံကို သွားရောင်းတယ်ဆိုကတည်းက စရိတ်ကများတယ်။ တရုတ်နိုင်ငံဆိုရင် ကောင်းတာပဲဝယ်တာ။ ဈေးကလည်း နှိမ်တယ်။ တစ်ခါတလေ ရှုံးပြီးပြန်လာရတာတွေရှိတယ်။ အမြတ်မရနိုင်တော့ လုပ်ငန်းရှင်တွေက ပြည်တွင်းမှာပဲ ရောင်းကြတော့တာပါ"ဟု ပယင်းရောင်းဝယ်ရေးလုပ်ငန်းတစ်ခုမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ပယင်းများကို တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချရာတွင် ဆွဲကြိုး၊ လက်ပတ်၊ လက်စွပ်၊ ဆွဲသီးများအပါ အဝင် နဂါးပုံကဲ့သို့ အရုပ်များပြု လုပ်၍ ကုန်ချောအဖြစ် ရောင်းချ ခြင်းများ ရှိသကဲ့သို့ မသွေးရသေးသော ပယင်းအရိုင်းတုံးများကိုလည်း ရောင်းချမှုရှိကြောင်းသိရသည်။

"တရုတ်နိုင်ငံက မြန်မာမှာ အရိုင်းတုံး ဝယ်တယ်။ သူတို့လက်ရာနဲ့ ပေါင်းစပ်လိုက်တော့ တန်ဖိုးအရမ်းကွာသွားတယ်။ အဲ့ဒါကြောင့် **မြန်မာနိုင်ငံမှာ အမှန်တကယ်လိုအပ်နေတာက အနုပညာ ဖန်တီးနိုင်မယ့် ပညာရှင်တွေ လိုအပ်နေတယ်၊ ကုန်ကြမ်းကော အနုပညာဖန်တီးမယ့်ပညာရှင်ရောရှိနေရင် သူ့အလိုလို ဈေးကွက်က ဒီကိုရောက်လာမှာပါ**"ဟု Myanmar Amber မှာ တာဝန်ရှိသူတစ်ဦးကပြောသည်။

မြန်မာနိုင်ငံတွင် **တနိုင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး ရွှီးဒေသတို့မှ ထွက်ရှိသော ပယင်းသည် ဈေးကွက်ဝင် လူကြိုက်များပြီး တိုင်းရင်းသား တချို့အပြင် နိုင်ငံခြားသားများလည်း သွေးလည်ပတ်မှုကောင်းစေရန်နှင့် ကံကောင်းစေရန် ပယင်းကျောက်များကို အဆောင်ကျောက်အဖြစ် အမြတ်တနိုး ဝတ်ဆင်မှုများ ရှိကြောင်း** သိရသည်။

ရှိန်းဝင်းထိုက်

(ဓာတ်ပုံ - Myanmar Amber)










www.free4readers.com



## ကမ္ဘာ့မြန်နှုန်းအမြင့်ဆုံးကျည်ဆံရထားကို ဂျပန်တွင် စမ်းသပ်ပြေးဆွဲ



ကမ္ဘာ့အလျင်မြန်ဆုံးကျည်ဆံရထားတွေနဲ့ နာမည်ထင်ရှားကျော်ကြားတဲ့ ဂျပန်နိုင်ငံမှာ **နောက်ထပ်အလျင်မြန်ဆုံးကျည်ဆံမီးရထားသစ်ကို စမ်းသပ်ပြေးဆွဲခဲ့ပါပြီ။ ဂျပန်နိုင်ငံမှာသာမက ကမ္ဘာပေါ်မှာပါမြန်နှုန်းအမြင့်ဆုံးကျည်ဆံရထားဖြစ်ပြီး တစ်နာရီကို ၄၀၀ ကီလိုမီတာ (၂၄၉ မိုင်နှုန်း)အထိ ခုတ်မောင်းပြေးဆွဲနိုင်တဲ့ မီးရထားလည်း**ဖြစ်ပါတယ်။ ရှင်ကန်ဆန်မီးရထားတွေရဲ့ ALFA-X လို့အမည်ပေးထားတဲ့ ကျည်ဆံရထားဖြစ်ပြီး စမ်းသပ်ခုတ်မောင်းမှုပြုလုပ်နိုင်ခဲ့ပြီလို့ သတင်းတွေမှာ ဖော်ပြထားခဲ့တာဖြစ်ပါတယ်။ ၂၀၃၀ ပြည့်နှစ်မှာ ALFA-X မီးရထားကို ပုံမှန်စတင်ပြေးဆွဲသွားတော့မှာဖြစ်ပြီး **တကယ်တမ်းပြေးဆွဲချိန်မှာတော့ တစ်နာရီကို ၃၆၀ ကီလိုမီတာ (တစ်နာရီကို ၂၂၄ မိုင်နှုန်း)နဲ့သာ ခုတ်မောင်းပြေးဆွဲသွားမယ်လို့သိရပါတယ်။** ဆန်ဒိုင်းနဲ့အိုမိုရိမြို့ကြား မီးရထားလမ်းမှာလည်း ပြေးဆွဲစမ်းသပ်သွားဦးမှာဖြစ်ပြီး ဒီမြို့နှစ်မြို့က ၂၈၀ ကီလိုမီတာ (၁၇၃ မိုင်)သာကွာဝေးတာကြောင့် အဆိုပါစမ်းသပ်ခုတ်မောင်းမှုက ကျိုးငှက်ကလေး ပျံသန်းသွားသလိုမျိုး ခဏတာလေးအတွင်းမှာ ရောက်ရှိသွားမှာဖြစ်ပါတယ်။ ယခင်နှစ်ကလည်း N700S ကျည်ဆံရထားကို စမ်းသပ်ပြေးဆွဲခဲ့ပြီး တစ်နာရီကို ၃၀၀ ကီလိုမီတာ (၁၈၆ မိုင်နှုန်း)နဲ့ ပြေးဆွဲနိုင်စွမ်းရှိတဲ့ ကျည်ဆံရထားဖြစ်ပါတယ်။ အဆိုပါ N700S ကျည်ဆံရထားကိုတော့ ၂၀၂၀ ပြည့်နှစ်မှာ ပုံမှန်ပြေးဆွဲမှုစတင်သွားမယ်လို့သိရပါတယ်။ **(CNN, 11.5.19) သံသာ**

## ဂျပန်နိုင်ငံက တောအုပ်ထဲ အလေ့ကျပေါက်နေသည့် မီးလင်းမှိုများ



ဂျပန်နိုင်ငံ ကာဂိုရှီမာစီရင်စု တက်စုဂိုမြို့အနီးက **တောအုပ်ထဲမှာ အနုမြူလိုမျိုး အစိမ်းရောင်တောက်တောက်နဲ့ မီးတွေလင်းနေတဲ့ ထူးခြားဆန်းပြားတဲ့မှိုပွင့်တွေကို မြင်တွေ့နိုင်မှာဖြစ်ပါတယ်။** အာမာမိအိုရှီမာကျွန်းတစ်ခုလုံးမှာလည်း မီးလင်းမှိုတွေ နေရာအနှံ့အလေ့ကျပေါက်ရောက်နေပြီး မိုးအခါကျလာတာနဲ့ မှော်**နတ်သမီးလေးရဲ့ တောအုပ်လေးလိုမျိုး ထူးခြားဆန်းကြယ်စွာနဲ့ တောက်ပလင်းထိန်နေတဲ့ မှိုပွင့်လေးတွေပြည့်နက်သွားတာပါပဲလို့ ဒေသခံတစ်ဦးက ဆိုပါတယ်။** Mycena lux-coeli လို့ခေါ်တဲ့မှိုဖြစ်ပြီး မှိုပွင့်လေးတွေက ရိုးတံအရှည် ၃ စင်တီမီတာလောက်ရှိပြီး မှိုပွင့်ရဲ့ထီးအကျယ်ကတော့ ၂ စင်တီမီတာလောက်ထိ ရှိတတ်ပါတယ်။ နေ့အခါမှာ အညိုရောင်ဖြစ်နေပေမယ့် ညမှောင်လာတာနဲ့အမျှ အစိမ်းရောင်တောက်ပလာတာဖြစ်ပါတယ်။ **မှိုမှာပါရှိတဲ့ သဘာဝအင်ဇိုင်းတွေရဲ့တုံ့ပြန်မှုကြောင့် ညအခါမှာ အစိမ်းရောင်မီးပွင့်လိုမျိုး တောက်ပလင်းလက်နေကြတာဖြစ်ပြီး** တကယ့်ကို နတ်သမီးပုံပြင်လေးထဲကိုယ်တိုင်ရောက်သွားသလိုမျိုး တစ်တောလုံးလင်းထိန်းတောက်ပနေတဲ့ ထူးခြားတဲ့မှိုလေးတွေပဲဖြစ်ပါတယ်။ **တိုကျိုမြို့ တောင်ပိုင်းက ဟာချီဂျိုဂျီမကျွန်းမှာလည်း** ဒီမှိုတွေက တစ်တောလုံးပျံ့နှံ့ ပေါက်ရောက်နေပြီး ဂျပန်နိုင်ငံရဲ့ထူးခြားတဲ့ သဘာဝမီးလင်းမှိုလေးတွေအဖြစ် လာရောက်လေ့လာသူတွေလည်း အမြဲတစေရှိနေကြပါတယ်။ **(JPN, 11.5.19) သံသာ**

## ကမ္ဘာကျော်အထိမ်းအမှတ်အဆောက်အအုံပုံစံငယ်များ စုဝေးဖန်တီးထားသည့် အထိမ်းအမှတ်ဥယျာဉ်



ဂျပန်နိုင်ငံ တိုချီဂီစီရင်စု နစ်ကိုးမြို့**မှာ ကမ္ဘာကျော်အထိမ်းအမှတ်အဆောက်အအုံတွေ စုဝေးဖန်တီးထားတဲ့ အထိမ်းအမှတ်ဥယျာဉ်ကြီး တည်ရှိပါတယ်။ တိုဘူကမ္ဘာ့ရင်ပြင် (Tobu World Square)** လို့အမည်ပေးထားပြီး ယူနက်စကိုရဲ့ကမ္ဘာ့ယဉ်ကျေးမှုနဲ့အမွေအနှစ်နေရာတွေနဲ့ သမိုင်းဝင်အဆောက်အအုံတွေကိုပါ ပုံစံငယ်အဆောက်အအုံတွေအဖြစ် ဖန်တီးပြသထားတာဖြစ်ပါတယ်။ **၁း၂၅ စကေးနဲ့ ဖန်တီးထားတဲ့ပုံစံငယ်အဆောက်အအုံတွေ ရာနဲ့ချီပြုလုပ်ထားပြီး ၁း၂၅ စကေးနဲ့ပြုလုပ်ထားတဲ့ ပုံစံငယ်လူ ၁၄၀၀၀၀ ကိုလည်း ပုံစံတူအဆောက်အအုံငယ်တွေမှာ ထည့်သွင်းပေးထားတာကြောင့်** တကယ့်အစစ်အလား ထင်မှတ်ရလောက်အောင် အသက်ဝင်သွားစေပါတယ်။ ဒီဥယျာဉ်ကြီးထဲမှာ ကမ္ဘာပေါ်က နာမည်ကျော်အထိမ်းအမှတ်အဆောက်အအုံတွေ၊ နာမည်ကျော်နေရာတွေနဲ့ တထေရာတည်းတူအောင်ဖန်တီးပြသ ထားတာဖြစ်ပြီး **ဘွန်ဆိုင်းပင်ငယ်တွေ ၂၀၀၀၀ ခန့်လည်း ထည့်သွင်းအလှဆင်ထားတယ်**လို့သိရပါတယ်။ တိုဘူကမ္ဘာ့ရင်ပြင်မှာ **အီဂျစ် ကစဖင့်စ်ရုပ်၊ ဂရိပါသီနွန်ကျောင်းတော်၊ တရုတ်မဟာတံတိုင်း၊ ကမ္ဘာ့ကုန်သွယ်ရေး စင်တာ အစရှိတဲ့နာမည်ကျော်နေရာတွေပါရှိပြီး** လည်ပတ်သူတွေဓာတ်ပုံရိုက်ကြတဲ့အခါ တကယ့်အစစ်လားထင်မှတ်ရအောင် လက်ရာမြောက်တဲ့ဖန်တီးမှုတွေဖြစ်ပါတယ်။ **ဒီဥယျာဉ်ကြီးကို ငါးနှစ်ကြာအချိန်ယူဖန်တီးခဲ့ရတယ်**လို့သိရပါတယ်။ **(AP, 11.5.19) သံသာ**

## ပြည်မြန်မာ K pop news ကိုရီးယား အနုပညာသတင်း

ချယ်ရီ



### ထိတ်ထိတ်ကြဲ စင်ကာပူသူဌေးသားနဲ့တွဲနေတဲ့ Miss A အဖွဲ့ဝင်ဟောင်း Jia

စင်ကာပူရေနံသူဌေးကြီးတစ်ယောက်ရဲ့သားနဲ့တွဲနေတယ်ဆိုတဲ့သတင်းကို Miss A အဖွဲ့ဝင်ဟောင်း Jia က အတည်ပြုလိုက်ပါတယ်။ သူတို့နှစ်ယောက်တွဲရိုက်ထားတဲ့ ဆယ်လ်ဖီပုံတွေ အွန်လိုင်းပေါ် ပလူပျံလာအပြီးမှာ သူက အဲဒီလို အတည်ပြုလိုက်တာပါ။

~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~



### ယူကျူမှာ ပရိသတ်တွေ များပြီးရင်း များလာနေတဲ့ BLACKPINK ရဲ့ ချန်နယ်

BLACKPINK ရဲ့ တရားဝင်ယူကျူချန်နယ်ဟာ ပရိသတ်ပေါင်း ၂၅ သန်းတောင်ရှိသွားပါပြီ။ ဒါကြောင့် ယူကျူမှာဆိုရင် သူ့ချန်နယ်ဟာ လူကြိုက်အများဆုံး ကိုရီးယားအဖွဲ့ချန်နယ်ပါ။ ကမ္ဘာ့အဆင့်အနေနဲ့ကြည့်မယ်ဆိုရင်လည်း သူတို့ရှေ့မှာရှိတဲ့ အမျိုးသမီးအဆိုရှင်ဆိုလို့ ငါးယောက်ပဲရှိပါတယ်။ ပရိသတ်အများဆုံး အမျိုးသမီးအဆိုရှင်ကတော့ Ariana Grande ပါ။


Since 1996
ROYAL CLUB
ခုခုပေါင်း သိန်း (၂၀၀) ခံစားခွင့်ရရှိမည့် 100+ ကံစမ်းမဲအပါအဝင်
အောက်ပါဆုမဲများကို ထည့်သွင်းထားပါသည်။
ကံစမ်းမဲနမူနာ
No.0000
500ks
200ks
SPECIAL NEW YEAR GIFT
100+
ROYAL CLUB
TOYOTA
VIOS
ပြေလပြေး
ကံစမ်းမဲအစီအစဉ်မှ
ကား(၅)စီးထွက်ရှိပြီး ကား(၁)စီး
ကျန်ရှိပါသည်
RC အဖုံးတစ်ဖုံးသည် ကားတစ်စီးတန်ဖိုးရှိနိုင်ပါသဖြင့် သေချာစွာစစ်ဆေးကြည့်ရှုကြပါရန်။

ပြည်မြန်မာ အချပ်ပို
Supplement A



ဘာသနာ့ဘောင်သို့ ဝင်ရောက်သွားသည့် မိုးအောင်ရင်

ဓာ-B





သန်လျင်တံတား အမှတ် ၃ (ယာဘက်) ကို
တံတားအမှတ် ၁ နှင့်
ယခုကဲ့သို့ ယှဉ်တွဲတည်ဆောက်မည်

# သန်လျင်တံတား အမှတ် ၃ ကို စတင်တည်ဆောက်

ဓာ-၁၁



လေယာဉ်မှူး ဦးမြတ်မိုးအောင်

Photo - Myat Moe FB



Photo - MNA FB

ဓာ-၇

# လူ ၉၀ သန့်ကို ကယ်တင်ခဲ့သည့် လေယာဉ်မှူးအား ကမ္ဘာကျော် Daily Mail သတင်းဌာနက သူရဲကောင်းအဖြစ် ဖော်ပြ



ဓာတ်ပုံ-ဈေးကြော်ငြာသတင်းဌာန

# တာချီလိတ်မြို့တွင် တွေ့ရှိသော တရုတ်နိုင်ငံသား ၁၈၈ ဦးကို စစ်ဆေးလျက်ရှိ

ဓာ-C

# လုပ်ငန်းရှင်ညီညွတ်ရေး ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်၏ရုပ်တု ထားရှိမည်

ဓာ-၁၁



# ပြည်သူ့အကယ်ဒမီ ပီ နှင့် ဒီ

ဓာ-၁၂




Supplement

D



စာ -၃၁

၂၀၂၄ တွင် Blue Moon ယာဉ်ဖြင့် လပေါ် ဆင်းသက်နိုင်မည်





ကမ္ဘာ့အမြန်ဆုံး ကျည်ဆံရထားကို ဂျပန်တွင် စမ်းသပ်ပြေးဆွဲ



စာ -၂၆

မြောက်ကိုရီးယားနှင့် အမေရိကန်က ဒုံးကျည်များ ပစ်လွှ

ဂျက်မာက
အိမ်ထောင်သည်ဝန်ထမ်းများကို
တစ်ပတ်လျှင် ခြောက်ရက်
အတူနေရန် တိုက်တွန်း

စာ -၃၂



စာ -၂၅

အစ္စရေးစုံတွဲက အမြောက်ဆန်အစအနများကို အလှလည်ဆွဲများအဖြစ် ပြုလုပ်ရောင်းချ



ဒေါ်လာ သန်း ၉၀ အထိ တန်ဖိုးရှိနိုင်သည့် ကမ္ဘာ့အကြီးဆုံးပုလဲ


